# အရှေ့ပိုင်းကရင်

# ခလောက်နို့ပုံပြင်များ

(ဒုတိယတွဲ)

လူထုဦးလှ



Generated by CamScanner from intsig.com

# အရှေ့ပိုင်းကချင်

# ဓလောက်နှင့်

# ပွဲပြင်များ

Generated by CamScanner from intsig.com

စာမူခွင့်ပြုချက်အမှတ် - ၈၆၁/၉၅ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၂/၉၆ (၈)

၁၉၉၆ ခု၊ ဒီဇင်ဘာလ

ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၀၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်းပန်းချီ - ကာတွန်း ဇော်မောင်

ထုတ်ဝေသူ - ဦးအောင်ညွန့်

ထွန်းရင်စာပေ (မြ ၀၆၄၃)

၈၃ လမ်း၊ မန္တလေး။

ပုံနှိပ်သူ - ဒေါ်တင်ဝင်း

ကြီးပွားရေးပုံနှိပ်တိုက် (မြ ၀၃၁၉၆)

၂၂၁၊ ၈၄ လမ်း၊ မန္တလေး။

Generated by CamScanner from intsig.com

# ကျေးဇူးတင်လွှာ

ဒီစာအုပ် ဖြစ်မြောက်အောင် ရှာဖွေစုဆောင်းပေးတဲ့ စာရေးဆရာ မောင်မဲ၊ ကမော့ကစင် ရွာသစ်ကျောင်း ဆရာတော် ဦးစန္ဒန၊ မျက်နှာဖုံးနှင့်အတွင်းပန်းချီ ကာတွန်း ဇော်မောင်နဲ့ ဝိုင်းဝန်းကူညီပေးကြတဲ့ ကျော်ရင်မြင့်၊ စာရေးဆရာ ဆူးငှက်၊ ပန်းချီ စိုးဝင်းငြိမ်း၊ ဦးကျော်ဇံလှ တို့ကို အထူးကျေးဇူးတင်ရှိပါတယ်။

Generated by CamScanner from intsig.com

# မာတိကာ


| | | |
|---|---|---|
| | အမှာ | |
| ၁။ | တူကိုင် ကျွမ်းကျင်သူ | ၁ |
| ၂။ | ဆေးတံသောက်ဆေး | ၅ |
| ၃။ | အကြံမဟုတ်တော့ အလုပ်သာအဖတ်တင် | ၉ |
| ၄။ | လက်ဗွေ့ရေး | ၁၃ |
| ၅။ | မြို့ပြန်လေသံ | ၁၇ |
| ၆။ | အကြီးဆုံးလူ | ၂၁ |
| ၇။ | အင်တာဗျူးပုံပြင် | ၂၇ |
| ၈။ | ဒါတောင် လက်မောင်းရင်းခံနေလို့ | ၃၁ |
| ၉။ | ဗိုဇကိုက | ၃၅ |
| ၁၀။ | တိတိကျကျဆိုလို့ | ၃၉ |
| ၁၁။ | ဝမ်းဘဲကျောင်းသမား ဇော်ဂျီ | ၄၃ |
| ၁၂။ | ရိုးတဲ့ ခလောက်နို့သား | ၄၉ |
| ၁၃။ | မုန့်ဟင်းခါးစားရင် ပွဲလန့်တတ်တယ် | ၅၃ |
| ၁၄။ | အယူသည်းမှုကို ပယ်ပုံ | ၅၇ |
| ၁၅။ | ဝါထပ်ရင် | ၆၁ |
| ၁၆။ | အမိန့်ဆိုတာ | ၆၃ |
| ၁၇။ | ကြိတ်ဆုံပါဆရာ | ၆၅ |


Generated by CamScanner from intsig.com

၁၈။ ယားသောက်
၁၉။ ရဟာန်းတာ
၂၀။ ငယ်ငယ်တုန်းက မျှစ်ပါ
၂၁။ ဦးပန်းမွှေးရဲ့ရေစက်ချ
၂၂။ နှစ်စက္ကန့်ကြာတဲ့ လက်ဖွဲ့ပွဲ
၂၃။ တည့်တည့်သွားတတ်သူ
၂၄။ ငါ့နာမည်က ပန်းမွှေးပါ
၂၅။ သူပုန်လက်မြှောက်ရတဲ့ ခလောက်နို့သား
၂၆။ ဒီမိုကရေစီအတိုင်းလုပ်တော့
၂၇။ သစ္စာဖောက်တဲ့မြွေ
၂၈။ မကျက်အောင်ကြော် ကျက်အောင်ကြော်
၂၉။ ကြောင်ကျကလေး
၃၀။ နှစ်ဘက်ချွန်
၃၁။ အစာဝနေတဲ့ ကျွဲဒုံး
၃၂။ စိတ်မချရသေးတဲ့သမီးပျို
၃၃။ ဖြည်းဖြည်းလုပ်ပါ ဆရာတို့
၃၄။ တိုက်ကြက်ဥ
၃၅။ လူကြီးက အရင်စားရတဲ့ထုံးစံ
၃၆။ ပြိုင်ပွဲဝင်ဒုံးအဖွဲ့
၃၇။ တရားလိုကိုလိုက်ရှာခဲ့ရရဲ့
၃၈။ အဖေ့ပုံတူ
၃၉။ ဒိုင်ညွှဲလို့
၄၀။ လက်နှစ်လုံးအလို
၄၁။ ဆဒ္ဒါးဆဟွီး

Generated by CamScanner from intsig.com

# ထုတ်ဝေသူ့ရဲ့အမှာ

အရှေ့ပိုင်းကရင် ခလောက်နှိပ်ပုံပြင်များ ဒုတိယအုပ်ကို ပထမအုပ် ထွက်အပြီး ၂၆ နှစ်ကြာမှ ထုတ်ဝေနိုင်ပါတယ်။ ဒီစာအုပ်ဟာလည်း ဦးလှ အသက်ရှိ စဉ်အခါတုန်းက စာအုပ်ဖြစ်ဖို့ အားလုံးအပြီးအစီး လုပ်ဆောင်ထားခဲ့တဲ့ စာအုပ်ပါပဲ။ ဒါဖြင့် ဘယ့်နှာကြောင့် ဒါလောက်ကြာမြင့်မှ ရိုက်နှိပ် ထုတ်ဝေရပါသလဲလို့ မေးလာရင် ကျွန်မတို့ ကျန်ရစ်သူတွေမှာ ဦးလှ လမ်းစဉ်ကို ဆက်လျှောက်ဖို့ များပြားလှတဲ့ အခက်အခဲတွေကြောင့်ပါပဲလို့ ပြောရရင် ကျွန်မအပြစ် လွတ်ခရာ ရှိပါတယ်။ နို့ပေမယ့် ကျွန်မအပြစ်တွေလည်း အများကြီး ပါဝင်ပါတယ်။

၁၉၈၂ ခုနှစ်မှာ ဦးလှ သေဆုံးတယ်။ ၁၉၈၄ ခုနှစ်မှာ မီးကြီးလောင်တယ်။ ၁၉၈၇ ခုနှစ်မှာ အလုပ်ပြန်လည် စတင်လည်ပတ်တယ်။ အဲဒီနောက် ဦးလှ ယုံယုံကြည်ကြည်နဲ့လုပ်ခဲ့တဲ့ အလုပ်တွေကို ဆက်ပြီးလုပ်ကိုင်ဖို့ ကျွန်မမှာ အခက်အခဲတွေ အများကြီး ရင်ဆိုင်ရပါတယ်။

ဦးလှက တိုင်းရင်းသားပုံပြင်တွေကို နှစ်ပေါင်း ၂၀ ကျော် ရှာဖွေစုစည်း ရိုက်နှိပ်သွားခဲ့ရာမှာ သူ့မှာ ခိုင်မြဲတဲ့ ယုံကြည်ချက် ရှိပါတယ်။ ကျွန်မတို့ “တိုင်းရင်းသားအချင်းချင်း သိနားလည်မှုရှိမှ ချစ်ကြည်မှု ခိုင်မြဲတယ်” ဆိုတာ ဦးလှရဲ့ ယုံကြည်ချက်ပါ။ အဲဒီ သိနားလည်မှု ရှိကြရေးအတွက် “ကလေးလူငယ် ဘဝကစပြီး တည်ဆောက်ပေးရမယ်” လို့လည်း ဦးလှက ယုံကြည်ပါတယ်။ ဒါကြောင့် ကလေးတွေရော လူကြီးတွေပါဖတ်ကြဖို့ တိုင်းရင်းသား ပုံပြင်စာအုပ်တွေ ဖြစ်ပေါ်လာအောင် လုံးပန်းသွားတာပါ။

ကရင်အမျိုးသားတွေနဲ့ ပတ်သက်လို့ ဦးလှဟာ ကရင်ပုံပြင်များ ၇ အုပ်တိတိ ထုတ်ဝေခဲ့ပြီးပါပြီ။ အခုထုတ်ဝေမယ့် အရှေ့ပိုင်းကရင် ခလောက်နှိပ်ပုံပြင် ဒုတိယတွဲပါနဲ့ဆိုရင် ၈ အုပ် ရှိတော့မှာပါ။

Generated by CamScanner from intsig.com

ဒီကရင်ပုံပြင်တွေ ရှာဖွေစုဆောင်းတဲ့အခါ စာရေးဆရာ မောင်မဲအမည်ခံ ဦးတင်ဟိန်းနဲ့အတူ အဘက်ဘက်က ကူညီခဲ့ရှာတဲ့ ဘားအံက ကမော့ကစင်ရွာသစ်ကျောင်းဆရာတော် ဦးစန္ဒန ကတော့ မနစ်ကပဲ ပျံလွန်တော်မူရှာပါတယ်။

ကရင်ပြည်နယ်ရဲ့ သင်္ကေတ ဖွဲကပင်တောင်ကြီး အလယ်မှာထားပြီး တောင်ကြီးရဲ့ အနောက်ဘက်မှာရှိတဲ့ ကရင်ရွာတွေကို ဒုံရင်းနယ်လို့ ခေါ်ကြပြီး ဖွဲကပင်ရဲ့ အရှေ့ဘက်မှာရှိကြတဲ့ ကရင် ၁၇ ရွာကိုတော့ ခလောက်နီ့လို့ ခေါ်ကြပါတယ်။

ခလောက်နီ့သား ကရင်တွေဟာ စကားတတ်တယ်၊ ဟာသရှိတယ်၊ စာပေနဲ့ ရိုးရာယဉ်ကျေးမှုကို လိုက်စားကြတယ် စသဖြင့် တခြားဒေသ ကရင်တွေထက် ထူးခြားတဲ့ အရည်အသွေးရှိပြီး ခလောက်နီ့သားများရဲ့ ပြောစမှတ်တွေကလည်း ကရင်လူမျိုးတွေကြားမှာ အများကြီးရှိတာမို့ ခလောက်နီ့ ပုံပြင်များဟာ တစ်အုပ်ထွက်လို့မပြီး နှစ်အုပ်ထွက်လို့မပြီး ရှိတာလို့ ပြောရင် ရပါတယ်။

အရှေ့ပိုင်းကရင် ခလောက်နီ့သားတွေရဲ့ ပုံပြင် ဒုတိယတွဲကို ထုတ်ဝေလိုက်ခြင်းအားဖြင့် ကရင်မြန်မာ သိနားလည်ရေး ချစ်ကြည်ရေး ခိုင်မြဲပြီး အခွန့်ရှည်လို့ တည်တံ့ပါစေလို့ ဆန္ဒပြုပါတယ်။ ဦးလှ လျှောက်လှမ်းသွားတဲ့ စာပေလမ်းကြောင်းမှာ ကျွန်မ ကျန်းမာစွာ ရှိသေးလို့လည်း ဦးလှရဲ့ စာပေကျေးဇူးတွေကို အမှတ်တရ ကျေးဇူးတင်လျက် ဆက်လက် လျှောက်လှမ်းနိုင်တဲ့အတွက် အသက်ရှည်ကျန်းမာနေသေးတာကိုလည်း ဝမ်းမြောက်ရပါတယ်။

ကျန်ရှိသေးတဲ့ ဦးလှ စုဆောင်းသွားတဲ့ တိုင်းရင်းသားပုံပြင်တွေကိုလည်း ဆက်လက်ထုတ်ဝေဖို့ အားခဲလျက်ရှိပါတယ်။

အားလုံးကို ကျေးဇူးတင်လျက် –

လူထုဒေါ်အမာ

Generated by CamScanner from intsig.com

# တုကိုင်ကျွမ်းကျင်သူ

ရှေးရှေးခေတ်က မြန်မာပြည်ကို ရောက်နေကြတဲ့ တရုတ်ကြီးတွေဟာ သူတို့ကိုယ်ကို တိုင်းကြီး ပြည်ကြီးသားဆိုပြီး စကားပြောကြရာမှာဖြစ်ဖြစ်၊ ငြင်းခုံကြရာမှာဖြစ်ဖြစ် လေထွားထွားနဲ့ ခပ်ကြွားကြွားပြောတတ်ကြပါတယ်။

တစ်နေ့မှာ ဘားအံမြို့ ဝက်သတ်လိုင်စင်စိ ရထားတဲ့ ဦးချင်လျန်းလို့ ခေါ်တဲ့ တရုတ်ကြီးက သူ့ဝက်ဖောက်သည် ခလောက်နို့ ကော့လယားရွာသား ကြာထူးကို တရုတ်အမျိုးသားတွေ တုကိုင်ကျွမ်းကျင်ပုံအကြောင်း ဝက်လာဝယ်ရင်း ပြောပြတယ်။

ဖမ်းမိရောတဲ့။ ဒီလူက သူဖမ်းမိတဲ့ ကျည်ဆံရဲ့ထိပ်ဖူးကို ညှပ်ထားတဲ့တုနဲ့ ထောင်ကြည့်ပြီး "ဟ - ပြေးကြ - ပြေးကြ၊ ၁၂ သုံး သုည သုံး ကျည်ဆံ မြန်မာ့တပ်မတော်ရဲ့ ကျည်ဆံ" လို့ အော်လိုက်တာနဲ့ တရုတ်ဖြူ စစ်ပြေးအားလုံး လည်း စားလက်စ ထမင်းကိုချထားပြီး အသက်ဘေးကလွတ်အောင် ပြေးကြရ သတဲ့။ တုကိုင်ပညာဟာ ကမ္ဘာမှာ တရုတ်ကစတင်လာပေမယ့် ကျုပ်တို့ ခလောက်နှိုနယ်သားတစ်ယောက်ကတော့ ဒီပညာကို ပြည်ကြီးမှာ သွားမသင်ရဘဲနဲ့ အဲဒီလောက် ထူးထူးချွန်ချွန် တတ်ခဲ့ဖူးပါတယ်" လို့ ပြန်ပြောလိုက်ရောတဲ့။

အဲဒီလိုပြောလိုက်တော့ ဦးချင်လျှန်းက မဲ့ပြုံးကလေး ပြုံးရုံသာ ပြုံးနိုင် တော့သတဲ့။

မှတ်ချက် - သုံးသုညသုံး = ၃၀၃ ကျည်ဆံဆိုတာ ရိုင်ဖယ်ကျည်ဆံ ဖြစ်ပါတယ်။

Generated by CamScanner from intsig.com

# ဆေးတံသောက်ဆေး

တစ်နေ့မှာ ခလောက်နို့တိုက်နယ် ကော့ကလာရွာသားတစ်ယောက်နဲ့ ကော့ခါးဒီးရွာသားတစ်ယောက်ဟာ နိုင်းကြာရွာ ရွာပြင်ဇရပ်မှာ ဆုံမိကြပြီး စကားစပ်မိတာနဲ့ သူတို့ရဲ့ ဆေးကိုင်းအကြောင်းကို ပြောနေကြတယ်။

ခလောက်နို့နယ်ဘက်က ရွာတွေမှာ ရွာအဝင် ရွာထိပ်၊ ဒါမှမဟုတ် ရွာဘေးမှာ ပေတစ်ရာလောက်မြင့်တဲ့ သစ်သားတံခွန်တိုင်ကြီး၊ တံခွန်တိုင်ဘေးက ရေတွင်း၊ ရေတွင်းနားမှာ ဇရပ်တစ်ဆောင်တော့ အများကပြစ်ပြစ်၊ တစ်ဦးတည်းကပြစ်ပြစ် ဆောက်လုပ် လှူဒါန်းထားလေ့ ရှိပါတယ်။ ခရီးသွားတွေနဲ့ နွားကျောင်းသမားတွေ နားနေဖို့ ဖြစ်ပါတယ်။

Generated by CamScanner from intsig.com

ဒီတော့ ဆေးကိုင်းရှင်နှစ်ဦးဖြစ်တဲ့ ကျောကလာဘွာသားနဲ့ ကျောခါးဒီး ဘွာသားက သူတို့ခါးပိုက်ထဲမှာ အပြီးဆောင်ထားတဲ့ ဆေးတံသောက်ဆေး တစ်ဆုပ် တစ်နှိုက်ပြီး အဘိုးအိုကို ပေးလိုက်ကြတယ်။

ဆေးတံသောက်ဆေး နှစ်ဆုပ်ရတော့ "ဆေး - ဆေးစမ်းတယ်ဆိုတာ အိမ်မှာ ဆေးဆေးဆေးဆေး ပြန်စမ်းမှကောင်းတာ" လို့ အဘိုးအိုက ပြောပြီး စရပ်ပေါ်က ဆင်းသွားတယ်လေ။

## အကြံမဟုတ်တော့ အလုပ်သာအပတ်တင်

တစ်ခါက ရွာထဲမှာ သူငယ်ချင်းလေးယောက် ဆုံမိကြတော့ ညမှာ ဘုန်းထမင်း ချက်စားကြရအောင်လို့ တိုင်ပင်ကြတယ်၊ နှစ်ယောက်က ဘုန်းသီးရှာရမယ်၊ နှစ်ယောက်က ကြက်ရှာရမယ်လို့ တာဝန်ပါ ခွဲလိုက်ကြတယ်။ အဲဒီလို တာဝန်ခွဲကြပြီး ရွာပြင်ကစရပ်မှာ ဆုံကြဖို့လည်း အချိန်းအချက် လုပ်ထားလိုက်ကြတယ်။

နည်းနည်းမှောင်လာတော့ လူစုခွဲပြီး နှစ်ယောက်က အုန်းသီးရှာဖို့ ထွက်သွားတယ်။ သူတို့နှစ်ယောက်ဟာ ရွာထဲမှာ ဟိုလျှောက်ဒီလျှောက်နဲ့ လူရိပ်လူခြေကြည့်ပြီး အချိန်ကုန်အောင်နေကြတယ်။ နည်းနည်း ညဉ့်နက်လို့ လူသံသူသံတွေ တိတ်ကုန်တော့မှ အိမ်တစ်အိမ်ရဲ့ ခြံစည်းရိုးမှာ လွင့်နေအောင်မြင့်တဲ့ အုန်းပင်ပေါ်ကို တစ်ယောက်က တက်တယ်၊ တစ်ယောက်က အောက်ကစောင့်တယ်။

အုန်းပင်တက်တဲ့လူဟာ အဖျားရောက်တော့ တစ်ပင်လုံးမှာမှ အုန်းသီး ၅ လုံး တစ်ခိုင်တည်းရှိနေတာကို တွေ့တယ်။ လက်နဲ့ အုန်းသီးကို ခေါက်စမ်းကြည့်လိုက်တော့ အသံက အုန်းခြောက်အသံ။ ပိုသေချာအောင် အုန်းသီးကို အသာလှုပ်ကြည့်တယ်။ မ ပြီး ဆကြည့်တယ်။ အရွယ်က နည်းနည်းသေးသလိုရှိတော့ အပင်အိုဖြစ်လို့ အသီးညပ်တာပဲလို့ သူကထင်တယ်။ အုန်းသီးခြောက်ဖြစ်တာကတော့ သေချာပြီပေါ့။ ဒါနဲ့ ရှိသမျှ အုန်းသီး ၅ လုံးကို တစ်လုံးစီလိမ်ဖြုတ်ကာ ပါသွားတဲ့လုံချည်ကွင်းထဲ ထည့်သိုင်းပြီး ဆင်းလာတယ်။

အောက်ရောက်တော့ နှစ်ယောက်သား ဝမ်းသာအားရနဲ့ သူတို့ပြန်ဆုံဖို့ ချိန်းထားတဲ့ ဇရပ်ကိုသွားကြတယ်။ ကြက်ရှာထွက်တဲ့ လူနှစ်ယောက်ကတော့ ရောက်မလာသေးဘူး။

ကြက်ရှာတဲ့ လူနှစ်ယောက်ဟာလည်း ရွာထဲမှာ ဟိုလျှောက် ဒီလျှောက်နဲ့ အချိန်ကုန်အောင်လုပ်ပြီး လူတွေအိပ်ကုန်တော့မှ သူတို့ နေ့လယ်ကတွေ့ထားတဲ့ ကြက်မကြီး ဝပ်နေတာရှိတဲ့အိမ်ကို သွားကြတယ်။ ကြက်မကြီးရော ဥတွေနဲ့ ကြက်တင်းပါ တစ်ခါတည်း သယ်ကြမယ်ပေါ့။ ကြက်မကြီးအပြင် ဥတွေပါ ပါဦးမှာမို့လည်း ဝမ်းသာနေကြတယ်။ ဝပ်နေတဲ့ ကြက်မကြီးရဲ့တင်းဟာ အိမ်အောက်က ထင်းပုံပေါ်မှာ ရှိတာကိုလည်း သူတို့ကအတပ်သိထားတယ်။

ဒါပေမယ့် အဲဒီညနေမှာ အိမ်ရှင်က သူ့ကြက်မကြီး ဝပ်နေတဲ့ကြက်တင်းကို အိမ်အောက်မှာ ဒီအတိုင်းထားရင်တော့ ကြောင်တို့ မြွေပါတို့ရဲ့ အန္တရာယ်ကရှိတယ်။ ဒါကြောင့် အိမ်ပေါ်ပြောင်းထားမှလို့ သတိရပြီး ဒီညမှာပဲ ကြက်မကြီးနဲ့

Generated by CamScanner from intsig.com

ဥတွေကို မီးဖိုချောင်က ကြက်တင်းတစ်ခုထဲ ပြောင်းရွှေ့ထားလိုက်တယ်။ အိမ်အောက်ထင်းပုံပေါ်က ကြက်တင်းလုပ်ထားတဲ့ တောင်းစုတ်ကြီးကိုတော့ ဒီအတိုင်းပဲ ပစ်ထားလိုက်တယ်။ ခုလို ပစ်ထားတဲ့ ကြက်တင်း တောင်းထဲကို အိမ်ရှင်ရဲ့ ခွေးမကြီးဟာ ကြုံကြုံဖန်ဖန် ဝင်ပြီး အိပ်နေတယ်။

ကြက်ရှာတဲ့ လူနှစ်ယောက်ဟာ သူတို့တွေ့ထားတဲ့ ကြက်တင်းနား ရောက်တော့ ကြက်မကြီး လန့်ပြီး မအော်နိုင်အောင် တစ်ယောက်က အသာလေး ကြက်တင်းကိုပင့်တယ်၊ ပင့်လို့ကောင်းကောင်းမနိုင်ဘူး။ လေးအားကြီးနေတာနဲ့ မတော်တဆ လွတ်ကျရင် ခက်မယ်လို့တွက်ပြီး ကြက်တင်းကို အသာ ပြန်ချထားလိုက်တယ်။ ပြီးတော့ သူ့အဖော်ကို လက်တို့ခေါ်ပြီး နှစ်ယောက်သား ကြက်တင်းကို မလှုပ်အောင် မ ပြီးထုတ်လာကြတယ်။ သူတို့စိတ်ထဲကတော့ ကြက်မကြီးဟာ ဆူအား ဝအားကြီးလို့ ဒီလိုလေးနေတာပဲလို့ အောက်မေ့ကြတယ်။ ဒီလိုနဲ့ ကြက်တင်းကို မလှုပ်မရှားအောင် နှစ်ယောက်သား အသာ မ ပြီး ဇရပ်ကို ယူလာကြတယ်။

ဇရပ်ပေါ်ရောက်တော့ ကြက်တင်းကို ဖြည်းဖြည်းကလေး ချပြီး တစ်ယောက်က ကြက်မကြီးရဲ့ လည်ပင်းကိုဖမ်းဖို့ လက်နဲ့အသာစမ်းပြီး နှိုက်လိုက်တဲ့အခါ ခွေးမကြီးကို ကိုင်မိတာနဲ့ ခွေးမကြီးကလည်း လန့်ပြီး ခုန်ထွက်ကာ တစ်ခါတည်း စွတ်ပြေးရော၊ ဒီတော့မှ သူတို့ကပင်တပန်း သယ်ခဲ့ရတာ ခွေးမကြီးဖြစ်မှန်း သိပြီး စိတ်မောလူမော ဖြစ်သွားကြတယ်။

ဒါနဲ့ သူတို့အလျင် ရောက်နေတဲ့ အုန်းသီးရထားတဲ့ လူတွေကို "တို့ ကြက်မကြီးကတော့ ခွေးဖြစ်သွားပြီ၊ မင်းတို့အုန်းသီးကိုပဲ ဒီအတိုင်း ခွဲစားကြရအောင်" လို့ ကြက်ရှာသမားတစ်ယောက်က ဆိုလိုက်တယ်။

ဒီလိုပြောလိုက်တော့ အုန်းသီးတက်လာကြတဲ့ လူနှစ်ယောက်က သူတို့ရဲ့ အုန်းသီးတွေကို သေသေချာချာ ကြည့်ကြတဲ့အခါ သူတို့ သက်စွန့်ဆံဖျား တက်ခိုးခဲ့ရတဲ့ အုန်းသီးတွေဟာလည်း အားလုံး လသားချည့် ဖြစ်နေတာကို တွေ့ကြရသတဲ့။

အဲဒီလူတွေဟာ အကြံမဟုတ်တော့ အလုပ်သာ အဖတ်တင်တယ်၊ ဘာအကျိုးမှ မရှိဘူး ဆိုတာကို မှတ်သားထားရမယ်လို့ ခလောက်နို့က လူကြီးသူမတွေက ကလေးမြေးယ်တွေကို လိမ်မာရေးခြားရှိအောင် ဒိပုံပြင်မျိုးနဲ့လည်း ဆုံးမ သွန်သင်ကြပါတယ်။

Generated by CamScanner from intsig.com

# လက်ဆေ့ရေး

တစ်ခါက မလောက်နို့နယ် လုကဒါရွာသား လူမပ်ရွှတ်ရွှတ် သိန်းကျော် ဆိုတဲ့လူဟာ ဒုရင်းနယ် တော်ပုံရွာမှာ ကျွဲအငှား သွားကျောင်းတယ်။ ဒီလူဟာ ဆင်ခြေဆင်လက်လည်း များတယ်။ အရက်လည်း အင်မတန်ကြိုက်တယ်။

Generated by CamScanner from intsig.com

ဒီအချိန်မှာ တော်ပုံရွာကို အုပ်ချုပ်နေတဲ့ သူကြီးက "ဒူးခိုးဟွီး" လို့ ခေါ်ကြတဲ့ "ဦးခေါင်းကြီး" ဆိုတဲ့လူ ဖြစ်တယ်။ ဦးခေါင်းကြီးမှာလည်း ကျွဲတစ်အုပ် ရှိတယ်။ သူကြီးကလည်း အရက်ကြိုက်တတ်တယ်။ သူတို့နှစ်ယောက်ဟာ မကြာခင်ပဲ အရက်ဝိုင်းမှာ ဆုံမိကြပြီး ခင်ခင်မင်မင် ဖြစ်သွားကြတယ်။ ဒီလိုခင်မင်လို့ သူကြီးအိမ်ကို သိန်းကျော် ဝင်ထွက်နေတော့ သူကြီးမှာ အရက်ဝယ်ခိုင်းဖို့ လူတစ်ယောက်ရသလို ဖြစ်လာတယ်။ သိန်းကျော်ကလည်း အရက်ဖိုး မကုန်ဘဲ အရက်သောက်နေရတဲ့ အပြစ်မျိုး ရောက်လာတယ်။

ညနေတိုင်း ညနေတိုင်း ကျွဲတွေ ခြံသွင်းပြီးရင် သိန်းကျော် သူကြီးအိမ်ကို ရောက်လာလေ့ ရှိတယ်။ ဒီအခါ စောင့်နေတဲ့ သူကြီးက သိန်းကျော်ကို အရက်ဝယ်ခိုင်းပြီး နှစ်ယောက်သား အိမ်ရှေ့ကပြင်မှာ သောက်ကြတယ်။ သောက်ကြတဲ့အခါ သိန်းကျော်က အင်မတန်စကားများတဲ့လူ။ သူတစ်ယောက်ထဲ ဗွတ်မိဗွတ်ရာတွေ လျှောက်ပြောတယ်။ သူကြီးကလည်း အင်း – အင်း – နဲ့ နားထောင်သမားဖြစ်တာနဲ့ ဘက်ညီနေတယ်။

သူကြီးက သိန်းကျော်နဲ့ပေါင်းပြီး ခုလိုလုပ်နေတာကို သူကြီးကတော်က နည်းနည်းမှ မကြိုက်ဘူး။ သောက်ချင်ရင် ကိုယ့်ဟာကိုယ် တစ်ယောက်ယောက် အဝယ်ခိုင်းပြီး အိမ်ထဲမှာ တစ်ယောက်တည်းသောက်ဖို့ ပြောပေမယ့် မရဘူး။ သိန်းကျော်နဲ့ သောက်ရမှ ပျော်တယ်။

ခုလိုဖြစ်နေတော့ သူကြီးကတော်က သိန်းကျော်ဟာ သူ့ယောကျ်ားကို ဖျက်ဆီးနေတယ်လို့ မြင်တယ်။ တိုက်ရိုက် မပြောနိုင်လို့သာ အသာနေရတယ်။ သိန်းကျော်ကို နည်းနည်းမှ ကြည့်လို့မရဘူး။ သိန်းကျော်ရဲ့ အသံကိုလည်း မကြားချင်ဘူး။

သူကြီးကတော် ဖြစ်နေပုံကို လူပါး သိန်းကျော်က သိတယ်။ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလို သိန်းကျော်ကလည်း သူကြီးကတော်ကို ကြည့်လို့မရဘူး။ ယောကျ်ားတွေအလုပ်မှာ ဝင်ရှုပ်တဲ့မိန်းမ။ အလကား မိန်းမကြီးလို့ အောက်မေ့နေတယ်။

တစ်ညနေတော့ သိန်းကျော်နဲ့ သူကြီးဟာ အိမ်ရှေ့က ဖွဲကြမ်းပုံကြီးဘေးမှာ အရိပ်ကလည်း ကောင်းတာနဲ့ ထိုင်ပြီး အရက်သောက်နေကြတယ်။ ဒီအချိန်မှာ သူကြီးကတော်က ဝယ်စရာ ခြမ်းစရာလေးတွေဝယ်ဖို့ ဆွဲခြင်းဆွဲပြီး သူတို့ဘေးက

Generated by CamScanner from intsig.com

လမ်းအတိုင်း အပြင်ကိုထွက်ဖို့အသွား သူတို့သောက်နေတဲ့ အနားရောက်တော့ မျက်စောင်းထိုးပြီး ကြည့်သွားတယ်။ ဒါကို သိန်းကျော်ကမြင်တော့ မခံချင်ဘူး။

နေဝင်ခါနီးမှာ သူကြီးကတော်ဟာ ပစ္စည်းတွေဝယ်ပြီး ပြန်လာတယ်။ သူကြီးကတော်ကို လှမ်းမြင်လိုက်တာနဲ့ သူ့ကို မျက်စောင်းထိုး ကြည့်သွားတဲ့ သူကြီးကတော်ကို အကြောင်းပြလိုက်မယ်လို့ ကြံထားတဲ့ သိန်းကျော်က သူကြီးကို လက်ဝှေ့သမားတွေနဲ့ပတ်သက်ပြီး စကား စပြောတယ်။ ပြောရာက ဘယ်လက်ဝှေ့သမားရဲ့ လက်ဝှေ့ရေးပြပုံက ဘယ်လို၊ ဘယ်သူပြတာက ဘယ်နှယ်နဲ့ ထပြီး ဖွဲပုံနားမှာ သူကြားဖူးတဲ့ လက်ဝှေ့ကျော်တွေ လက်ဝှေ့ရေးပြပုံကိုပါ ဟန်နဲ့ပန်နဲ့ လုပ်ပြတယ်။

အဲဒီလို သိန်းကျော်က လက်ဝှေ့ရေးပြနေတုန်း သူကြီးကတော် အနားက ဖြတ်အသွားမှာ "ဒါက ကျားမင်းရဲ့ ဟန်ဗျ" လို့ ပြောပြောဆိုဆို လက်ခမောင်း ဖြောင်းကနဲခတ်လိုက်ကာ ခုန်လိုက်ပြီး ခြေများနဲ့ ဖွဲတွေကို သူကြီးကတော်ရှိရာ ခတ်ထည့်လိုက်တယ်။ သူခတ်လိုက်တဲ့ ဖွဲတွေဟာ သူကြီးကတော်ရဲ့ တစ်ကိုယ်လုံးကို နေရာလပ်မရှိအောင် ထိကုန်တယ်။

ဒီတင် သူကြီးကတော်က စိတ်ဆိုးလွန်းလို့ ဆွဲခြင်းကို အိမ်ပေါ် ထိုးတင်လိုက်ပြီး ကော်မတီလူကြီးတွေဆီသွားကာ သိန်းကျော်က သူ့ကိုစော်ကားပုံ၊ ဖွဲတွေကို ခြေနဲ့ခတ်ပြီး သူ့ကို ပက်ပုံတွေ တိုင်တယ်။

ကော်မတီတွေကလည်း သူကြီးကတော်တိုင်တာဖြစ်လို့ ကမန်းကတန်း သိန်းကျော်ရှိနေတဲ့ သူကြီးအိမ်ကို လိုက်လာကြတယ်။ သူကြီးအိမ်ရောက်တော့ သူကြီးနဲ့ သိန်းကျော် အတူတူ အရက်ထိုင်သောက်နေတာကို တွေ့ကြတယ်။

ဒါနဲ့ ကော်မတီတွေက လာမိတဲ့အတူတူ ဝင်ဦးမှ ကောင်းမယ်လို့ အောက်မေ့ပြီး အရက်ဝိုင်းမှာပဲ ဝင်ထိုင်လိုက်ကြတယ်။ ပြီးတော့ မပြောရင် မကောင်းတတ်တာနဲ့ ကော်မတီတစ်ယောက်က သိန်းကျော်ကို "မင်းနှယ်ကွာ သူကြီးကတော်ကို ဖွဲပုံက ဖွဲနဲ့ ပက်တယ်ဆိုတာ ဘယ်ကောင်းမှာလဲ" လို့ သူကြီးရဲ့မျက်နှာကို တစ်ချက်စောင်းကြည့်ပြီး ပြောလိုက်တယ်။

ဒီတင် ဒီမိန်းမဟာ သူကြီးကတော်ရဲ့ မီးပဲလို့ သိန်းကျော်က ချက်ချင်းသိတာနဲ့ "ကျုပ် သူကြီးကို လက်ဝှေ့ရေး ပြနေတာပဲ၊ လက်ဝှေ့ရေး ပြတယ်ဆိုတာ လက်ခမောင်းခတ်ပြီး တုံးလုံးလှဲအိပ်နေလို့ မရဘူးဗျ" လို့ ပြန်ပြောလိုက်တယ်။

Generated by CamScanner from intsig.com

သိန်းကျော်ပြောတာကို သူကြီးက ပြုံးပြီးနားထောင်နေတော့ ကော်မတီတွေဟာ နောက်ထပ် ဒီအကြောင်းကို ဘယ်သူမှ မဟတော့ဘဲ စကာထိုင်နေကြပြီး လုပ်စရာ ကိုင်စရာ ရှိသေးတယ်လို့ပြောကာ တစ်ဦးပြီးတစ်ဦး ပြန်သွားကြတော့တယ်။

## မြို့ပြန်လေသံ

ဤလောက်နို့တိုက်နယ်မှာ ဆင်းရဲသူ များပါတယ်။ စီးပွားရေးပုံစံက တစ်အိမ်ထောင် တစ်မိုး တစ်ဓွေ ဝမ်းစာလောက်ရုံ တောင်ယာကလေး၊ လယ်ကွက်ကလေး၊ ဥယျာဉ်ခြံကလေးလောက်သာ သမားရိုးကျ လုပ်ကိုင်စားသောက်ကြတော့ အပြင်ကို စီးပွားဖြစ်ရောင်းချဖို့ ထွက်ကုန်ဆိုလို့ ပိုပိုလျှံလျှံ ဘာမှမရှိဘူး။ တစ်ချို့ ဝမ်းစာ မလုံလောက်သူများတောင် ရှိပါတယ်။

ခုလို ကျပ်တည်းကျဉ်းမြောင်းကြတော့ တချို့ဆိုရင် အရွယ်ကလေး ရလာတဲ့ သားသမီးတွေကို မြို့က အရာရှိ အရာခံတွေ၊ လူရတတ်တွေဆီ အိမ်ဖော်အဖြစ် လွှတ်ထားကြရတာ ရှိပါတယ်။

အိမ်ဖော်အဖြစ်နဲ့ ထားရတယ်ဆိုရင်ပဲ မိဘတွေမှာ ငွေရတာ မရတာထက် သူတို့ သားသမီးအဖို့ အနည်းဆုံး ဝဝလင်လင် စားရ သောက်ရမယ်၊ လုံလုံ လဲလဲ ဝတ်ဆင်ရမယ်၊ နေပူစပ်ခါးမှာ ပင်ပင်ပန်းပန်း အလုပ်မလုပ်ရပဲ အမိုးအကာ အောက်မှာ သက်သက်သာသာ နေရမယ်၊ ဒါဆိုရင် သူတို့အဖို့ တာဝန် အများကြီးပေါ့ပြီး ကလေးအတွက်လည်း ကောင်းတယ်။ နောင် မြို့ကြီး ပြကြီးသားနဲ့ အကြောင်းပါရင်လည်း တောမှာထက်တော့ သားသမီးများ ချောင်ချောင်လည်လည် ဖြစ်နိုင်ရဲ့လို့တွက်ပြီး အဆက်ရှာကာ သမီးပျိုကလေးတွေကို မြို့ပို့ထားတာ မျိုးလည်း ရှိပါတယ်။

ဒီလို စီးပွားရေးအခြေအနေမှာ ကျပ်တည်းလွန်းလို့ သမီးပျိုကလေး တစ်ယောက်ကို ဘားအံမြို့ပေါ်က အရာရှိကြီးတစ်ယောက်အိမ်မှာ အိမ်ဖော်အဖြစ် အပ်ထားရတဲ့ ခလောက်နိ့ နိုင်းကြာရွာက အိမ်ထောင်တစ်အိမ်ထောင် ရှိပါတယ်။

ဘားအံမြို့ပေါ်ရောက်နေတဲ့ အိမ်ဖော်မကလေးဟာ၊ သူနေရတဲ့ အရာရှိ အိမ်က မီးဖိုနဲ့ စပ်ဆိုင်တဲ့ အလုပ်အားလုံးကို ဒိုင်ခံလုပ်ရတယ်။ လူဂုဏ်တန် အိမ်ကြီးတစ်အိမ်ရဲ့ ချက်မှု ပြုတ်မှု၊ လျှော်မှု ဖွပ်မှု၊ ထမင်းစားပွဲပြင်ဆင်မှုကအစ အင်္ကျီမီးပူတိုက်ရတဲ့အလုပ်အထိ ဘာမှ နားမလည်ခဲ့ပေမယ့်၊ မင်းကတော်က အစီအမံကောင်းတာကြောင့် ၁ လ – ၂ လ အတွင်းမှာပဲ၊ ဟင်းအမျိုးမျိုးချက်ပုံ ကလွဲရင် အားလုံး လုပ်တတ်ကိုင်တတ်လာတယ်။

တစ်အိမ်လုံးကပဲ ခြေပေါ့ လက်ပေါ့ ရှိလှတဲ့ ကလေးမကို အလိုလိုက်ထား ကြပါတယ်။ ဒါပေမယ့် လစာကျတော့ တစ်လ ၁၅ ပဲပေးတယ်။ စားသောက်ရာမှာ တစ်အိမ်လုံးစားသောက်ပြီးလို့ နောက်ဆုံးမှ မီးဖိုထဲမှာ ပန်းကန်တွေဆေးရင်း ကြောရင်း စားရပေမယ့်၊ ကလေးမက ကျေနပ်ပါတယ်။ သူတို့အိမ်မှာဆိုရင် ဒီလို စားဖွယ်သောက်ဖွယ်မျိုး မြင်ဖူးဖို့တောင် အခက်သားကိုး။

တစ်နှစ်လောက်ကြာအောင် နေမိတော့ မိဘကို လွမ်းလာတယ်။ ဒါနဲ့ ကလေးမက အမေ့အိမ်ကို ၄ – ၅ ရက်လောက် ခဏပြန်ပါရစေလို့ မင်းကတော် ဆီ ခွင့်တောင်းတယ်။ မင်းကတော်ကလည်း ကြည်ကြည်ဖြူဖြူ၊ ခွင့်ပြုတဲ့အပြင်

Generated by CamScanner from intsig.com

ကလေးမကလေးကို ရွှေရည်ပွတ်လက်ကောက်၊ ဆွဲကြိုး၊ ပုတီး၊ နားတောင်းတွေလည်း ဆင်ပေးလိုက်တယ်။ မိဘများအတွက် ကိတ်မုန့်ကြီးလည်း ပေးလိုက်တယ်။ "ညည်းသွားရင် တို့က အောက်မေ့နေမှာ ကြာကြာမနေနဲ့ ၃ – ၄ ရက်နေရင် တော်ရောပေါ့" လို့ ထပ်မှာပြီး လက်ထဲကို ဆုအဖြစ် ငွေအစိတ်လည်း ထည့်ပေးတယ်။ ကလေးမကလည်း ဝမ်းသာအားရနဲ့ အမေ့အိမ်ကို ပြန်ခဲ့တယ်။

ရွာပြန်ရောက်ပြီး ညနေကျတော့ မြို့ပြန်ကလေးမဟာ သူ့ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ရေတွင်းမှာ ဆုံမိကြတဲ့အခါ သူနေရတဲ့ မြို့ကအိမ်ဟာ ရွာကအိမ်ထက် အများကြီး ကောင်းတဲ့အကြောင်း၊ မင်းကတော်ကအစ တစ်အိမ်သားလုံးကပဲ သူ့ကို ချစ်ကြတဲ့အကြောင်း၊ အလုပ်ဆိုတာလည်း မယ်မယ်ရရဘာမှမရှိဘဲ ကလေးထိန်းပေးရုံ၊ အဝတ်တွေပွပ်ရုံ နည်းနည်းပါးပါးရှိကြောင်း၊ မီးဖိုထဲမှာ ဟင်းတောင် ဝင်မချက်ရတဲ့အကြောင်းတွေကို ခပ်ကြွားကြွားနဲ့ ဖောက်သည်ချတယ်။

ရေခပ်ပြီးလို့ တွင်းမှာပဲ ရေချိုးကြတော့ ရွာက ကလေးမတွေမှာ ထုံးစံအတိုင်း တစ်ယောက်မှ ဆပ်ပြာ ပါမလာကြဘူး။ သူ့မှာလည်း မပါဘူး။ ဒီတော့ မြို့ပြန်မိန်းကလေးက "ရေချိုးရတာက တစ်မျိုးကြီး ဟာနေသလိုပဲ၊ မြို့ကအိမ်မှာဆိုရင် ငါက ဆပ်ပြာမွှေးနဲ့ အမြဲချိုးတာ၊ ဒီမှာတော့ ညည်းတို့က ဆပ်ပြာတောင် သုံးရကောင်းမှန်း မသိကြသေးဘူး" လို့ မြို့မှာ တစ်နှစ်လောက် နေဖူးတာနဲ့ လေသံပြောင်းပြီး ပြောလာတယ်။

ဒီတင် ခလောက်နို့ လှိုင်ဝါးရွာက ခဏ အလည်ရောက်နေတဲ့ ဝမ်းကွဲညီအစ်မတော်က "ညည်းနှယ်အေ – ညည်းရဲ့အဘွား အမျိုးတုန်းက ညည်းမြို့မှာရေချိုးသလို ဆပ်ပြာမွှေးနဲ့လည်း ရေမချိုးခဲ့ပါဘူး။ ညည်းတို့ သုံးနေကြတဲ့ ပေါင်ဒါတို့ မိတ်ကပ်တို့ ဆိုတဲ့ ဥစ္စာမျိုးတွေ ရှိလည်းမရှိဘူး၊ သုံးလည်းမသုံးပါဘူး။ ပွဲလမ်းသဘင် သွားခါနီး မျက်နှာကို ဖြူဖြူဖွေးဖွေးကလေး လုပ်ချင်ရင် ဆန်အိုးထဲ လက်နှစ်ဘက် စုံထိုးထည့်လိုက်တာပဲ၊ ပြီးမှ ကပ်ပါလာတဲ့ အမှုန့်ဖြူဖြူကလေး

တွေနဲ့ ပါးကိုပွတ်လိုက်တာပဲ၊ ဒါလည်း ညည်းအဘွားနေတဲ့ရွာနဲ့ အဝေးကြီးမှာ ရှိတဲ့ မုဏ္ဍဒိရွာသား ညည်းအဘိုးနဲ့ ညားတာပဲ" လို့ ပြန်ပြောလိုက်ပါသတဲ့။

မြို့ပြန် အိမ်ဖော်မကလေးဟာ သူနဲ့ ရွာကအပေါင်းအဖော်တွေနဲ့ နေရာတကာ တစ်မျိုးစီဖြစ်နေတာကို ဘယ်လိုမှ စည်းကိုက်အောင် လုပ်မဖြစ်တာနဲ့ ရွာမှာ ၃ – ၄ ရက်ပြည့်အောင် မနေတော့ဘဲ မြို့ကို ပြန်သွားပါရောတဲ့။

# အကြီးဆုံးလှူ

နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် နှစ်စဉ်နှစ်တိုင်း ဇွဲကပင်တောင်ထိပ်က ဇွဲကပင်ဘုရားပွဲတော်ကို တပေါင်းလပြည့်နေ့တိုင်း ကျင်းပလာခဲ့ကြပါတယ်။

ဇွဲကပင်ခေတီရှိရာ တောင်ပေါ်ကို တက်တဲ့လမ်းက ၂ လမ်းရှိပြီး တစ်လမ်းက ဇွဲကပင်တောင်ရဲ့ အနောက်ဘက်ခြမ်း တော်ပုံရွာက တက်တဲ့လမ်း။ တစ်လမ်းက ဇွဲကပင်တောင်ရဲ့ အရှေ့ဘက်ခြမ်း ခလောက်နို့နယ် ဗျိုင်းတောင်ရွာက တက်တဲ့လမ်း ဖြစ်ပါတယ်။

Generated by CamScanner from intsig.com

ဖွဲကပင်ဘုရားပွဲတော်ဟာ ကရင်ပြည်နယ်ထဲက ဘုရားပွဲတော်တွေထဲမှာ အစည်ကားဆုံးပွဲတော် ဖြစ်ပါတယ်။ အနယ်နယ် အရပ်ရပ်က ဘုရားဖူးတွေ အုပ်လိုက်ချီပြီး လာကြတဲ့ ပွဲတော်ကြီး ဖြစ်ပါတယ်။

တစ်နှစ်တော့ ဘားအံနဲ့ ၅ မိုင်လောက်ဝေးတဲ့ သံလွင်မြစ်အနောက် ဘက်ကမ်း မုဏ္ဏဒိရွာကလူတွေ အုပ်လိုက်ချီပြီး ဖွဲကပင်စေတီတော်ကို ဗျိုင်းတောင် လမ်းက တက်ဖို့ ရောက်လာကြပါတယ်။ ခလောက်နို့သားတွေကလည်း သူတို့ နယ်ဖြစ်တဲ့ ဗျိုင်းတောင်လမ်းက တက်ကြဖို့ တောင်ခြေမှာ စုရုံးနေကြပါတယ်။ နှစ်ဘက်သော ရွာသားတွေ ဖွဲကပင်တောင်ခြေမှာ ဆုံမိကြတော့ ခလောက်နို့သား တွေက တောင်ပေါ်ကို သူတို့အလျင်တက်မယ်ဆိုပြီး လမ်းပိတ်ထားကြတယ်။ မုဏ္ဏဒိသားတွေကလည်း သူတို့ဟာ ရပ်ဝေးကလာကြရတဲ့ ဧည့်သည်တွေဖြစ်လို့ အလျင်တက်သင့်တယ်။ လမ်းဖွင့်ပေးပါလို့ ဆိုလာကြတယ်။

ဒီလိုပြောပေမယ့် ခလောက်နို့သားတွေက ကိုယ့်နယ်ထဲမှာ ကိုယ်အလျင် မသွားရလို့ ဘယ်ဖြစ်မှာလဲလို့ ကတ်တယ်။ ဒီလိုနဲ့ ၂ ဘက်သော ရွာသားတွေ အငြင်းအခုံဖြစ်ပြီး အခြေအနေ တင်းမာလာတော့ ဗျိုင်းတောင်ရွာမှာ သြဇာတိက္ကမ ရှိတဲ့ အဘိုးအိုက ဝင်ပြီး "တို့ခလောက်နို့သားနဲ့ မုဏ္ဏဒိသားဟာ တို့ရှေး ဘိုးစဉ် ဘောင်ဆက် လက်ထက်ကတည်းကစပြီး ဒီကနေ့အထိ ပြိုင်ဘက်တွေပါ။ လက်ဝှေ့သတ်တဲ့ နေရာမှာရော၊ ခုံးအဖွဲ့တွေ ပြိုင်ကတဲ့ နေရာမှာရော၊ အော်ပွဲ မှာရော၊ လှေပြိုင်ပွဲမှာရော၊ စကားအနိုင် လုကြရာမှာရော ပြိုင်ဘက်တွေ ဖြစ်ခဲ့ကြပါတယ်။ အခု ကုသိုလ်ရေးကိစ္စမှာ ကုသိုလ်ပြိုင်ယူဖို့သာ ရှိတယ်။ ရန်ဖြစ် အငြင်းပွားနေစရာ မလိုဘူး။ တောင်ပေါ်ကို သူအလျင်တက်မယ် ငါအလျင်တက်မယ် ဆိုတာကလဲ ကြီးကျယ်တဲ့ ပြဿနာမဟုတ်ပါဘူး၊ လွယ်ပါ တယ်။ မင်းတို့ စိတ်ကြိုက်လည်း ဖြစ်မယ်၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကိစ္စလည်းပြီး သွားမယ်၊ ကုသိုလ်လည်း အတူတူ ရကြမယ်ဆိုရင် ငါ့စကား နားထောင်ကြမလား" လို့ မေးတယ်။

ဒီတော့ ခလောက်နို့သားတွေရော မုဏ္ဏဒိသားတွေပါ "နားထောင်ပါ့မယ်" လို့ ဝန်ခံကြတယ်။

Generated by CamScanner from intsig.com

အဲဒီမှာ အဘိုးအိုက "မုက္ကဒိက လူတစ်ယောက်ထွက်ခဲ့၊ ခလောက်နို့ကလည်း လူတစ်ယောက်ထွက်ခဲ့" လို့ လူနှစ်ယောက် ခေါ်ထုတ်လိုက်တယ်။

လူနှစ်ယောက် ထွက်လာပြီး ယှဉ်ရပ်မိတော့ အဘိုးအိုက ဆက်ပြီး "မင်းတို့နှစ်ယောက် တစ်ယောက်တစ်လှည့်စီ မင်းတို့ကြားဖူးတဲ့ အကြီးဆုံးလူအကြောင်း ပြောပြရမယ်။ ဘယ်သူက အရင်ပြောရမလဲဆိုတာ မဲနှိုက်ပြီး ဆုံးဖြတ်မယ်။ လူအကြီးဆုံးအကြောင်း နိုင်အောင် ပြောနိုင်တဲ့ဘက်က တောင်ကို အလျှင်တက်ရမယ်၊ ရှုံးတဲ့လူအဖွဲ့က နောက်မှတက်ရမယ်" လို့ စီရင်ချက် ချလိုက်တယ်။

အဘိုးအိုရဲ့ ပြန်ဖြေချက်ကို ၂ ဘက်စလုံးက သဘောတူကြတာနဲ့ မဲနှိုက်ကြတော့ မုက္ကဒိသားက အရင်ပြောဖို့ မဲကျတယ်။

အဲဒီမှာ မုက္ကဒိသားက ခုလိုစပြီး ပြောပါတယ် ..........

"ကျုပ်ကြားဖူးတာက ရှေးက တောကစားဝါသနာပါတဲ့ ရှင်ဘုရင်ကြီးတစ်ပါးဟာ ကိုယ်ရံတော် တပ်သားတွေနဲ့အတူ တစ်တောဝင်လိုက် တစ်တောင်ကျော်လိုက်နဲ့ တောတွေ တောင်တွေကို ကျော်လွှားပြီး သားကောင်ကို ရှာလိုက်တာ တစ်ဖြည်းဖြည်းနဲ့ ပင်လယ်ကမ်းစပ်ကို ရောက်သွားရော။ သူတို့ ပင်လယ်ကမ်းခြေ ရောက်ချိန်မှာ ရုတ်တရက် လေကြီးမိုးကြီး ကျလာတာနဲ့ အနီးအနားမှာ ခိုစရာရှာတဲ့အခါ ကျောက်ဂူလို့ ထင်ရတဲ့ ဂူတစ်ခုကို တွေ့တယ်။ ဒီတင် ဘုရင်ကြီးရော သူ့တပ်သားတွေပါ ဂူထဲဝင်ပြီး ခိုနေကြသတဲ့။

စင်စစ်တော့ သူတို့ ခိုနေတဲ့ နေရာဟာ ဂူမဟုတ်ဘူး၊ အခေ့တွေထုတ်ထားတဲ့ ဘူးသီးခြောက်ခွံကြီးသာ ဖြစ်တယ်။ ဒါကို သူတို့က မသိကြဘူး။ ကျောက်ဂူကြီးအောက်မေ့ပြီး ဝင်ခိုလိုက်ကြတာတဲ့။

မိုးကလည်း မစဲဘူး။ လေကလည်း ပြင်းသထက် ပြင်းလာတာကြောင့် နောက်ဆုံးတော့ သူတို့ခိုနေတဲ့ ဘူးသီးခြောက်ခွံကြီးဟာ လေနဲ့လွင့်ပြီး ပင်လယ်ထဲကို ကျသွားတယ်။ ဒီလိုဖြစ်သွားတာကို အထဲမှာ ခိုနေတဲ့လူတွေက မသိကြဘူး။

ဘူးသီးခြောက်ခွံကြီးဟာ ပင်လယ်ရေကြောင်းထဲကျပြီး မျောနေတာကို ငါးကြီးတစ်ကောင်က အစာထင်တာနဲ့ ဟပ်ပြီး မျိုချလိုက်တယ်။ ဒီငါးဟာ

ဘူးသီးခွံကြီးကို မျိုလိုက်ပြီးတာတောင် မ၀သေးတာနဲ့ ပင်လယ်ထဲက ကျောက်တောင်တစ်တောင်စီကို ခြေတစ်ဘက်စီရပ်ပြီး ငါးမျှားတံက ငါးစာကို သွားဟပ်လိုက်ပြန်တယ်။ ဒီလူက ငါးဟပ်မှန်းသိတာနဲ့ ငါးမျှားတံကို သုတ်တင်လိုက်တဲ့အခါ ဘူးသီးခြောက်ခွံကြီး မျိုထားတဲ့ ငါးကို မိပါလေရော။

အဲဒီမှာ ငါးမျှားနေတဲ့လူကြီးက သူ့ငါးမျှားချိတ်က ငါးကို ဖြုတ်ယူပြီး "ဒီ ငါးသေးသေးကလေးနဲ့ ဘာလုပ်လို့ ဖြစ်မှာလဲ" လို့ သူ့ကိုယ်သူ ပြောရင်း ငါးကို နောက်လွယ်ပလိုင်းထဲ ပစ်ထည့်လိုက်ကာ ဆက်ပြီး ငါးမျှားနေပြန်တယ်။ ဒါပေမယ့် အချိန်သာကုန်သွားရော နောက်ထပ် ငါးမရတော့တာနဲ့ ဒီကနေ့ဟာ သုကံမလိုက်တဲ့နေ့ပဲလို့ တွေးပြီး ရထားတဲ့ ဘူးသီးခြောက်ခွံကြီး မျိုထားတဲ့ ငါးတစ်ကောင်နဲ့ပဲ အိမ်ကိုပြန်သွားတယ်။

အိမ်ရောက်တော့ "ဒီပိစိညှပ်ငါးကလေးကိုပဲ ငါးပိရည် ဖျော်စားရတော့မှာပဲလို့ ပြောရင်း ချေးထုတ်ဖို့ ငါးရဲ့ဝမ်းကို ခွဲလိုက်တဲ့အခါ ဘူးသီးခြောက်ခွံကြီးရော အထဲမှာ မိုးကြောက်လို့ မိုးနေတဲ့ ဘုရင်ကြီးနဲ့ တပ်မတော်သားတွေရော ထွက်လာပါသတဲ့။ ကျုပ်ကြားဖူးတဲ့ ဒီငါးမျှားတဲ့လူဟာ ဘယ့်ကလောက်ကြီးသလဲဆိုတာ စဉ်းစားသာကြည့်ကြပေတော့" လို့ မုက္ကဒီသားက သူ့စကားကို အဆုံးသတ်လိုက်တယ်လေ။

မုက္ကဒီရွာသားရဲ့စကား ဆုံးတော့ ခလောက်နို့သားက သူကြားဖူးတဲ့ လူကြီးအကြောင်းကို ပြောပြန်တယ်။

ဒီအကြောင်းကလည်း ရှေးရှေးကအကြောင်းပဲ။ လယ်ထဲမှာ သားအဖနှစ်ယောက် ထယ်ထိုးနေတဲ့နေရာကို အိမ်ရှင်မဖြစ်တဲ့သူက ထမင်းတောင်းရွက်ပြီး နံနက်စာအတွက် လာပို့တယ်။

ဒီလို ထမင်းတောင်းရွက်ပြီး လာပို့နေတုန်း လမ်းမှာ ဆင်ပြောင်ကြီးတစ်ကောင် လောလောလတ်လတ် သေနေတာကိုတွေ့တော့ ထယ်ထိုးနေတဲ့ သူ့ယောကျ်ားနဲ့ သား ငါးပိရည်ဖျော်စားဖို့ဆိုပြီး ဆင်သေကောင်ကို ကောက်ကာ တောင်းထဲထည့်ခဲ့တယ်။

သားအဖ ထယ်ထိုးနေတဲ့ဆီရောက်တော့ ကန်သင်းဘေးမှာ တောင်းကို ချပြီး ကောက်လာတဲ့ ဆင်သေကောင်ကို ငါးပိရည်ထဲ ဖျော်ထဲ့တယ်။ ပြီးတော့ မိသားစုသုံးယောက်စလုံး နွားတန်းလန်းတပ်ထားတဲ့ ထယ်တံပေါ်ထိုင်ပြီး မြိန်ရေ ရှက်ရေ ထမင်းစားကြတယ်။

ဒီအချိန်မှာ ကောင်းကင်မှာဝဲနေတဲ့ စွန်တစ်ကောင်က ထမင်းစားနေတဲ့ သားအဖသုံးယောက်ရော ထွန်တုံးနဲ့ နွားလေးကောင်ကိုရော သူ့အစာမှတ်တာနဲ့ ထိုးချပြီး သုတ်သွားရော။

ခုလို သုတ်ချီသွားပြီး စွန်ကြီးဟာ အေးအေးဆေးဆေး စားတော့မယ်လို့ တောစပ်က သစ်ပင်ကြီးတစ်ပင်ပေါ် ဝင်နားတယ်။ ဒီအခါ သစ်ပင်ကြီးဟာ စွန်ကြီးရဲ့အလေးဒဏ်ကို မခံနိုင်တာနဲ့ ကျိုးကျသွားပါလေရော။

"ဒီအချိန်မှာ သစ်ပင်ကြီးအောက်မှာ အိပ်ပျော်နေတဲ့ လုတခ်ယောက်က သစ်ပင်ကြီးကျိုးကျသံကြောင့် လန့်နိုးပြီး မျက်စိဖွင့်ကြည့်လိုက်တဲ့အခါ ဘယ်ဘက် မျက်လုံးထဲကို အမှိုက်ဝင်သွားတယ်လို့ ထင်လိုက်တာနဲ့ မျက်စိကို ပြန်မှိတ်ပြီး သူ့မျက်စိထဲ ဘာများ ဝင်သွားပါလိမ့်လို့ လက်ညှိုးနဲ့ပွတ်လိုက်တော့ မျက်စိထဲက ကျိုးကျလာတဲ့ သစ်ပင်ကြီးရော၊ စွန်ရော၊ ဆင်သေကောင်ဖျော်ထားတဲ့ ငါးပိခွက် ရော၊ သားအမိသုံးယောက်ရော၊ ထွန်တုံးနှစ်တုံးနဲ့ နွားလေးကောင်ရော မျက်စိ ထဲက ထွက်လာပါသတဲ့။ သူ့မျက်စိတောင် ဒါလောက်ကြီးနေရင် ဒီလူဟာ ဘယ်လောက်ကြီးတဲ့လူ ဖြစ်သလဲဆိုတာ ပရိသတ်မင်းများ တွေးကြည့်ကြပါ" လို့ ခလောက်နို့သားက ပြန်ချေပတယ်လေ။

အဲဒီမှာ တရားသူကြီးလုပ်တဲ့ ဗျိုင်းတောင်ရွာသား အဘိုးအိုက "အခုပြော သွားကြတဲ့ မုဏ္ဍဒိက လူကြီးနဲ့ ခလောက်နို့က လူကြီး ဘယ်လူကြီးသလဲဆိုတော့ ငါ့အထင် ဒီလူကြီးနှစ်ယောက်ဟာ ညီအစ်ကိုဖြစ်လိမ့်မယ်။ ညီအစ်ကိုချင်းကိစ္စမှာ တို့က ကြားဝင်လို့ မတော်ဘူး။ ဒါ့ကြောင့် ခွဲကပင်ကို သူ့အလျှင်တက်မယ် ငါအလျှင်တက်မယ်ဆိုတဲ့ ကိစ္စမှာလည်း လူကြီးတွေ ညီအစ်ကိုဖြစ်နေကြတဲ့အတိုင်း တို့လူငယ်တွေကလည်း ညီအစ်ကိုတွေ ဖြစ်ကြလို့ ခလောက်နို့က နှစ်ယောက်တက်၊

Generated by CamScanner from intsig.com

သူ့နောက်က မုက္ကဒီက နှစ်ယောက်လိုက်၊ ဒီနှစ်ယောက်နောက်က ခလောက်နို့က နှစ်ယောက်လိုက်၊ ခုလို လူကုန်အောင် တစ်ရွာ နှစ်ယောက်စီ ညီအစ်ကိုပီပီ အတူတူ တက်ကြရမယ်" လို့ အဆုံးအဖြတ် ပေးလိုက်ပါသတဲ့။

ဆုံးဖြတ်ရာ နာခံပါ့မယ်လို့ နှစ်ရွာစလုံးက ကတိထားမိကြတဲ့အတိုင်း အဲဒီနှစ် ပွဲတော်မှာ ဒွဲကပင်အရှေ့ဘက်ခြမ်း ဗျိုင်းတောင်လမ်းက မုက္ကဒီသားတွေနဲ့ ခလောက်နို့သားတွေဟာ အတူတူရောနှောပြီး ပျော်ပျော်ပါးပါး ဘုရားဖူး တက်ခဲ့ဖူး ကြတယ်လို့ ပြောစမှတ် ရှိပါတယ်။

Generated by CamScanner from intsig.com

## အင်တာဗျူး ပုံပြင်

ဘားအံမြို့ ခရိုင်ဝန်ရုံးမှာ အောက်တန်း စာရေးတစ်နေရာ လစ်လပ်နေတာနဲ့ လျှောက်လွှာနှင့်အတူ လူကိုယ်တိုင် လာရောက်ဖို့ ရက်ချိန်းပေးပြီး စာရေးလောင်းတွေကို အင်တာဗျူး ခေါ်တယ်။

ချိန်းရက်ရောက်တော့ အောက်တန်းစာရေးလျှောက်လွှာရှင် လူဆယ့်ငါးယောက် အရာရှိရုံးခန်းထဲ ရောက်နေကြတယ်။ လူစုံတော့ အရာရှိက စာရေးလောင်းတွေရဲ့ ဇာတိကို တစ်ဦးစီ မေးတယ်။ ဒီအခါမှာ တစ်ယောက်က ခလောက်နို့မှာ မွေးပါတယ်လို့ ပြောတော့ ခလောက်နို့နယ်သားတွေအကြောင်း တစ်စွန်းတစ်စ ကြားဖူးနားဝရှိတဲ့ အရာရှိက စိတ်ဝင်စားလာပြီး ………

"ခလောက်နို့က ပုံပြောကောင်းတဲ့လူတွေ ထွက်တယ်လို့ ကြားဖူးတယ်၊ မင်း ပုံပြောတတ်ရဲ့လား" လို့ မေးတယ်။

ခုလို မေးလိုက်တော့ ခလောက်နို့သားက "ဟုတ်ကဲ့" လို့ ပြန်ပြောတယ်။

ဒီတင် အရာရှိက ဒီလူကို အကဲခတ်သလို ကြည့်ပြီး "ဒါဖြင့် တစ်ပုဒ် ပြောစမ်းကွာ၊ ငါက အရှည်ကြီးလည်း နားမထောင်ချင်ဘူး" လို့ ပြောရော။

ခုလိုလည်းပြောလိုက်ရော ခလောက်နို့သား စာရေးလောင်းက ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီး ………

"ဘားအံမြို့မှာ နောက်နေ့မနက် မိုးလင်းတာနဲ့ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေတာကို ည ၁၂ နာရီလောက်မှ သတိရတဲ့ လူတစ်ယောက်ဟာ အိပ်နေတဲ့ မိတ်ဆွေနှစ်ယောက်ရဲ့အိမ်ကို သွားနှိုးပြီး မိုးလင်းလင်းချင်း ဘားအံမြို့ကိုရောက်ဖို့အတွက် အဖော်လိုက်ခဲ့ပါဦး လို့ ခေါ်တယ်။

မိတ်ဆွေနှစ်ယောက်ကလည်း အိပ်ရာက လူးလဲထပြီး လာခေါ်တဲ့လူနောက်ကို လိုက်သွားတယ်။

သူတို့သုံးယောက် ခလောက်နို့က ဘားအံသွား ကားလမ်းမကြီးအတိုင်း ထွက်လာလို့ တစ်မိုင်လောက် လျှောက်မိတော့ တစ်ယောက်က "သန်းခေါင်ကြက်တောင် မတွန်သေးဘူး၊ စောပါသေးတယ်၊ လမ်းဘေးမှာ တစ်ရေးအိပ်ပြီး ထသွားရင်လည်း ဘားအံလောက်တော့ မိုးမလင်းခင် ရောက်နိုင်ပါတယ်၊ လမ်းဘေးမှာ တစ်ရေးလောက် အိပ်ကြဦးစို့၊ ငါတော့ ဗိုက်အားကြီးလို့ လမ်းတောင် မလျှောက်နိုင်တော့ဘူး" လို့ ပြောတယ်။

Generated by CamScanner from intsig.com

တစ်ယောက်ကလည်း "မိုးမလင်းခင် ဖားအံရောက်ရင် ပြီးတဲ့ဥစ္စာ ခဏကလေး မှိန်းလိုက်တာ သင့်မြတ်ပါတယ်" လို့ ထောက်ခံရင်း လမ်းဘေး မြက်ခင်းပေါ် ထိုင်ချလိုက်ရော။

ဒါနဲ့ နောက်ဆုံးတော့ သူငယ်ချင်း သုံးယောက်စလုံး လမ်းဘေးမှာ ဘေးချင်းယှဉ်ပြီး အိပ်ကြတဲ့အဖြစ်သို့ ရောက်သွားတယ်။ အချိန်ကလည်း လမိုက်ရက်ဖြစ်လို့ ကောင်းကင်က ကြယ်လေးတွေရဲ့ အလင်းရောင်သာ မှုန်တိမှုန်မွှား ရှိတယ်။

ဒီလူသုံးယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ဖွင့်သာမပြောကြတာ တကယ်တော့ သုံးယောက်စလုံး တစ္ဆေအင်မတန်ကြောက်တဲ့ လူညံ့ပဲတဲ့။ ခုလို လမိုက်ရက်ထဲ မှုန်မွှားမွှားကြယ်ရောင်အောက်မှာ ကတ္တရာလမ်းမကြီးကို ခေါင်း တင်ပြီး လမ်းဘေးမှာ ယှဉ်အိပ်ကြရတော့ ဘယ်သူမှ ဘေးအစွန်းက မအိပ်ချင် ကြဘူး၊ အလယ်ကပဲ အိပ်ချင်ကြတယ်။ ဒါပေမယ့် ဟန်ကိုယ့်ဖို့လို့ သဘောထားပြီး ငြိမ်နေကြတယ်။

သုံးယောက်သား အိပ်ကြလို့ မကြာခင်ဘဲ ခလောက်နို့ဘက် အစွန်းကျတဲ့ လူက အလယ်လူကိုကျော်ပြီး သူက အလယ်နေရာ ဝင်အိပ်ချလိုက်တယ်။ ဒါကို ဘေးရောက်သွားတဲ့ မူလအလယ်လူက သိပေမယ့် အသာငြိမ်နေတယ်။ အတော် ကလေးကြာမှ သူက အလယ်လူကိုကျော်ပြီး အလယ်နေရာကို ဝင်အိပ်လိုက်ပြန် တယ်။ ဒါကို တစ်ဘက်ဘေးရောက်သွားတဲ့လူက သိပေမယ့် သူလည်း ငြိမ်နေ လိုက်တယ်။ နောက် မကြာခင် သူလည်း အလယ်လူကိုကျော်ပြီး အလယ် နေရာကို ဝင်အိပ်လိုက်ပြန်တယ်။

ဒီလို တစ်ဦးကိုတစ်ဦး ကျော်ကျော်ပြီး အလယ်နေရာကို လုလုအိပ်ကြ တာဟာ လွှသံသွသံကြားလို့ မျက်စိဖွင့်ကြည့်လိုက်တော့ မိုးလင်းလုလင်းခင် ဖြစ်နေပြီး သူတို့လည်း ဘားအံမြို့ဖျားကို ရောက်နေတာ တွေ့ကြရတယ်။ ဒီတင် ပုတ်ဖက်ခါထကြပြီး ချိန်းထားတဲ့ အရေးတကြီးကိစ္စရှိတဲ့နေရာကို အချိန်မီ ရောက်သွားနိုင်ကြပါတယ်" လို့ ခလောက်နို့သားက သူ့ပုံကို အဆုံးသတ်လိုက် ပါတယ်။

Generated by CamScanner from intsig.com

ပုံဆုံးတော့ အရာရှိက တခြား အင်တာဗျူးသမားတွေကို အခန်းထဲက နှင်ထုတ်လိုက်ပြီး ပုံအပြောကောင်းတဲ့ မလောက်နီသားကို လျှောက်ထားတဲ့ အတိုင်း အောက်တန်းစာရေး ချက်ချင်းခန့်လိုက်ပါတယ်။

ဒါကြောင့် ဒီပုံပြင်ကို ဘားအံမှာ "အင်တာဗျူးပုံပြင်" လို့ ဒီကနေ့အထိ ခေါ်နေတာ ဖြစ်ပါတယ်။

# ဒါတောင် လက်မောင်းရင်းခံနေလို့

သံလွင်မြစ်အနောက်ဘက် ကမ်းနဖူးက မုက္ကဒီရွာသားနဲ့ သံလွင်မြစ်အရှေ့ဘက်ကမ်း ဖွဲကပင်တောင်ခြေမှာရှိတဲ့ ခလောက်နို့ဒေသဟာ အတန်ဝေးတယ်လို့ ထင်ရပေမယ့် အဆက်အသွယ်မပြတ် ရှိပါတယ်။

ဒီရွာ နှစ်ရွာစလုံးမှာ လူကျော်တွေ ထွက်လေ့ရှိပြီး မုက္ကဒီဘက်က လူကျော်နဲ့ ခလောက်နို့နယ်က လူကျော်ဟာ အမြဲတမ်းအပြိုင်အဆိုင် ဗိုလ်လုကြတဲ့ အစဉ်အလာကြီး ရှေးကတည်းက ရှိပါတယ်။ ယုတ်စွအဆုံး ဒီရွာနှစ်ရွာက လူနှစ်ယောက်ဆုံမိရင် စကားနိုင်လုပြောတဲ့ ဝိုင်းတစ်ဝိုင်းတော့ ဖြစ်လေ့ရှိပါတယ်။

Generated by CamScanner from intsig.com

တစ်ခါက ရှင်ပြုအလှူပွဲတစ်ခုမှာ မုက္ကဒိသားနဲ့ ခလောက်နို့သား ဆုံမိရော။ အလှူအိမ်ရဲ့ ထုံးစံအတိုင်း တွေ့ရာလေးပါး စကားတွေပြောနေကြရင်း လက်ဝှေ့သမားတွေအကြောင်း ရောက်လာတော့ မုက္ကဒိသားက ခလောက်နို့သားကို လှမ်းကြည့်ပြီး "ကျုပ်တို့ရွာမှာ ဆင်ဖြူကြီးလို့ခေါ်တဲ့ လက်ဝှေ့ကျော်တစ်ယောက် ပေါ်ခဲ့ဖူးတယ်။ ဘားအံခရိုင် တစ်ခုလုံးမှာ ပြိုင်ဘက်မရှိတဲ့လူခင်ဗျ။ သူနဲ့သတ်တဲ့ လူတိုင်းဟာ အမေ့နဲ့အဖြေချည့်ပဲ။ လက်ဝှေ့ဝိုင်းလယ်မှာ ပွဲချင်းပြီးသေတဲ့လူ တောင် ရှိဖူးတယ်" လို့ ပြောလိုက်တယ်။

ပြီးတော့ ဆက်ပြီး "ဆင်ဖြူကြီး ဆင်ဖြူကြီးနဲ့ သတ်ဘက်ရှာမရတဲ့ လူ ဖြစ်လာတော့ ဘယ်မြို့ ဘယ်နယ်မှာသွင်းတဲ့ ဘယ်လိုလက်ဝှေ့ပွဲမဆို ပထမအလံ ကို ပြိုင်ဘက်မရှိတဲ့ သူကချည့် ဝင်ယူသွားတာပဲ။ ဒါပေမယ့် ဆင်ဖြူကြီးက သူရတဲ့ ပထမအလံကို ရိုးရိုးမယူဘူး။ ဝိုင်းထဲဝင်လာပြီး လက်ဝှေ့ရေးပြတယ်။ လက်ဝှေ့ရေးပြပြီးတော့မှ လက်ဝှေ့ရုံက ဝါးတိုင်တွေကို တစ်လုံးပြီးတစ်လုံး ကျိုးအောင်ထိုးချလိုက်လို့ ရုံတစ်ရုံလုံး မြေကြီးထိအောင် ပြားပြားဝပ် ပြိုကျသွား တော့မှ သူ့အတွက် ပထမအလံကိုယူပြီး ပြန်လေ့ရှိတယ်" လို့ သူ့စကားကို အဆုံးသတ်လိုက်တယ်။

ဒီလိုပြောလိုက်တော့ ခလောက်နို့သားက ဝင်ပြီး "အဲဒီဆင်ဖြူကြီးပေါ့ တပေါင်းလ သွန်းဘုရားကြီးပွဲတော်မှာ ခလောက်နို့က ထွန်းပေါက် ဆိုတဲ့ လက်ဝှေ့သမားနဲ့ သတ်ရသေးတယ်။ ဘားအံမြို့ သေဋ္ဌမာရ်အောင်ဘုရားကြီးပွဲမှာ ကျင်းပတဲ့ လက်ဝှေ့ပွဲကြီးဆိုတာ မြန်မာပြည်အရပ်ရပ်က လက်ဝှေ့ကျော်တွေကို စာရေးမှာပြီး ကြီးကြီးကျယ်ကျယ် တိုက်တဲ့ပွဲဆိုတော့ ရောက်လာတဲ့ လက်ဝှေ့ သမားတိုင်းကပဲ ဆင်ဖြူကြီးရဲ့သတင်းကို ကြားထားပါတယ်။

ပထမအလံကို လုကြရမယ့်နေ့မှာ ဆင်ဖြူကြီးနဲ့ထိုးမယ့် ခလောက်နို့သား ထွန်းပေါက်က ကြိုးဝိုင်းထဲ ဝင်လာပြီး ဆင်ဖြူကြီးရဲ့ဘေးမှာ ဝင်ထိုင်လိုက်တယ်။ ပထမအလံလုမယ့်ဗိုလ်ရှိရင် ထွက်ခဲ့လို့ခေါ်တော့ ထွန်းပေါက်က ဒိုင်ဆီထသွားပြီး ဆင်ဖြူကြီးကို သူထိုးပါရစေလို့ စာရင်းပေးတယ်။

Generated by CamScanner from intsig.com

အဲဒီမှာ ဒိုင်လူကြီးတွေက ဘဲ့အားသင့်နေကြပြီး ထွန်းပေါက်ကို ဖြစ်ပါ့မလားလို့ မေးတော့ ထွန်းပေါက်က ဆင်ဖြူကြီးဆိုပေမယ့် အစွယ် မပါပါဘူး၊ ကျွန်တော် ထိုးပါရစေလို့ တောင်းတောင်းပန်ပန် ပြောတယ်။ ခုလို ပြောလိုက်တော့ ဒိုင်တွေက အရည်အကဲကို စမ်းကြည့်မယ် ဟန်ပုံမပေါ်ရင် ပွဲရပ်ပြီး ဆင်ဖြူကြီးကိုပဲ အနိုင်ပေးရလိမ့်မယ်လို့ အချင်းချင်း တိုင်ပင်ကြပြီး ထွန်းပေါက်ကို ဆင်ဖြူကြီးနဲ့ သတ်ခွင့်ပြုလိုက်တယ်။

မုက္ကဒိသား ဆင်ဖြူကြီးကို ခလောက်နို့သား ထွန်းပေါက်က ပထမ အလံအတွက် ယှဉ်ပြိုင် ထိုးသတ်မယ့်အကြောင်း ဒိုင်လူကြီးက ကြေညာလိုက်တော့ တစ်ရုံလုံး သြဘာလက်ခုပ်သံတွေ ဆူညံသွားတယ်။ ရုံပြင်မှာရှိတဲ့ ပရိသတ်ကြီးဟာ ဒီသတင်းကြားတာနဲ့ အတင်းတိုးဝှေ့ဝင်ကြလို့ ဘုရားလူကြီးတွေက လက်ဝှေ့ရုံကို ဖွင့်ပေးလိုက်ရတဲ့အထိ ဖြစ်သွားတယ်။

ပွဲစတာနဲ့ ဆင်ဖြူကြီးရဲ့ ဝိုက်လက်သီးတွေဟာ ဘယ်ရော့ညာရော့ မိုးသီးမိုးပေါက်လို တစ်လုံးပြီးတစ်လုံး ထွန်းပေါက်ရဲ့ မျက်နှာပေါ်ကို အဆက်မပြတ်ကျတယ်။ ဆင်ဖြူကြီးရဲ့ လက်သီးတွေကလည်း ဘယ်ကလောက် ပြင်းသလဲ ဆိုရင် ညာဝိုက်လက်သီးနဲ့ တစ်ချက်မိလိုက် ထွန်းပေါက်ရဲ့နှာခေါင်းဟာ သူ့ရဲ့ မျက်နှာက ညာဘက်နားရွက်ကို ပြေးကပ်လိုက်၊ ဘယ်ဝိုက်လက်သီးနဲ့ တစ်ချက်မိလိုက် ထွန်းပေါက်ရဲ့နှာခေါင်းဟာ သူ့ရဲ့ဘယ်ဘက်နားရွက် ပြေးကပ်လိုက်နဲ့ နှာခေါင်းကြီးဟာ ဟိုဘက်နားရွက် ပြေးကပ်လိုက်၊ ဒီဘက်နားရွက် ပြေးကပ်လိုက်နဲ့ ဆင်ဖြူကြီးရဲ့ ဝိုက်လက်သီး မိတိုင်းမိတိုင်း နှာခေါင်းကြီးဟာ နားရွက်နှစ်ခုစီ အသွားအပြန် ရွှေ့ရွှေ့ပြီး ကပ်နေတယ်။

ဒီအထိလည်း ထွန်းပေါက်က မကြွဲဘူး။ တစ်ချက်မှလည်း ပြန်မထိုးသေးဘူး။ ထွန်းပေါက် အထိုးခံပြီး အကွက်ကိုစောင့်နေတုန်း တစ်ချက်လစ်သွားတာနဲ့ ဆင်ဖြူကြီးရဲ့ခြေသလုံးကို ဖမ်းဆွဲပြီး မြှောက်လိုက်တယ်။ ဒီတင် ဇောက်ထိုး ဖြစ်သွားတဲ့ ဆင်ဖြူကြီးရဲ့မျက်ခွက်ကို အပေါ်ကစီးပြီး တစ်ချက်တည်း ထိုးချလိုက်တယ်။ ပရိသတ်က ဟာကနဲ ဖြစ်သွားတယ်။

Generated by CamScanner from intsig.com

ဒါပေမယ့် အုံ့ညြစရာကောင်းလောက်အောင် ဆင်ပြုကြီးက သူ့ကိုယ်ကို ကြောင်လိမ်လှည့်ပြီး ရှောင်လိုက်လို့ မထိဘူး။ ဆင်ပြုကြီးရဲ့မျက်ခွက်ကို မထိလို့ လွဲသွားတဲ့ ထွန်းပေါက်ရဲ့လက်သီးဟာ အရှိန်လွန်ပြီး မြေကြီးကိုထိုးမိတာ မြေကြီးထဲကို လက်မောင်းရင်းအထိ မြုပ်ဝင်သွားတယ်။ ဒါဟာ လက်မောင်းရင်း ခံနေလို့ လူတစ်ကိုယ်လုံး မြေကြီးထဲ ဝင်မသွားတာ ဖြစ်တယ်။ မြေကြီးထဲဝင်သွားတဲ့ လက်သီးကို ပြန်ထုတ်တော့ ထုတ်လို့မရနိုင်တာနဲ့ ဒိုင်လူကြီးတွေက ပေါက်တူးနဲ့ မြေကိုတူးပြီး ဆွဲထုတ်ယူရတယ်။ မုက္ကဒီဆင်ပြုကြီးက ဝါးလုံးသာ ကွဲအောင် ထိုးနိုင်တာပါ" လို့ ခလောက်နို့သားက သူ့စကားကို အဆုံးသတ်လိုက်ပါတယ်။

ဒီတင် နားထောင်နေကြတဲ့ ပရိသတ်က "ခလောက်နို့သားကွ" လို့ ကြွေးကျော်ပြီး လက်ခုပ်သြဘာ ပေးကြပါတယ်။

Generated by CamScanner from intsig.com

# ဗိဓကိုဏ

ဓ လောက်နို့နယ် နိုင်းကြာရွာက ပထမ ဘုန်းတော်ကြီးကျောင်းဟာ အင်မတန်ကြီးတဲ့ သစ်သားကျောင်းကြီး ဖြစ်ပါတယ်။ ကျောင်းတိုင်တစ်တိုင် တစ်တိုင်ဟာ လူ နှစ်ဖက်စာလောက်ရှိတဲ့ ကျွန်းတိုင်ကြီးတွေဖြစ်တယ်။ ကျောင်းကို အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ် ၄ မျက်နှာက ၄ ဘက် ၄ တန် အုတ်ခုံလှေကားကြီး ၄ ခုနဲ့ တပ်ဆင်ထားပါတယ်။ ကျောင်းရဲ့တိုင်ပေါင်းကတော့ တိုင် ၁၀၀ တိတိ ရှိတယ်လို့ ဆိုပါတယ်။

အခုလက်ရှိကျောင်းဟာ မူလပထမကျောင်းကြီး အိုမင်းရင့်ရော် ပြိုပျက်လာလို့ ဒါယကာတွေက ဖျက်ပစ်ပြီး အဲဒီ ကျောင်းတိုင်ဟောင်းကြီးတွေကိုပဲ ခွဲခြမ်းစိတ်ဖြာပြီး ဆောက်ထားတဲ့ ကျောင်းသစ် ဖြစ်ပါတယ်။

ပထမ မူလကျောင်းကြီးမှာ ကျောင်းထိုင်တဲ့ ဆရာတော်ကြီးဟာ စာပေပရိယတ္တိ ကျွမ်းကျင်တယ်၊ ခေတ်အမြင်လည်း ရှိတယ်။ ဒါ့ကြောင့် ရွာနီးချုပ်စပ်က ကလေးတွေအတွက် မူလတန်း လောကဓာတ်ကျောင်း သဘောမျိုးအဖြစ် ယောကျ်ားကလေးတွေရော မိန်းမကလေးတွေပါ စုပေါင်းသင်ကြားနိုင်တဲ့ မူလတန်းကျောင်းကို သူ့ကျောင်းမှာ ဖွင့်လှစ် သင်ကြားပေးပါတယ်။ ဒါပေမယ့် အစိုးရ အသိအမှတ်ပြုတော့ မဟုတ်ဘူး။ အစိုးရအကူအညီကိုလည်း မယူဘူး။

ခုလို ကလေးတွေကို မူလတန်း လောကဓာတ်ကျောင်းစာတွေ သင်ပေးတော့ ဆရာတော်တစ်ပါးတည်း မနိုင်မနင်း ဖြစ်တာနဲ့ ရွာထဲက ၇ တန်းအောင်ပြီး ကျောင်းထွက်နေတဲ့ သူကြီးသမီး နန်းမြအေးကို အကူအညီအဖြစ် ခေါ်ထားတယ်။

အစိုးရအလယ်တန်းကျောင်းထွက် နန်းမြအေးကလည်း ကျေးလက်တောရွာ ပြုပြင်ရေးအတွက် စေတနာအပြည့်အဝနဲ့ ကူညီပါတယ်။ ခုလို ကူညီတဲ့အတွက် ရွာတွေက စုပေါင်းပြီး တစ်နှစ်ကို ကောက်ခံရရှိငွေ ၃၀၀ နဲ့ ဝမ်းစာစပါးကို ပြန်ပြီး ထောက်ပံ့ကြတယ်။

ကျောင်းကို နန်းမြအေးရောက်လာပြီး ဆရာမဖြစ်လာတော့ နန်းမြအေးဟာ သူကျောင်းနေခဲ့စဉ်က လိုက်နာခဲ့ရတဲ့ စည်းကမ်းတွေကို ကျောင်းသားကလေးတွေအပေါ် ချပေးတယ်။ ဒီလို စည်းကမ်းချပေးခြင်းအားဖြင့် အစိုးရကျောင်းတွေနဲ့ ဘာမှမခြားနား အတူတူပဲဆိုတာ ပေါ်လွင်စေချင်တယ်။ ကလေးတွေကိုလည်း စည်းကမ်း သေသေဝပ်ဝပ်ဖြစ်အောင် အုပ်ထိန်းရ လွယ်အောင်ဆိုတဲ့ သဘောလည်း ပါတယ်။

ပထမဆုံး ဆရာမ နန်းမြအေးချပေးတဲ့ စည်းကမ်းကတော့ အတန်းတက်နေတုန်း အပေါ့သွားချင်ရင် လက်ညှိုးတစ်ချောင်း ထောင်ပြရမယ်၊ အခင်းကြီး

သွားချင်ရင် လက်ညှိုးနဲ့ လက်ခလယ်ပူးပြီး နှစ်ချောင်း ထောင်ပြရမယ်။ ခုလို ထောင်ပြလို့ ဆရာမက ခေါင်းငြိမ့်ရင် သွားခွင့်ပြုတယ်။ ခေါင်းခါရင် သွားခွင့် မပြုဘူးဆိုတဲ့ သဘောကို နားဝင်အောင်ပြောပြီး စည်းကမ်းသတ်မှတ်ပေးတယ်။

ခုလို စည်းကမ်းပေးထားလိုက်ပြီး မကြာခင်မှာဘဲ တစ်နေ့တော့ စာသင် နေချိန်မှာ ၆ နှစ်သားအရွယ်လောက်ရှိတဲ့ ခလောက်နို့ ဘုန်းတစ်ပင်ရွာသား စိန်သင်းယုံ ဆိုတဲ့ ကျောင်းသားကလေးက ထိုင်နေရာကထပြီး ဆရာမ နန်းမြအေး ကို လက်ငါးချောင်း ထောင်ပြလိုက်တယ်။

ဆရာမက သူ့တပည့်တွေကို စာသင်နေတုန်း အပေါ့သွားချင်ရင် လက်တစ်ချောင်း အခင်းကြီးသွားချင်ရင် လက်နှစ်ချောင်း ထောင်ပြဖို့ သင်ထား တဲ့ဥစ္စာ ဘယ့်နှယ် ဒီကလေးက လက်ငါးချောင်း ထောင်ပြနေရပါသလဲ၊ ဘာ အဓိပ္ပာယ်များပါလိမ့်လို့ စဉ်းစားရကျပ်သွားတယ်။ ကလေးက သူသင်ထားတာ ကို မေ့သွားလို့လားလို့လည်း လှည့်တွေးမိတယ်။

ဒါနဲ့ အကြောင်းသိရအောင် မေးကြည့်မှပဲလို့ ဆရာမက သဘောရပြီး "စိန်သင်းယုံကို ဆရာမက အတန်းတက်နေတုန်း အပေါ့သွားချင်ရင် လက်တစ် ချောင်းထောင်ပြ၊ အခင်းကြီးသွားချင်ရင် လက်နှစ်ချောင်းထောင်ပြလို့ သင်ထား တာ အခု စိန်သင်းယုံက ဘာဖြစ်လို့ လက်ငါးချောင်း ထောင်ပြနေရသလဲ" လို့ မေးတယ်။

ဒီတော့ စိန်သင်းယုံက "ကျွန်တော် အပေါ့လေးသွားချင်လို့ မဟုတ်ဘူး ဆရာမ" လို့ ပြန်ပြောတယ်။

ဒီလိုပြန်ပြောတော့ ဆရာမ နန်းမြအေးက အံ့အားကြီးသင့်သွားပြီး "ဟေ - မင်းက ဘာလုပ်ဖို့လဲ" လို့ မေးပြီးလျှက်သား ဖြစ်သွားရော။

ဒီတင် စိန်သင်းယုံက "ကျွန်တော် ဒီကနေ့ ကျောင်းပြန်မလာဘူးလို့ အခွင့်တောင်းတာပါ ဆရာမ" လို့ ပြန်ပြောလိုက်ပါသတဲ့။

Generated by CamScanner from intsig.com

ခလောက်နို့နယ်သားတွေဟာ အရှယ်မရောက်ခင်ကတည်းကပဲ သူတို့နယ်ရဲ့ ဗိဇအရ အတွေးအခေါ်တွေ ချွန်ကြ ထက်ကြပါတယ်။

✍

Generated by CamScanner from intsig.com

# တိတိကျကျဆိုလို့

အလုပ်ကို တိတိကျကျ လုပ်ကြဖို့အရေးကို ၁၉၇၀ ခုနှစ်တစ်ဝိုက်မှာ ဆော်ဩပြီး နေကြတယ်။ ဘယ်အလုပ်မျိုးမဆို တိတိကျကျ လုပ်ကြရမယ်၊ အလုပ်မတိကျရင် လုပ်ငန်းခွင်မှာ ပျက်စီးဆုံးရှုံးရုံသာမက လူမျိုးရဲ့ဂုဏ်ကိုပါ ထိခိုက်တယ်။ နမော်နမဲ့နိုင်တဲ့လူမျိုး၊ ဘာမှ မသေချာမရေရာတဲ့လူမျိုးလို့ အပြော အဆို ခံရမယ်။ ပြီးတော့ ရည်မှန်းချက်တွေလည်း အောင်မှာ မဟုတ်ဘူးလို့ အလုပ်ကို တိတိကျကျ လုပ်ကြရအောင် ဆော်ဩသူတွေက သတင်းစာတွေထဲက တောင် ဆော်ဩနေကြတဲ့အချိန် ဖြစ်တယ်။

Generated by CamScanner from intsig.com

ဒီအချိန်မှာ ဘားအံမြို့ပေါ်က အရာရှိအချို့နဲ့ ဝါသနာပါတဲ့ လူတစ်စုက သမဝါယမ စုပေါင်းမွေးမြူဖို့ စိုင်းပြင်းကြပြီး ပြည်ထောင်စုမြို့သစ်ရပ်ကွက်နဲ့ ကမော့ကစင်ရွာအကူး လမ်းအနောက်ဘက်မှာ သမဝါယမ မွေးမြူရေးခြံလို့ အမည်တပ်ကာ အဆောက်အဦးတွေ ဆောက်ကြတယ်။

သူတို့ရဲ့ မွေးမြူရေးခြံက ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ ပထမ စတည်ထောင်တာဖြစ်လို့ ဝက် ၁၀ ကောင်၊ ဆိတ် ၆ ကောင်၊ ကြက်အကောင် ၄၀၊ ဘဲအကောင် ၅၀ လောက်က စမွေးမှာပါ။

သစ်တို သစ်စတွေနဲ့ တိရစ္ဆာန်တွေထားဖို့ အဆောက်အဦး ၄ လုံးကို ကိုယ်ထူကိုယ်ထစံနစ်နဲ့ ကိုယ်တိုင်ကိုယ်ကျ လက်သမားလုပ်ပြီး ဆောက်ကြတယ်။ ဆောက်လို့ ပြီးတဲ့အခါကျတော့ အမိုးမိုးဖို့ အင်ဖက် ဝယ်ယူရမယ့်ကိစ္စ ပေါ်လာတယ်။

ဒါ့ကြောင့် အင်ဖက် ကောင်းကောင်းထွက်တဲ့ ခလောက်နို့နယ်ဘက်ကို အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဘားအံမြို့ ကြေးမုံနဲ့ ဟံသာဝတီသတင်းထောက် ဦးတင်ထွန်း ကသွားပြီး အင်ဖက်အပျစ် ၁၀၀၀၊ ငွေ ၉၀ ဖိုး မှာခဲ့တယ်။ အင်ဖက်ကို မွေးမြူ ရေးခြံအရောက် ပို့ပေးရမယ်၊ ခြံရောက်မှ ငွေချေမယ်ဆိုတဲ့ စည်းကမ်းနဲ့။

သတင်းထောက်က ခလောက်နို့နယ်သားတွေရဲ့အကြောင်းကို သိထား တော့ သူ့အပေါ် ရှုပ်ရှုပ်ပွေပွေတွေ မလုပ်နိုင်အောင် အင်ဖက်ကို မှာကတည်းက "ကျွန်တော်တို့ဆီရောက်မှ ဖက်က ဘာဖြစ်လို့ လျော့သလေး – ဘာလေးနဲ့ ဆင်ခြေ ပေးတာတော့ မကြားချင်ဘူး။ ကျွန်တော်တို့က အများနဲ့ လုပ်တဲ့အလုပ်မို့ တိတိကျကျလုပ်ရမှာ၊ ခင်ဗျားတို့ဆီက ပိုလည်း မပိုချင်ဘူး၊ လျော့လည်း မလို ချင်ဘူး" လို့ ပြောပြီး ပြန်ခဲ့တယ်။

နောက်တစ်နေ့ နေ့လယ်မှာပဲ ခလောက်နို့က ဖက်လှည်းဟာ မွေးမြူရေး ခြံကို ရောက်လာတယ်။ လှည်းသမားက ဖက်တွေကို ချလို့ကုန်တာနဲ့ "ပစ္စည်းရှင် ရောက်လာလိမ့်မယ်၊ မွားနေပုမှာစိုးလို့ ပြန်တော့မယ်" လို့ ပြောပြီး ပြန်သွားတယ်။

ဖက်ရှင်ကတော့ နေစောင်းမှ ရောက်လာတယ်။ အဲဒီမှာ ဖက်သွားမှာတဲ့ သတင်းထောက်က မသင်္ကာတာနဲ့ ဖက်ရှင်ရှေ့မှာ ဖက်တွေကို တစ်ပျစ်စီရေကြည့်တော့ ဖက်ပျစ် ၃ ပျစ်ပိုနေတာကို တွေ့ရရော။ ဒါနဲ့ ပိုနေတဲ့ ဖက် ၃ ပျစ်ကို ဖက်ပုံကြီးပေါ် ပစ်တင်လိုက်ပြီး ဖက်ဖိုးငွေ ၉ဝိ ကို ထုတ်ပေးတဲ့အခါ ဖက်ရှင်က ပိုသွားတဲ့ သူ့ဖက် ၃ ပျစ်အတွက် ပြား ၃ဝ ပေးပါလို့ တောင်းတယ်။

ဒီတော့ သတင်းထောက်က "မဟုတ်ပါဘူးဗျာ၊ ငွေကိုးဆယ်ဖိုးတောင် ဝယ်တာပဲ ဒီဖက်အတိုကလေး ၃ ပျစ်တော့ အဆစ်ပေးသင့်ပါတယ်" လို့ ပိုနေတဲ့ ဖက်သုံးပျစ်ကို အဆစ်တောင်းတယ်။

ခုလို အဆစ်တောင်းတော့ ဖက်ရှင်က "ပြား ၃ဝ မပေးရင်လည်း ပြားအစိတ်တော့ ပေးပါ" လို့ ငါးပြားလျှော့ပြီး တောင်းပြန်တယ်။

ဒီတော့ သတင်းထောက်က "ခြိမ်းနေတဲ့ဒီမှာ ဘယ်က ပိုက်ဆံအကြွေ ရှိမှာလဲဗျ၊ ဖက် ၃ ပျစ်ကလေးပဲ ပေးခဲ့ပါ" လို့ အလျှော့မပေးဘဲ တောင်းတယ်။

ဒါပေမယ့် ဖက်ရှင်က အလျှော့မပေးဘူး "ဒီမှာ အကြွေမရှိရင်လည်း အိမ်ကိုလိုက်ပြီး ယူပါ့မယ်" လို့ လုပ်ပြန်တယ်။

ဒီတင် သတင်းထောက်က "ငွေ ကိုးဆယ်ဖိုးတောင် လုံးခနဲဝယ်တဲ့ ဥစ္စာပဲဗျာ၊ တစ်မူး တစ်မတ်ကို ကြည့်စရာ မလိုပါဘူး၊ မိတ်ဖြစ်ဆွေဖြစ်သဘောနဲ့ နောင်လည်း ဆက်ပြီး လုပ်ကြဦးမှာပဲ၊ ဒီ ဖက်ကလေး သုံးပျစ်တော့ စာရင်းထဲ ထည့်မတွက်ပါနဲ့တော့" လို့ မျက်နှာချိုသွေးတယ်။

ဒီလို မျက်နှာချိုသွေးပေမယ့် ခလောက်နီသား ဖက်ရှင်က "ခင်ဗျားတို့ပဲ ပိုလည်းမလိုချင်ဘူး၊ လျော့လည်းမလိုချင်ဘူး၊ တိတိကျကျဆို ......" လို့ပြောပြီး သူ့ဖက် ၃ ပျစ်ကို ဆွဲယူကာ ထွက်သွားပါရော။ သူပြန်သယ်သွားရမယ့် ခရီးက ၁ဝ မိုင်လောက် ဝေးပါလိမ့်မယ်။

တိတိကျကျ လုပ်ကြရမယ်လို့ ကြွေးကြော်ထားတဲ့ မွေးမြူရေးခြံက သမဝါယမဆရာတွေဟာ လောက်နံ့နယ်သားရဲ့ တိတိကျကျ လုပ်သွားပုံကို ငေးပြီး ကြည့်နေမိပါသတဲ့။

## ဝမ်းဘဲကျောင်းသမား ဇော်ဂျီ

ဖြွဲ့ကပင်တောင်နဲ့ ပတ်ဝန်းကျင်တောဟာ ရှေးတုန်းက သစ်ကြီးဝါးကြီးတွေနဲ့ ပြည့်နက်နေပြီး အင်မတန်နက်တဲ့ တောကြီး ဖြစ်ခဲ့ဖူးပါတယ်။ သစ်ရဲကျားရဲတွေလည်း ပေါတယ်။ ဗိုဗွာ ဇော်ဂျီ တပသီတွေလည်း ရှိတယ်။ အဲဒီအချိန်က ဗွဲ့ကပင်တောင်ခြေမှာ စလောက်နဲ့ သစ်ချုပ်ရွာကလေးလည်း ရှိနေတယ်။

သစ်ချပင်ရွာသားတွေဟာ စိုက်လို့ပျိုးလို့ရတဲ့ နေရာမှာ တောင်ယာကွက်ကလေး အနည်းအကျဉ်းလုပ်ပြီး အမဲလိုက်တဲ့ မုဆိုးအလုပ်နဲ့ အသက်မွေးကြတယ်လို့ ဆိုတယ်။

တစ်နေ့မှာ ခလောက်နို့ သစ်ချပင်ရွာက လူတစ်ယောက်ဟာ အမဲလိုက်ရင်းနဲ့ ဖွဲကပင်တောင်ထိပ်နားကို ရောက်သွားတော့ ခပ်လှမ်းလှမ်းက ကျောက်ဖျာပေါ်မှာ ဇော်ဂျီတစ်ယောက် ဆေးကြိတ်နေတာကို အမှတ်မထင် မြင်လိုက်တယ်။ ဒါနဲ့ ဒီလူက သစ်ပင်ကွယ်ကနေပြီး ဇော်ဂျီကြီး ဘာလုပ်နေတယ်ဆိုတာ ချောင်းကြည့်တယ်။ ဇော်ဂျီဟာ ကျောက်ဖျာပေါ်မှာ ဆေးမြစ် ဆေးရွက် ဆေးဥတွေကို ညက်အောင်ကြိတ်ပြီး ခြစ်ယူကာ ဆေးလုံးကလေးတွေ လုံးတယ်။ နောက် မျိုချလိုက်ပြီး ထခုန်လိုက်တာ ပြန်ကျမလာတော့ဘဲ တစ်ခါတည်း ကောင်းကင်ခရီးက အရှေ့ဘက်ကို ပျံသန်းသွားတာ တွေ့လိုက်တယ်။

ချောင်းကြည့်နေတဲ့ သစ်ချပင်ရွာသားက ဒီအဖြစ်ကိုမြင်တော့ "ဆေးဝိဇ္ဇာဆိုတာ ဒါပဲကိုး၊ ဆေးတန်ခိုးကြောင့် မိုးပျံနိုင်တာပဲ၊ ဆေးအကပ်အသပ်ကလေးများမှ ကျန်ပါဦးမလား၊ သိရအောင် သွားကြည့်လိုက်ဦးမှ" လို့ အကြံပေါက်ပြီး ဇော်ဂျီ ဆေးကြိတ်တဲ့ ကျောက်ဖျာဆီကို သွားရော။

ကျောက်ဖျာနားရောက်တော့ ကျောက်ဖျာရဲ့ နှုတ်ခမ်းမှာ ဆေးအကပ်အသပ်တွေ ပေနေတာကို မြင်တာနဲ့ "တစ်ခါပြင့် ဟုတ်ပြီ၊ ငါလည်း ဆေးဝိဇ္ဇာလို ဒီဆေးအကပ်အသပ်ကိုစားပြီး ကောင်းကင်ခရီးက အိမ်ပြန်ကြည့်လိုက်မယ်" လို့ အကြံပေါ်လာတာနဲ့ ကျောက်ဖျာက ဆေးအကပ်အသပ်ကို လျှာနဲ့လျက်တယ်။

လျက်လို့ကုန်တော့ ဝိဇ္ဇာလုပ်သလို ထခုန်လိုက်တယ်။ ဒီလိုခုန်လိုက်တော့ ကောင်းကင်ပေါ်ကို အမြင့်ကြီးရောက်မသွားဘူး။ သူရပ်နေတဲ့နေရာက တစ်တောင်လောက်ပဲ မြင့်တက်သွားတယ်။ ပြန်ပြီးတော့လည်း မြေပေါ်ကို မကျဘူး။ ဒီတင် ဘာလုပ်ရမှန်း မသိတာနဲ့ "ငါ့အိမ်ကို ပြန်ရောက်စေ" လို့ သူ့ကိုယ်သူ အမိန့်ပေးလိုက်တယ်။ ဒါပေမယ့် သူ့ကိုယ်ဟာ ဘယ်မှ ရွေ့မသွားဘူး။ အဲဒါနဲ့ တစ်လှမ်းချင်း လှောက်ကြည့်တော့ ခြေထောက်တွေဟာ မြေနဲ့မထိဘဲ လေထဲမှာ

Generated by CamScanner from intsig.com

အင်မတန် နေးနေးကွေးကွေး လျှောက်နေတာကို တွေ့ရတယ်။ ဒီတင် သူဟာ တခါတည်း အကြံအိုက်ပြီး စိတ်ညစ်သွားပါရော။

မြေနဲ့တစ်တောင်လောက်မြင့်တဲ့ လေပေါ်မှာ လျှောက်ရတာက ခြေကုပ်ခြေကန်မရလို့ မြန်မြန်ဆန်ဆန် လျှောက်လို့မဖြစ်တော့ စမ်းပြီးထိုင်ကြည့် အိပ်ကြည့်တော့ မြေကြီးနဲ့ကိုယ်နဲ့ထိပါရဲ့ မတ်တတ်ရပ်လိုက်တာနဲ့ မြေကြီးနဲ့ ခြေနဲ့ လွတ်သွားပြီ လေထဲမှာ တစ်တောင်လောက် အမြင့်ကို ရောက်သွားပြန်တယ်။ ဒါကြောင့် အိမ်ကိုလျှောက်ပြီးပြန်ဖို့ မဖြစ်နိုင်အောင် ရှိနေတယ်။ ဇော်ဂျီရဲ့ဆေးကို စားသင့်သလောက် မစားရဘဲ မခိုးမပို့ ဆေးတန်ခိုးပြရုံသာ စားရလို့ ဒုက္ခတော့ အကြီးအကျယ်ဖြစ်ပြီလို့ သူ့ကိုယ်သူ သိလိုက်တယ်။ ဒီအခါ ပိုလို့ စိတ်ဆင်းရဲသွားရပြန်တယ်။

သူဟာ အိမ်ကို ဘယ်လိုရောက်အောင် ပြန်ရပါ့မလဲလို့ ဝေခွဲလို့မရအောင် ဖြစ်နေတုန်း ရုတ်တရက်အကြံတစ်ခု ထွက်လာတာနဲ့ မလှမ်းမကမ်းမှာပေါက်နေတဲ့ ဝါးရုံကြီးဆီကို မြေမထိတဲ့ ခြေထောက်နှစ်ချောင်းနဲ့ ကြိုးစားပြီး ရောက်အောင် သွားတယ်။ ဝါးရုံကိုကိုင်မိတော့ ခါးမှာရှုပ်ထားတဲ့ ဓားကိုထုတ်ပြီး ဝါးတစ်ချောင်း ခုတ်တယ်။ အလောတော်ဝါးရတော့ လှေကိုထိုးဝါးနဲ့ထိုးပြီး ချောင်ကြိုချောင်ကြား ထဲသွားသလို လေထဲမှာ တစ်တောင်လောက်မြောက်နေတဲ့ သူ့ကိုယ်ကို ထိုးဝါး အကူအညီနဲ့ သစ်ပင်ကြိုသစ်ပင်ကြားက ကွေ့ကောက်ဖြတ်သန်းပြီး အိမ်ကို ပြန်ခဲ့တယ်။ ဒီလိုပြန်လာတုန်း သူ့ကိုယ်ဟာ ထိုးဝါးနဲ့ သွားလို့လာလို့ ရတာကို လည်း သဘောကျသလို ဖြစ်လာတယ်။

သူအိမ်ပြန်ရောက်လို့ မကြာခင်ဘဲ ရွာကလေးတစ်ရွာလုံးက သူ့ဖြစ်ပုံကို သိပြီး ဒီလူကို ထိုးဝါးဇော်ဂျီလို့ ဘွဲ့ပေးလိုက်ကြတယ်။

တစ်နေ့တော့ ထိုးဝါးဇော်ဂျီဟာ ဖွဲကပင်တောင်ခြေမှာရှိတဲ့ စလောက်နီ့ ဗျိုင်းတောင်ရွာမှ ဝမ်းဘဲတွေမွေးနေတဲ့ သူ့ရဲ့အရင်းနှီးဆုံး သူငယ်ချင်းဆီကိုသွားကာ

သူထိုးဝါးဖော်ဂျီ ဖြစ်လာရပုံအကြောင်းစုံကို ပြောပြတယ်။ သူ့ဘဝဟာ ဘာဝိဇ္ဇာ ဘာဖော်ဂျီမှ မဖြစ်ချင်ဘဲ မိမွေးတိုင်းဖမွေးတိုင်းသာ ဖြစ်လိုနေလို့ကြောင်း၊ အခုတော့ အတတ်ဆန်းမိတဲ့အတွက် တကယ့်ဝိဇ္ဇာဖော်ဂျီတို့လို မြေလျှိုးမိုးပျံလို့လည်း မဖြစ်၊ မြေနဲ့တစ်တောင်လောက်အမြင့်က ထိုးဝါးတစ်ချောင်းနဲ့ သွားလာနေရတဲ့ ဒုက္ခကလည်း ဘယ့်ကလောက် ကြီးမားတယ်ဆိုတာ သူသာသိကြောင်း ရှင်းပြတယ်။ ဒီဒုက္ခက လွတ်ကင်းအောင်လို့သူ့ကို အကြံဉာဏ်ကလေးများဖြစ်ဖြစ်၊ အကူအညီ ဖြစ်ဖြစ် တစ်ခုခုပေးပါလို့ တောင်းပန်တယ်။

ဒီအခါ သူငယ်ချင်းဖြစ်သူက "အေး – ငါလည်း မိုးပျံတဲ့ဖော်ဂျီတွေကို ခဏခဏတွေ့ပါရဲ့ ဒီတစ်ခါတွေ့ရင် မင်းကို ငါကူညီနိုင်အောင် သူတို့နဲ့ ငါတစ်ခုခု ကြိုးစားကြည့်ပါမယ်" လို့ အာမခံတယ်။

ထိုးဝါးဖော်ဂျီဟာ အကြံအဖန် အင်မတန်ကောင်းတဲ့ သူငယ်ချင်းဆီက အာမခံချက်ရတော့ သူဟာ မကြာခင်ဘဲ ထိုးဝါးဖော်ဂျီဝင်က ကျွတ်တော့မယ်လို့ ယုံကြည်ပြီး အိမ်ကိုပြန်ခဲ့တယ်။

တစ်နေ့မှာ ထိုးဝါးဖော်ဂျီရဲ့ သူငယ်ချင်းဟာ ဝမ်းဘဲကျောင်းနေရင်း ကန်ဘောမှာရပ်နေတုန်း သူ့ခေါင်းပေါ်က ဟိုကြည့်ဒီကြည့်နဲ့ ခပ်နိမ့်နိမ့်ပြတ်သွားတဲ့ ဖော်ဂျီတစ်ယောက်ကို မြင်လိုက်တော့ မော့ကြည့်ပြီး "ဒီဖော်ဂျီကတော့ အံ့ပါရဲ့၊ သွားပုံလာပုံက အသက်မရှိသလို နေ့နေ့ကျွေးကျွေးနဲ့ ဟန်မရလိုက်တာ" လို့ ပြောလိုက်တယ်။

ဒီလိုပြောလိုက်တာကို ဖော်ဂျီကကြားတော့ သူ့ဆီလှည့်လာပြီး "မင်းက ငါ့ကို ဟန်နဲ့ပန်နဲ့ မသွားတတ်ဘူးဆိုတော့ ငါက ဒါထက် ဘယ်လိုဟန်လုပ်ပြီး သွားရမှာလဲကွ" လို့ ပြန်မေးတယ်။

ဒီတော့ ဝမ်းဘဲကျောင်းသမားက "ကျွန်တော် ဖော်ဂျီတွေအများကြီးကို နေ့တိုင်းလို တွေ့နေပါတယ်။ သူတို့ သွားပုံလာပုံဟာ ဟန်နဲ့ပန်နဲ့ ကြည့်လို့

အင်မတန် ကျက်သရေရှိတာ။ ခင်ဗျားကျတော့ ရိုးရိုးကြီး၊ ကလေးတွေ ကြိုးကိုဆွဲပြေးတော့ လွင့်ပါပြီးလိုက်သွားတဲ့ စွန်လိုပဲ" လို့ ပြောပြန်တယ်။

"ဒီအခါ ဇော်ဂျီက ဟုတ်တယ်ပဲ ထားပါတော့ကွာ၊ တခြားမင်းသဘောကျတဲ့ ဇော်ဂျီတွေရဲ့ဟန်ကို ငါ့ကို လုပ်ပြစမ်းပါ" လို့ ရယ်ရယ်မောမောနဲ့ ပြန်ပြောပြန်တယ်။

ဒီတင် ဝမ်းဘဲကျောင်းသမားက "ဒီလိုဆိုရင် ကျွန်တော်လုပ်ပြမယ်။ မြေကြီးပေါ်က နေပြလို့တော့ မဖြစ်ဘူး၊ တူမှာလည်းမဟုတ်ဘူး၊ ခင်ဗျားငုံထားတဲ့ ပတ္တမြားလား ဓာတ်လုံးလား၊ အဲဒါ ခဏပေး ကျုပ်လုပ်ပြမယ်" လို့ ပြန်ပြောလိုက်တယ်။

ခုလို ပြောလိုက်တော့ ဝမ်းဘဲကျောင်းသမားရဲ့ ဟန်တစ်လုံး ပန်တစ်လုံး လုပ်ပြမှာကို ကြည့်ပြီး အတုခိုးချင်တဲ့ ဇော်ဂျီက သူငုံထားတဲ့ ဓာတ်လုံးကို ပေးလိုက်တယ်။

ဝမ်းဘဲကျောင်းသမားဟာ ဓာတ်လုံးကိုရတာနဲ့ ဘာမှမပြောတော့ဘဲ ခုန်လိုက်တာ တိမ်တောင်တိမ်လိပ်တွေကြားထဲ ရောက်သွားပြီး ပျောက်သွားရော။ သူ့ကို အောက်ကဇော်ဂျီ မမြင်နိုင်တော့ဘူးလို့ထင်မှ သစ်ချပင်ရွာက ထိုးဝါး ဇော်ဂျီအိမ်ရှေ့မှာ ဆင်းလိုက်တယ်။ ပြီးတော့ သူ ဇော်ဂျီတစ်ယောက်စီက မိုးပျံနိုင်တဲ့ဓာတ်လုံး ဘယ်နည်းဘယ်ပုံ ရခဲ့တဲ့အကြောင်း သူငယ်ချင်း ထိုးဝါးဇော်ဂျီကို ရှင်းပြတယ်။ နောက်ပြီး ဓာတ်လုံးရဲ့အစွမ်းကို သိရအောင် ထိုးဝါးဇော်ဂျီရဲ့ လက်ကိုဆွဲပြီး ကောင်းကင်ကို ပျံတက်ကြည့်တယ်၊ ဓာတ်လုံးရဲ့အစွမ်းနဲ့ သူငယ်ချင်း နှစ်ယောက် ကောင်းကင်မှာ သွားချင်ရာကို အတူသွား အတူလာနိုင်ကြောင်း သေသေချာချာသိတော့ သူတို့ဟာ ဇွဲကပင်တောင်ခြေ ခလောက်နို့နယ်က ရွာသကန်ရွာကို ဆင်းလိုက်ကြတယ်။ နောက် ရွာသကန်ရွာမှာပဲ အိမ်လေးတစ်ဆောင်ဆောက်ပြီး နေလိုက်ကြတယ်။

Generated by CamScanner from intsig.com

ပွဲထဲကဇော်ဂျီလို ဟန်နဲ့ပန်နဲ့ ကြွားချင်တဲ့ဇော်ဂျီကတော့ ခလောက်နို့သားနဲ့ တွေ့မိတာနဲ့ ဗျိုင်းတောင်ရွာမှာ အသက်ထက်ဆုံး ဝမ်းဘဲကျောင်းသမားအလုပ် လုပ်နေရပါသတဲ့။

# ရှိုးတဲ့ ခလောက်နိုသား

ဗြိတိသျှကိုလိုနီခေတ် အုပ်ချုပ်ရေးအောက်မှာရှိစဉ်က ခလောက်နို့မှာ သူကြီးဟောင်း နစ်ရေလို့ သူကြီးရွေးပွဲလုပ်တယ်။ သူကြီးအရွေးခံသူ နှစ်ယောက်ဖြစ်နေလို့ ရွေးကောက်ပွဲ လုပ်ပေးရတာ ဖြစ်တယ်။

အုန်းတစ်ပင် ဘုန်းကြီးကျောင်း ဇရပ်ကြီးထဲမှာ ရွေးကောက်ပွဲလုပ်တဲ့နေ့က သက်ဆိုင်ရာ မြို့အုပ်နဲ့ အရာရှိတွေလည်း လာတယ်။ သူကြီးတစ်ပိုင်အတွင်း က လူတွေလည်း တစ်အိမ်တစ်ယောက် လာကြတယ်။ သူကြီးဆိုတာရွာသူရွာသားအပေါ် ကောင်းကျိုး ဆိုးကျိုးပေးတဲ့လူပဲ၊ သူကြီးရွေးမှားရင်ရပ်သူရွာသားတွေပဲ ခံကြရမယ် ဆိုတာကို သိကြလို့ မဲဆန္ဒပေးရအောင်အိမ်တိုင်း လာကြတယ်။ လာတဲ့လူတွေက များတော့ ဇရပ်ကြီးမဆံ့လို့ ဇရပ်ဘေးကအရိပ်ကောင်းကောင်း သစ်ပင်ကြီးတွေအောက်မှာ ဟိုတစ်စု ဒီတစ်စုနဲ့ရွေးကောက်ပွဲကျင်းပမယ့် အချိန်ကို စောင့်နေကြတယ်။

ယှဉ်ပြိုင်အရွေးခံကြမှာက လက်ရှိသူကြီးဟောင်း ဦးစိန်ကြယ်နဲ့ ထိုးကွင်းဆရာ ဦးပန်းကျော်အေး ဖြစ်တယ်။

ဒီနှစ်ယောက်မှာ လက်ရှိသူကြီးဟောင်း ဦးစိန်ကြယ်က အသိုင်းအဝိုင်းလည်း ကောင်းတယ်။ မကင်းရာ မကင်းကြောင်းလူတွေလည်း များတယ်။ ဥစ္စာပစ္စည်းလည်း အသင့်အတင့်ရှိတယ်။ သြဇာတိက္ကမလည်းရှိတုန်းပဲ၊ လူကလည်းတော်တည့်မှန်ကန်တဲ့လူ ဖြစ်တယ်။

ဦးပန်းကျော်အေးကလည်း ကလေးတွေကို ထိုးကွင်းထိုးပေးတဲ့ ထိုးကွင်းဆရာဖြစ်လို့ လူတိုင်းကပဲသူ့ကို ဆရာလို့ ရိုရိုသေသေ အခေါ်ခံနေရသူ ဖြစ်တယ်။ သူ့လက်ရာနဲ့ မကင်းတဲ့လူတွေ ဒီနယ်မှာ လူရွယ်ပိုင်းက အများကြီး ရှိတယ်။ ဆင်းတော့ ဆင်းရဲရှာတယ်။ ရိုးတာကတော့ ပါးစပ်ထဲ လက်ထိုးထည့်တာတောင်ကိုက်တတ်တဲ့လူစား မဟုတ်ဘူး။

သူကြီးဟောင်းကလည်း သူကြီးအလုပ်ကို လက်မလွှတ်ချင်ဘူး။ ဒီအလုပ်ကို သာယာနေတယ်။ မင်းတွေစိုးတွေ မော်တော်ကားကြီးနဲ့ သူ့အိမ်ကို ရောက်လာတာမျိုးကို အင်မတန် ပီတိဖြစ်တယ်၊ ဂုဏ်ယူတယ်။ တောရွာမှာ ဒီလိုဂုဏ်ရှိတာမျိုးကို ယှဉ်ပြိုင်အရွေးခံတဲ့ ထိုးကွင်းဆရာ ဦးပန်းကျော်အေးကလည်း ရိုးပေမယ့်လိုချင်တယ်။

Generated by CamScanner from intsig.com

အချိန်ကျလို့ ရွေးကောက်ပွဲ ကျင်းပတော့မယ့်အခါကျတော့ တာဝန်ရှိတဲ့ မြို့အုပ်မင်းကပဲ "မဲတွေ ဘာတွေ လုပ်မနေကြပါနဲ့ အများသဘောကျတဲ့လူကို ပြောင်ပဲပြောပြီး ရွေးကြပါ၊ ဒါမှ အချိန်မကုန်ဘဲ လူတွေ ပြန်ရသွားရလွယ်ကူကြမယ်၊ သူကြီးတစ်ပိုင်ဆိုပေမယ့် ရှစ်မိုင် ကိုးမိုင်က လာကြတာလည်းရှိတယ်၊ လူတွေပြန်ဖို့ရာလည်း အရေးကြီးပါတယ်" လို့ ထပြီး ရှင်းပြတယ်။

ဒီလို ရှင်းပြလိုက်တော့ သူကြီးဟောင်းရဲ့ လူတစ်ယောက်က "ကျွန်တော် သူကြီးဟောင်းကိုပဲ ကြိုက်ပါတယ်" လို့ လူပုံအလယ်ကထပြီး ပြောတယ်။

အဲဒီလို လူတစ်ယောက်က ဈေးဦးဖောက်လိုက်တာနဲ့ ဟိုကတစ်ယောက်၊ ဒီကတစ်ယောက်နဲ့ သူကြီးဟောင်းကို ထောက်ခံကြတယ်။ နောက်ဆုံး လူတိုင်းလူတိုင်းပဲ သူကြီးဟောင်းကို ထောက်ခံပြီးသား ဖြစ်သွားတယ်။

ဒီတင် ဇရပ်တိုင်ကိုမှီပြီး ကွမ်းဝါးနေတဲ့ ဦးသန်းကြူဆိုတဲ့လူက ထပြီး "ကျွန်တော်က ဦးပန်းကျော်အေးကို သဘောကျပါတယ်" လို့ ထိုးကွင်းဆရာကို ထောက်ခံလိုက်တယ်။

ဒါပေမယ့် သူ့နောက်ကိုလိုက်ပြီး ဆက်ထောက်ခံမယ့်သူ တစ်ယောက်မှ မရှိဘူး။ ထိုးကွင်းဆရာ ဦးပန်းကျော်အေးကို သူတစ်ယောက်တည်း သဘောကျတာဖြစ်လို့ မြို့အုပ်က သူကြီးဟောင်းကိုပဲ သူကြီးအဖြစ် ခန့်ပြီး ပြန်သွားတယ်။ ပရိသတ်လည်း အသီးသီး ပြန်ကုန်ကြတယ်။

ဦးသန်းကြူး အိမ်ပြန်ရောက်တဲ့ အခါကျတော့ ကြိုတင်သတင်းရထားတဲ့ သူ့မယားက "ရှင့်နှယ်တော် ရန်များအောင် အလကား ဦးပန်းကျော်အေးကို သွားထောက်ခံတယ်၊ အစကတည်းက မနိုင်မှန်းလည်း သိသားနဲ့ " လို့ အပြစ်တင်တယ်။

ဒီတော့ ဦးသန်းကြူက " ရှင်မရာ သူ့ခများ သနားစရာ၊ ဘယ်သူမှ ထောက်ခံမယ့်သူ မရှိလို့ ငုတ်တုတ်ကလေး ထိုင်နေတာ၊ မနိုင်မှန်းတော့ ငါအသိ

သားပဲ၊ မြင်ရတွေ့ရတာ စိတ်မချမ်းသာလွန်းလို့ ငါထောက်ခံလိုက်တာပဲ" လို့ ပြန်ရှင်းပြလိုက်ပါသတဲ့။

ခလောက်နဲ့မှာ လူဆန်းတွေရှိတယ် ဆိုပေမယ့်၊ ဒီလို ရိုးတဲ့လူလည်း ရှိပါသေးတယ်။

✍

Generated by CamScanner from intsig.com

# မုန့်ဟင်းခါး စားရင် ပွဲလန့်တတ်တယ်

တစ်နှစ်က ဘားအံမြို့နဲ့ လေးမိုင်လောက်သာဝေးတဲ့ ရဲသာရွာ ရွာဦးဘုန်းတော်ကြီးကျောင်းမှာ ရွာကဒကာတွေစုပြီး ရှင်ပြုပွဲကြီးလုပ်တော့ ဇာတ်တစ်ဇာတ်ကိုပါ ငှားသွင်းတယ်။

ပွဲခင်းနေရာကလည်း ကျယ်၊ လာတဲ့ပရိသတ်ကလည်းများ၊ ကတဲ့ဇာတ်ကလည်းကောင်းတော့ ညနေစောင်းလာတာနဲ့ ကျောင်းဝင်းကြီးအနီး လယ်ကျင်းထဲက ပွဲခင်းမှာ လူတွေဟာ ဖွေးဖွေးလှုပ်နေအောင် စည်ကားနေတယ်။

ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ မုန့်တီဆိုင်၊ လက်ဖက်ရည်ဆိုင် စတဲ့ စားသောက်စရာ ဆိုင်တွေ၊ အကျႌ၊ လုံချည်၊ ထဘီ၊ ဓာတ်မီး၊ နာရီကြီးတွေကအစ မဲဖောက်ရောင်းတဲ့ ဆိုင်တွေနဲ့ အလှကုန်တွေတင်ရောင်းတဲ့ ဆိုင်ကလေးတွေဟာ ပွဲခင်းပတ်ပတ်လည်မှာ တစ်ဆိုင်နဲ့တစ်ဆိုင် ထိလုနီးပါး တည်ခင်း ရောင်းချနေကြတယ်။

ပွဲ သုံးညခံတယ်။ ပထမညမှာပဲ ပွဲကောင်းတယ်လို့ သတင်းလွင့်သွားတာနဲ့ ဒုတိယညမှာ ခလောက်နို့သားတစ်သိုက် ပွဲကြည့်ဖို့ စောစောစီးစီး ရောက်လာကြတယ်။ ဒီလူစုဟာ အုပ်စုအလိုက် ပွဲဈေးတန်း လူအုပ်ကြီးကြားထဲ လျှောက်ပြီး တိုးဝှေ့သွားလာနေရင်းက ပွဲမထွက်ခင် လူချင်း ကွဲကုန်ကြရော။

အဲဒီမှာ အုပ်ကွဲသွားတဲ့ ခလောက်နို့သားတစ်ယောက်က သူ့လူတွေကို ဟိုရှာဒီရှာ ရှာရင်း ဆာဆာရှိလာတာနဲ့ လူရှင်းနေတဲ့ မုန့်ဟင်းခါးဆိုင်တစ်ဆိုင် ရှေ့သွားပြီး "ပွဲက စည်လိုက်တာဗျာ၊ တစ်သက်နဲ့တစ်ကိုယ် မကြုံဘူးအောင် စည်တာပဲ။ ဒါပေမယ့် ကျွန်တော့်မှာ အထိမ်းအမှတ်တစ်ခု ရှိတယ်၊ ခုလို လူစည်တဲ့ ပွဲမျိုးမှာ ကျွန်တော် မုန့်ဟင်းခါးစားချင်တဲ့စိတ် ပေါက်လာရင် ပွဲလန့်တတ်

တယ်။ ဒါပေမယ့် မတတ်နိုင်ဘူး၊ အစိတ်သားလောက် ထည့်ပါ" လို့ မုန့်သည်ကိုပြောပြီး ဝင်ထိုင်လိုက်တယ်။

အဲဒီအချိန်က ဘားအံဘက်ကလူတွေ မုန့်ဟင်းခါးစားကြတာဟာ ဒီကနေ့လို တစ်ပန်းကန်ပြင်ပါ ဆိုတာမျိုး မဟုတ်ဘဲ အစိတ်သားထည့်ပါ၊ ငါးဆယ်သားထည့်ပါလို့ ချိန်ခွင်နဲ့ မုန့်အပြုထည်ကိုချိန်ပြီး အထည့်ခိုင်းတာမျိုး ဖြစ်ပါတယ်။

ခုလိုခိုင်းတော့ မုန့်ဟင်းခါးသည် အမျိုးသမီး ဝဝကြီးက "ရှင့်စကားက မဟုတ်သေးပါဘူး၊ ရှင် မုန့်ဟင်းခါးစာချင်တာနဲ့ပဲ ပွဲလန့်ရမှာလား" လို့ ရယ်ရယ်ပြုံးပြုံးနဲ့ ပြန်မေးတယ်။

ဒီလိုမေးလိုက်တော့ ခလောက်နို့သားက "ဟုတ်မှ ဟုတ်လိုက်ပလေ အစ်မကြီး၊ ကျုပ်ကိုယ်တွေ့ သုံးလေးခါ ကြုံဖူးတယ်" လို့ ပြန်ပြောတယ်။

မုန့်ဟင်းခါးသည်က ပန်းကန်ထဲမုန့်ဟင်းခါး အပြုထည်တွေ ချိန်ထည့်ရင်း "ရှင်က ခလောက်နို့သားထင်ပါရဲ့၊ ခလောက်နို့ကလူတွေ လာကြလို့လား။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကတော့ အချက်တစ်ချက် ရှိဘူးတယ်။ ခလောက်နို့က ကာလသားတွေနဲ့ ဒီရွာက ကာလသားတွေ တယ်အခေးမကပ်ကြဘူး။ ပွဲမှာဆုံကြရင် တစောင်စောင်နဲ့ နေတတ်တယ်။ ဒီနှစ်မှာ ပွဲထိန်းတွေက ကောင်းပါတယ်။ ဘုန်းတော်ကြီးတွေပါ ပွဲဝင်ထိန်းတာပဲ ဖြစ်နိုင်စရာမရှိလို့ ပွဲမလန့်ပါဘူး" လို့ ပြောပြန်တယ်။

ခုလိုပြောလိုက်တဲ့အခါမှာ ခလောက်နို့သားက "ဒီလိုလဲ မဟုတ်သေးဘူးလေ၊ ဘာရယ်လို့တော့ မသိပါဘူး။ ပွဲစည်တုန်း ကျုပ်တော် မုန့်ဟင်းခါးစားရင် ပွဲလန့်တာပဲ ဆိုတာတော့ ကျုပ်တော့်မှာ အလိုလို သိနေတယ်" လို့ ပြန်ချေတယ်။

ဒီတော့ မုန့်ဟင်းခါးသည်က "ရှင်တို့ကတော့ အတိတ်တွေ နိမိတ်တွေ တယ်အယူသည်းတုန်းရှိသေးတာကိုး၊ တစ်ခါတစ်လေတော့လည်း ပွဲဆိုတာ လူကများတော့ ဒါမျိုးဆိုတာ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်ရင်ဖြစ်မှာပေါ့" လို့ ပြောရင်း ပြင်ထားတဲ့ မုန့်ဟင်းခါးပန်းကန်ကို ခလောက်နို့သားရဲ့ရှေ့မှာ ချပေးလိုက်တယ်။

ခလောက်နို့သားဟာ သူ့ရှေ့ချပေးလာတဲ့ မုန့်ဟင်းခါးပန်းကန်ကို နှိုက်စားရင်း သူ့စကားကို ပြန်ဆက်ပြန်တယ်။

Generated by CamScanner from intsig.com

"မိုးကြိုးကြီး ပစ်ရစေရဲ့ အစ်မကြီး၊ မယုံဘဲ မနေပါနဲ့၊ တကယ့်ကိုပါ၊ ကျွန်တော် မုန့်ဟင်းခါးစားရင် အမှန်မုချ ပွဲလန့်မှာပါ။ လောင်းချင်ရင်တောင် လောင်းလိုက်ချင်သေးတယ်" လို့ ပြောပြန်တယ်။

မုန့်ဟင်းခါးသည်ဟာ ခလောက်နို့သားနဲ့ ဆက်ပြီးပြောနေရင် ဆုံးမှာ မဟုတ်ဘဲ အလကားသက်သက် ငြင်းနေရရုံသာ ရှိမယ်လို့ သိတာနဲ့ ဘာမှ ဆက် မပြောတော့ဘဲ ငြိမ်နေလိုက်တယ်။

ခလောက်နို့သားဟာ မုန့်အစိတ်သား ကုန်တဲ့အခါ နောက်ထပ် အစိတ်သား ထပ်အထည့်ခိုင်းတယ်။ ထပ်ထည့်ပေးတဲ့အစိတ်သား ကုန်တဲ့အခါ နောက်ထပ်ပြီး "အစိတ်သား ထည့်ပါဦး" လို့ ခိုင်းပြန်တယ်။ အစိတ်သားစီ အလီလီအထည့် ခိုင်းပြီး တစ်ပိဿာ ကုန်တဲ့အခါကျတော့ အကျအန လက်ကိုဆေးကြောကာ စင်စင်ကြယ်ကြယ်သုတ်ပြီး "ကဲ အစ်မကြီး၊ ပွဲခင်းထဲ လျှောက်ဦးမယ်" လို့ နှုတ်ဆက်ကာ ထိုင်ရာကထပြီး ပွဲခင်းဘက်ကို ထွက်သွားတယ်။

ခလောက်နို့သား ဆိုင်ကထပြီး ထွက်သွားလို့ လေး၊ ငါးလှမ်းရောက်တော့ မုန့်ဟင်းခါးသည်က သတိရတာနဲ့ "ဒီမှာ ရှင် ပိုက်ဆံလည်း မပေးရသေးဘူး" လို့ လှမ်းပြောလိုက်တယ်။

ဒီတော့ ခလောက်နို့ကလုက ရပ်လိုက်ပြီး "မုန့်ဟင်းခါးစားချင်အားကြီးလို့ စားလိုက်တာပဲ။ ဘယ်ကပိုက်ဆံပေးစရာ ကျုပ်မှာ ပါမှာလဲ" လို့ ပြန်ပြောတယ်။

ဒီတင် ပထမ ဆိုင်ထဲ ဝင်လာ စားစက ချိုချိုသာသာ လိုက်လိုက် လျှောလျှောပြောခဲ့တဲ့ မုန့်ဟင်းခါးသည် အမျိုးသမီး ဝဝကြီးက "ဟဲ့ နင်ဒီလို လုပ်လို့ဖြစ်မလား၊ စားပြီးရင် ပေးရတယ်။ ငါက အလကားရတာ မဟုတ်ဘူး။ နင် အခုပေးခဲ့၊ နင့်ကို ဘယ်ကမှန်းလည်း ငါမသိဘူး" လို့ ပြောပြောဆိုဆို ဈေးဆိုင်ပေါ်ကဆင်းပြီး ခလောက်နို့သားလက်ကို ဖမ်းဆွဲလိုက်တယ်။

ဒီတော့ ခလောက်နို့သားက "ငါ့မှာ မရှိလို့ မပေးဘူး။ နင် ကုသိုလ်ရ တာပေါ့" လို့ ပြောရင်း ဆွဲထားတဲ့ အမျိုးသမီး ဝဝကြီးလက်ထဲက ရုန်းတယ်။

ဒီတင် မုန့်ဟင်းခါးသည်က မခံနိုင်အောင်ဖြစ်လာတာနဲ့ ခုနစ်သံတက်ပြီး "ငါ့ဟာကိုစားပြီး မပေးတဲ့သေချင်းဆိုး ကာလနာ ကျားကိုက်၊ နင်ဒီလို မတရား လုပ်ရသလား" လို့ ကက်ကက်လန်အောင် ရန်တွေ့တယ်။ ခလောက်နို့သားရဲ့ ကျောကုန်းကြီးကိုလည်း လက်တစ်ဘက်နဲ့ ထုတယ်။

ဒါပေမယ့် ခလောက်နို့က လူကတော့ ဘာမှပြန်မလုပ်ဘူး၊ ငြိမ်ခံနေတယ်။ ပါးစပ်ကတော့ "အစ်မကြီး ကုသိုလ်ရပါတယ်၊ မလှူတတ်ရင် ဈေးရောင်းလို့ စာဆိုရှိပါတယ်" လို့ စပ်ပြုံးပြုံးနဲ့ မခံချိမခံသာဖြစ်အောင် ပြန်ပြောတယ်။

ဒီတင် မုန့်ဟင်းခါးသည်ဟာ စိတ်ဆိုး ဒေါသဖြစ်အား ကြီးလွန်းလို့ အသံကုန် အော်ဟစ်ပြီး ဆဲတယ်၊ ကျိန်တယ်၊ ရန်တွေ့တယ်။ ခုလို ပွဲခင်းထောင့် ဆိုင်တွေဘက်က အော်ကျယ်ဟစ်ကျယ်နဲ့ ဆူဆူညံညံ ဖြစ်နေတော့ အနားအနီးက လူတွေလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တယ်။

ပရိသတ်များတဲ့ ပွဲခင်းဆိုတာ တစ်နေရာက ဆူဆူညံညံဖြစ်လာရင် လန့်တတ်တဲ့အတိုင်း ပွဲခင်းထဲကလူတွေဟာ ဟိုပြေးရမလို ဒီပြေးရမလို ဖြစ်သူဖြစ်၊ ကလေးမြေးငယ်ပါလာတဲ့ မိဘတွေကလည်း သူတို့ကလေးတွေအတွက် စိုးရိမ်တကြီးဖြစ်ပြီး အော်ကြခေါ်ကြနဲ့ လှုပ်လှုပ်ရှရှ ဖြစ်လိုဖြစ်၊ ဆူဆူညံညံဖြစ်နေတဲ့ဆီကို ဘာများဖြစ်လို့ပါလိမ့်လို့ သိချင်တာနဲ့ အပြေးအလွှား သွားသူက သွား။ ရှုပ်ရှုပ်ပွေပွေ ရုတ်ရုတ်သဲသဲဖြစ်တဲ့ နေရာနဲ့ နီးနီးနားနားမနေချင်လို့ တခြားကို အပြေးအလွှား သွားသူကသွားကြနဲ့ လူတွေ တဝေါဝေါဖြစ်ပြီး ထိန်းမရအောင် ပွဲလန့်ပါရော။

ခုလို ရုတ်ရုတ်သဲသဲ ရှုပ်ရှုပ်ပွေပွေ ဖြစ်နေတုန်း သူ့လက်ကိုဆွဲပြီး ဆဲနေတဲ့ မုန့်ဟင်းခါးသည်ကို "အစက ကျုပ်မပြောလား၊ ကျုပ်မုန့်ဟင်းခါးစားရင် ပွဲလန့်မယ်ဆိုတာ" လို့ ပြောပြီး သူ့လက်ကိုဆွဲထားတဲ့ အမျိုးသမီးကြီးကို တွန်းပစ်ကာ လူအုပ်ကြားထဲ ဝင်ရောက် ပျောက်ကွယ်သွားတယ်။

မုန့်ဟင်းခါးသည်ကြီးဟာ လဲရာက ဖုတ်ဖက်ခါထပြီး တစ်ယောက်ထဲ မိုးမွန်အောင် အော်ဟစ်ဆဲရင်း ကျန်ရစ်ခဲ့တယ်လေ။

✍

Generated by CamScanner from intsig.com

## အယူသည်းမှုကို ပယ်ပုံ

ဒလောက်နီသားများဟာ ရှေးရိုးရာ ဓလေ့ထုံးစံတွေကို ရှိရှိသေသေ လိုက်နာကြပေမယ့် အချို့ ပယ်ကောင်းတယ်လို့ ထင်ရတဲ့ဟာမျိုးကျတော့ ဆံကြီး တော်လှန်ပစ်လိုက်တာတွေ ရှိပါတယ်။

သာဓကတစ်ခုကို လက်ညှိုးထိုး ပြစမ်းပါဆိုရင် ဘားအံမြို့ကိုလွန်ပြီး ခလောက်နို့နယ်ထဲကို ရောက်သွားတာနဲ့ လယ်ကွင်းတွေ ရွာစပ်တွေမှာရှိတဲ့ ရှိရှိသမျှ ညောင်ပင်ကြီးတွေရဲ့ အကိုင်း အခက် အလက်တွေကို ပြတ်ပြတ်ပြုန်းအောင် ခလောက်နို့သားတွေက ခုတ်ထား, ချိုင်ထားတာတွေ တွေ့ကြရပါလိမ့်မယ်။

ခုအထိ မြန်မာပြည်တစ်ပြည်လုံးမှာ ညောင်ပင်ကြီးကြီးဆိုရင် အကြောင်းအမျိုးမျိုးပြပြီး အကိုင်းကို ချိုင်ရဲသူ၊ အပင်ကို ခုတ်လှဲရဲသူ ရှားရှားပါးပါး ဖြစ်နေဆဲအချိန်မှာ ခလောက်နို့နယ်မှာတော့ ရှိရှိသမျှ ညောင်ပင်ကြီးတွေဟာ ကတုံးချည့်ဖြစ်အောင် ဆရာတွေက လက်သံပြောင်ထားကြပါတယ်။

ရှေးက ညောင်ပင်မှာ ဘာစောင့်တယ်၊ ဘာရှိတယ်၊ ခုတ်ထစ်ဖျက်စီးရင် ဘာဖြစ်မယ်ဆိုတဲ့ အစွဲအယူကို ဒီလူတွေက ဘာကြောင့် ဒါလောက်ပြောင်မြောက်အောင် ရဲရဲကြီး တော်လှန်ပစ်ကာ ခုတ်ရဲ ထစ်ရဲ ချိုင်ရဲကြပါသလဲ။ သူတို့ရဲ့ အပြေက "ညောင်သားထင်းဟာ မီးဆိုက်ရာမှာ ကောင်းလွန်းလို့" တဲ့။

ဒါတင်မက တခြားသာဓကတွေ တော်တော်များများ ရှိပါသေးတယ်။ တစ်ခု ထပ်ပြရဦးမယ်ဆိုရင် .........

ခလောက်နို့နယ်မှာ နွေပေါက်လာလို့ ရွာအနီးနားက အိုင်တွေ ရေခန်းလာကြတဲ့အခါမျိုးမှာ တစ်ရွာလုံးစုပြီး ငါးဖမ်းလေ့ ရှိတယ်။

ကြီးကြီးငယ်ငယ် အိမ်စေ့ လူတိုင်း ထွက်ကြရတယ်။ ဆိုင်ရာဆိုင်ရာ ပစ္စည်းကိုလည်း ကိုယ့်ဟာကိုယ် ယူသွားကြရတယ်။ မြုံးပါသူ ပါတယ်၊ ယက်သုံ ပါသူ ပါတယ်၊ ကွန်ပါသူ ပါတယ်၊ မှိန်းပါသူ ပါတယ်။ ဆောင်းပါသူ ပါတယ်၊ အဲဒီလိုရှိရာ လက်နက်ကိုယူပြီး တပျော်တပါး ရွာလိုက်ချိကာ ငါးဖမ်းကြတယ်။

တစ်နေ့တော့ ခလောက်နို့ လူကဒါရွာက အင်းမှာ ငါးရှာကြဖို့ လူကြီးလုပ်တဲ့လူက တစ်ရွာလုံးကို ဆော်ဩထားတယ်။ အချိန်ကျတော့ ရွာသားတွေအားလုံး ကိုယ့်ကိရိယာကိုယ်ယူပြီး အင်းထဲရောက်ကုန်ကြတယ်။ ပြီးတော့ ကိုယ်

နည်းနဲ့ကိုယ် ဖမ်းကြတယ်။ လုကဒါ ရွာထိပ်က အင်းဟာ ရေနည်းနည်းနက်တော့ မိုးချုပ်တဲ့အထိ ရေမကုန်နိုင်တာနဲ့ တချို့လုက မြုံးထောင်ထားပြီး ပြန်တယ်။

အဲဒီနေ့က ရွာကလုတွေက စုစုဝေးဝေး ပျော်ပျော်ပါးပါး ငါးဖမ်းကြတာ တစ်နေ့ ကုန်သွားတာတောင် မပြီးတာနဲ့ ကျန်တဲ့ငါးတွေကို နောက်တစ်နေ့ မနက်ဘက်ဖမ်းဖို့ ပြောဆို မှာကြားကြပြီး ရွာကလုတွေအားလုံး ပြန်လာကြတယ်။

မနက်မိုးလင်းတော့ ဒီလုစုဟာ အင်းမှာ တစ်ခါပြန်ပြီး ဆုံကြပြန်တယ်။ ဒီတင် ညက မြုံးထောင်ထားပြီး ပြန်လာခဲ့တဲ့ ရွာသားတစ်ယောက်က သူ့မြုံးကို သွားဖော်တဲ့အခါ မြုံးထဲမှာမိနေတာ ငါးမဟုတ်ဘဲ ငန်းတော်ကျား မြွေကြီး တစ်ကောင် ဖြစ်နေတာကို တွေ့ရတယ်။

ဒီအခါ ဒီလုက လျှော်ကြိုးကို ကွင်းလျှောလုပ်ပြီး မြုံးထဲက ငန်းတော်ကျား ရဲ့လည်ပင်းကို စွပ်မိအောင် ကြံဖန်လုပ်ကာ မိတာနဲ့ မြုံးအပြင်ကို ဆွဲထုတ်လိုက် တယ်။

ငန်းတော်ကျားမြွေကြီး မြုံးအပြင်ကို လည်ပင်းကြိုးတန်းလန်းနဲ့ ရောက်နေ တော့ လုတွေက ဝိုင်းအုံလာကြပြီး ငန်းတော်ကျားမြွေကြီးကို မသတ်ဖို့ ပြောကြ တယ်။ ငန်းတော်ကျားမြွေဟာ မြွေထဲမှာဆိုရင် မြွေဘုရင် ဖြစ်တယ်။ မသတ် ကောင်းဘူးလို့လည်း ဝိုင်းပြောကြတယ်။

သူ့မြုံးထဲမှာမိထားတဲ့ ငါးကလေးတွေကို ကုန်အောင် စားပစ်ပြီး မထွက်တတ်တဲ့ ငန်းတော်ကျားမြွေကြီးကို အခဲမကြေနိုင်တဲ့ မြုံးပိုင်ရှင်က "ဘုရင် ဟာ ဘာဖြစ်လို့ ငါ့မြုံးထဲဝင်ရသလဲ၊ ဝင်ရင် ငါကသတ်မှာပဲ" လို့ ပြောပြီး ငန်းတော်ကျားမြွေကြီးကို ရိုက်သတ်လိုက်ပါတယ်။

"ညောင်ပင်ကို ထင်းအဖြစ် အကိုင်းတွေ နှစ်စဉ် ချိုင်ယူနေကြတဲ့ လုတွေနဲ့ မြွေတို့ရဲ့ဘုရင်ကို သတ်ပစ်တဲ့လုဟာ ဘာမှ မဖြစ်ဘူး။ ဒါဟာလည်း

Generated by CamScanner from intsig.com

လောက်နဲ့က ပြောင်ပြောက်တဲ့ အယူအဆ တော်လှန်ရေး တစ်ရပ်ပဲ" လို့ လောက်နဲ့သား ဆေးဆရာကြီး ဦးတိုက်တုံးက ပြောပါတယ်။

✍

Generated by CamScanner from intsig.com

# ဝါထမ်ရင်

အကြောင်းတစ်ခုခုနဲ့ ကြုံတဲ့အခါ "အတွက်မရှိပါဘူး" လို့ ဒီလောက်ကိစ္စဟာ ဘာမှမဟုတ်ကြောင်း၊ အရေးစိုက်စရာမလိုကြောင်း လူတွေက ပြောလေ့ရှိပါတယ်။

ခုလို "အတွက်မရှိပါဘူး" လို့ ပြောကြတာကို ခလောက်နီ့သား လူကြီးတွေက မကြိုက်ကြဘူး။ "အတွက်ရှိရမှာပေါ့ အတွက်မရှိရင် ဘာအလုပ်မှ ဖြစ်တာ မဟုတ်ဘူး၊ တွက်ရ ချက်ရမယ်၊ မတွက်တတ်ရင် ဘယ်အလုပ်မျိုးမဆို ရှုံးမှာပေါ့" လို့ သူတို့က ဆိုကြတယ်။

"အတွက်မှရှိပါဘူး" လို့ ပြောတဲ့စကားဟာ အကြောင်းကိစ္စတစ်ခုကို အသေးအမွှားလို သဘောထားပြီး အရေးမကြီးပါဘူး၊ ကိစ္စမရှိပါဘူး ဆိုတဲ့ အဓိပ္ပာယ်မျိုး သက်ရောက်စေပါတယ်။ ခလောက်နီ့သားတွေကတော့ "အတွက်ရှိရမယ်၊ ဘာမဆို တွက်ချက်ပြီး လုပ်ရမယ်" ဆိုပြီး စာရင်းအင်းနဲ့ဆိုင်တဲ့ သဘောမျိုး အဓိပ္ပာယ်ဖွင့်ကြပါတယ်။

ဒီလို ယူဆကြတဲ့အထဲမှာ အတွက်ရှိရမယ်၊ ဘာမဆို တွက်ချက်ရမယ်၊ တွက်ချက်ပြီးမှ အလုပ်လုပ်ရမယ်ဆိုတဲ့ အယူကို ခလောက်နီ့နယ်ဘက်ကလူတွေက အစွဲကြီး စွဲထားကြပါတယ်။ သူတို့ဟာ ဘာပဲလုပ်လုပ် အကျိုးအမြတ်ကို တွက်ချက်ပြီးမှ လုပ်လေ့ရှိကြတယ်။ ဖယားကျေတယ်လို့ ဆိုရပါမယ်။

Generated by CamScanner from intsig.com

တစ်နှစ်မှာ အတွက်အချက် စာရင်းဇယားကျလှတဲ့ ခလောက်နို့ သနိဝိုက်ရွာသူ အဘွားအိုတစ်ယောက်ဟာ နိုင်းကြာရွာက ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်စောင့်တယ်။

ဘုန်းတော်ကြီးက ရောက်လာကြတဲ့ ဒကာ ဒကာမတွေကို သီလပေး တရားဟောပြီး ဟိုအကြောင်း ဒီအကြောင်းပြောနေတုန်း သနိဝိုက်ရွာသူ အဘွားအို က "ဘုန်းကြီးဘုရား ဒီနှစ် ဝါထပ်တယ်ဆိုတာ ဟုတ်ပါရဲ့လား ဘုရား" လို့ လျှောက်ထားတယ်။

ဒီတော့ ဆရာတော်က "ဟုတ်တယ် ဒကာမကြီး၊ ဒီနှစ် ဝါထပ်တဲ့နှစ်ပဲ" လို့ ပြောတော်မူတယ်။

ခုလိုပြောလိုက်တော့ အဘွားအိုက "ဝါကလည်း ဘာဖြစ်လို့ မကြာမကြာ ထပ်ရတာလဲဘုရား၊ ဝါတစ်ခါထပ်ရင် တပည့်တော်မတော့ တစ်ခါစိတ်ညစ်ရတာပဲ" လို့ ပြန်လျှောက်တယ်။

အဘွားအိုရဲ့စကားကို ကြားတော့ ဘုန်းတော်ကြီးက အံ့အားသင့်ပြီး "ဝါထပ်တာကို ဒကာမကြီးက ဘာကြောင့် စိတ်ညစ်ရတာလဲ" လို့ မေးလိုက် တယ်။

ဒီတော့ သနိဝိုက်သူ အဘွားအိုက "ဝါထပ်ရင် တစ်နှစ်မှာ ဆယ့်သုံးလ ဖြစ်သွားမယ်ဘုရား၊ ရိုးရိုးနှစ်ထက် တစ်လပိုသွားပါတယ်။ တပည့်တော်မတို့မှာ ဝါထပ်တဲ့နှစ်ဆိုရင် စားစရိတ် တစ်လတစ်ခါ ပိုကုန်ပါတယ် ဘုရား" လို့ ပြန်ပြီး လျှောက်ထားလိုက်ပါသတဲ့။

ခလောက်နို့သူတွေဟာ အတွက်အချက်မှာလည်း အဲဒီလောက် ဇယား ကျကျ တွက်တတ် ချက်တတ်ကြပါတယ်။

Generated by CamScanner from intsig.com

# အမိန့်ဆိုတာ

ထစ်နှစ် ဝါခေါင်လဦးက မကြုံဘူးအောင် ချောင်းဖျားဘက်မှာ မိုးကောင်းလှတာကြောင့် တောင်ရေတွေ လိမ့်ဆင်းပြီး သံလွင်မြစ်ရေဟာ ကြည့်နေရင်း တိုးတိုးလာပြီး ဘားအံမြို့နယ်တစ်ဝိုက်က စိုက်ပြီးစ လယ်ခင်း အမြောက်အမြားဟာ ရေအောက်ကို ရောက်ကုန်တယ်။

မိုးက နေ့ရောညပါ မစဲအောင် ဆက်ပြီးရွာနေတုန်းမို့ ရေဟာ ဒါလောက်နဲ့ မပြီးဘဲ ထပ်တိုးဦးမယ့် အလားအလာတွေ အများကြီး ရှိသေးတယ်လို့ လယ်သမားတွေက မျှော်လင့်ထားကြတယ်။

ဒီအချိန်မှာ လယ်စိုက်ရှင်း အရာရှိတွေဟာ ဘယ်နယ်က စပါး ဘယ်လောက် ပျက်မယ်၊ ရေကျသွားရင် မျိုးစပါး ဘယ်လောက် ထပ်ထုတ်ပေးရမယ် ဆိုတာတွေကို တွက်ချက်နိုင်ဖို့ မအားလပ်နိုင်အောင် ခရီးထွက် "ကွင်းဆင်း" နေကြရတယ်။

ခုလို အချိန်နဲ့လုပြီး မအားမလပ်အောင် အလုပ်လုပ်နေကြရတုန်း ရုံးအမှုထမ်းတွေနဲ့ အလုပ်သမားတွေအားလုံးကိုလည်း အလုပ် တွင်တွင်လုပ်ကြဖို့ အတွက် ဌာနဆိုင်ရာအရာရှိက အမိန့်တစ်ခု ထုတ်တယ်။

ရုံးအမှုထမ်းတွေနဲ့ အလုပ်သမားတွေ ခွင့်မတိုင်ဘဲ အလုပ်မပျက်ရ။ ခွင့်တိုင်တဲ့အခါမှာလည်း အိမ်ကနေ စာရေးပြီး မတိုင်ကြဘဲ လူကိုယ်တိုင် ရုံးကို လာပြီးမှ ခွင့်စာတင်ကြဖို့။ ခွင့်မတိုင်ဘဲ ခွင့်မရဘဲ အလုပ်က ပျက်ကွက်ရင် အရေးယူခံရမယ်ဆိုတဲ့ အရေးပေါ်အမိန့်ကို ထုတ်တယ်။

အမိန့်ထုတ်ပြီး နောက်နေ့မှာ အမိန့်ထုတ်တဲ့အရာရှိကြီးရဲ့ ကားမောင်း သမား မောင်မြိုင်ဟာ ပေါ်မလာတော့ဘူး။ ဘာအခွင့်မှလည်း မတင်ဘူး။

မိုးတွေလေတွေက သဲသဲမဲမဲကြီးထန်နေတယ်။ အရာရှိဟာ ခုလိုမိုးထဲ လေထဲ အရေးကြီးတဲ့ သွားစရာလာစရာတွေ များနေတဲ့အချိန်မှာ ကားမောင်းသမား

Generated by CamScanner from intsig.com

မောင်မြိုင် သူ့ကိုခွင့်မတိုင် အသိမပေးဘဲ အလုပ်မဆင်းတာကို အင်မတန်ဒေါသဖြစ်နေတယ်။ မချော်လင့် မမှုယ်မရာတွေ ဖြစ်မှာစိုးလို့ ကြိုတင်ပြီး အမိန့်ထုတ်ထားခါမှ အမိန့်ကိုဂရုမစိုက်တဲ့ မောင်မြိုင်ကို စိတ်ဆိုးလို့ မဆုံးဘူး။ သူ့ကားကလေးသူမောင်းပြီး မကြည်မသာနဲ့ ရေမြုပ်နေတဲ့ရွာကလေးတွေဆီ အရောက်သွားလာခဲ့ရပြီး စာရင်းတွေ၊ ဇယားတွေစုံတော့ တခြား ဌာနဆိုင်ရာလူကြီးတွေကိုဖိတ်ကာ ရေမြုပ်လယ်တွေအကြောင်း ဆွေးနွေးတယ်၊ စာရင်းဇယားတွေကို တင်ပြတယ်။ ရေမြုပ်လယ်တွေအတွက် မျိုးစပါး ထုတ်ပေးရေးကို ညှိနှိုင်းကြတယ်။

ဒီအချိန်မှာ မောင်မြိုင်ဟာ ရုံးခန်းထဲဝင်လာပြီး သူ့အရာရှိရှေ့ကို ဝင်ရပ်လိုက်တယ်။ ပြီးတော့ "ဆရာ ကျွန်တော် အလုပ်ပြန်ဝင်ပါပြီ၊ ဘာခိုင်းစရာ ရှိပါသလဲဆရာ" လို့ ရိုရိုသေသေနဲ့ မေးတယ်။

မောင်မြိုင်ရဲ့အသံကြားတော့ သူ့ဆရာ အရာရှိကြီးက မောင်မြိုင့်ကို မျက်မှန်ပေါ်က ကျော်ကြည့်ပြီး "မင်းဟာ ခလောက်နို့သားပိပိ ရှိသမျှစည်းကမ်းတွေအားလုံးကို ဖျက်ဆီးနေတဲ့ကောင်၊ ငါက အရေးကြီးတဲ့အချိန်ဖြစ်လို့ ခွင့်မတိုင်ဘဲ အလုပ်မပျက်ရဘူးလို့ အမိန့်ထုတ်ထားတယ်၊ မင်းက သွားချင်ရာသွားပြီး လုပ်ချင်ရာ လျှောက်လုပ်နေတယ်။ အမိန့်နဲ့ စည်းကမ်းဥပဒေကို ရိုသေလိုက်နာရကောင်းမှန်းမှ သိရဲ့လား၊ မင်း ဘာဆင်ခြေပေးဦးမလဲ" လို့ တခြားလူကြီးတွေ ရှိပေမယ့် မအောင့်နိုင်တော့ဘဲ စိတ်ဆိုး မာန်ဆိုးနဲ့ မေးလိုက်တယ်။

ဒီတင် မောင်မြိုင်က ကျောင်းသားကလေးတစ်ယောက်လို လက်ပိုက်ပြီး သူ့အရာရှိကို "ဆရာ အမိန့်ဆိုတာ နားထောင်တဲ့သူရှိမှ အတည်ဖြစ်တာပါ ဆရာ" လို့ အေးအေးဆေးဆေး ပြန်ပြောလိုက်ပါတယ်။

မောင်မြိုင်ရဲ့စကားဆုံးတော့ ရုတ်ခြည်းဆိုသလို ရုံးခန်းထဲမှာ အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်သွားတယ်။ နောက်မှ အမိန့်ထုတ်တဲ့ အရာရှိကြီးရဲ့ဆဲသံ၊ ပြီးတော့ အားရပါးရ ရယ်သံတွေ၊ နောက် ဗလုံးဗထွေး ပြောဆိုကြတဲ့ အသံဗလံတွေနဲ့ ဆူဆူညံညံ အသံတွေ အခန်းထဲက ထွက်လာတယ်။

ဒီအချိန်မှာ မောင်မြိုင်ကတော့ သူ့ဆရာရဲ့ကားထဲကို ရောက်နေပြီ။

Generated by CamScanner from intsig.com

# ကြိုတင်ဆုံပါသရေ

“ငါမှ ငါ၊ ငါ့ဟာမှ မှန်တယ်” ဆိုတဲ့ တစ်ယူသန် တစ်ဘက်သတ်သမားတွေ ကမ္ဘာအနှံ့ ရှိကြပေမယ့် ခလောက်နို့နယ်သားတွေလောက်တော့ အယူမသန်နိုင်ကြဘူးလို့ ရှေးစကားရှိပါတယ်။

ခလောက်နို့နယ်သားတွေ အယူသန်ပုံက အမှန်ကို မသိလို့လည်း မဟုတ်ဘူး။ တစ်ဘက်သတ် အနိုင်ရလိုတာကြောင့် မျက်စိမှိတ်ပြီး သူတို့ဟာသာ မှန်တယ်လို့ ဇွတ်ကိုင်ထားတာသာ ဖြစ်တယ်။

လွတ်လပ်ရေး ရပြီးတဲ့နောက်မှာ သံလွင်ခရိုင်ရယ်၊ သထုံခရိုင်ထဲက ဘားအံမြို့နယ်ရယ်၊ ကျိုက္ကမိခရိုင်ထဲက ကော့ကရိတ်မြို့နယ်ရယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရယ် ပေါင်းပြီး ကရင်ပြည်နယ်လို့ အမည်ပေးကာ ဘားအံမြို့ကို ကရင်ပြည်နယ်၏ မြို့တော်ဆိုပြီး သတ်မှတ်ပြီးစအချိန်က အင်းစိန်မြို့မှ ဘားအံမြို့ကိုပြောင်းလာတဲ့ မြစ်ဝကျွန်းပေါ်သား ကရင်အမျိုးသား အရာရှိတစ်ယောက်ဟာ ဘားအံရောက်ပြီးတဲ့နောက် ခလောက်နို့နယ်က လူတွေရဲ့ နာမည်ကြီးလှတဲ့ အကြောင်းကို အရာရှိအချင်းချင်း စကားစပ်မိလို့ ပြောကြရာက ကြားရော။

ဒီလိုကြားတော့ ပြောင်းလာတဲ့အရာရှိက ဒီလူတွေဆီ သူတစ်နေ့ရောက်ဦးမယ်၊ ဒီတော့မှ ဘာကြောင့် ဒါလောက် လူပြောသူပြော များရသလဲဆိုတာ ကိုယ်တွေ့ စုံစမ်းမယ်လို့ သဘောထားပြီး နေလိုက်တယ်။

ပြီးတော့ အရာရှိဟာ နောက်နေ့မှာပဲ သူ့အိမ်က ရေထမ်းတဲ့လူကို ခေါ်ပြီး ခလောက်နို့ကလူတွေအကြောင်း တိုးတိုးတိတ်တိတ် စုံစမ်းကြည့်တယ်။

Generated by CamScanner from intsig.com

"ခလောက်နို့နယ်မှာ လုကျော်တွေ အင်မတန်ပေါတယ်ဆို" လို့ အရာရှိကမေးတော့၊ ရေထမ်းတဲ့လူက "မရှိပါဘူး" လို့ ပြောတယ်။

"ကျုပ်ကြားတော့ ဒီနယ်သားတွေဟာ လူ့ခွစာတွေချည်းပဲလို့ ကြားတယ်"

"ဟုတ်မယ်မထင်ပါဘူး။ နားကြားလွဲလို့ ဖြစ်ပါလိမ့်မယ်"

"ဒီလူတွေမှာ ပညာခန်းတွေလည်း များတယ်၊ ခွတ်တရွတ်လည်း နိုင်တယ်လို့ အရာရှိတွေက ပြောနေကြတယ်"

"ပညာခန်းဆိုတာ ကျွန်တော် မရှင်းဘူးဆရာ"

"ဆိုပါတော့ကွာ၊ စကားထာဝှက်တာ၊ ပြေတာမျိုးတွေက အစပေါ့"

"ဘယ်လိုစကားထာ ဝှက်တာမျိုးပါလိမ့်"

"ခင်ဗျားလည်း တော်တော်ရှည်တာပဲ၊ အသီးကဆင်စွယ် အရွက်က မုးစေ့ မတ်စေ့၊ အဲဒါ ဘာပင်လဲ ဆိုတာမျိုးပေါ့"

"ဒါလောက်တော့ ကျွန်တော်လည်း အသိသားပေါ့၊ အဲဒါ ကြိတ်ဆုံပါ"

"ဘာ"

"ကြိတ်ဆုံပါ ဆရာ"

"ဒန့်သလွန်ပင်ဆိုတာ မြန်မာပြည်တစ်ပြည်လုံး ကလေးကအစ သိတယ်။ ခင်ဗျားကျမှ ဘယ့်နယ်ကြိတ်ဆုံ လာဖြစ်ရတာလဲ"

"ကြိတ်ဆုံမှ ကြိတ်ဆုံ အစစ်ပါဆရာ၊ ကျွန်တော်တို့ခလောက်နို့မှာ ဒီစကားထာရဲ့အဖြေကို ကြိတ်ဆုံလို့ချည့် ပြေရပါတယ်။ မယုံရင် ဆရာကိုယ်တိုင် လိုက်ပြီး မေးကြည့်ပါ။ တခြားနယ်က အဖြေကိုတော့ ကျွန်တော် မသိဘူး။ သူတို့ဟာသူတို့ ဘယ်လိုပြေပြေ ကျွန်တော်တို့နယ်ကတော့ ဒီလိုမေးရင် ကြိတ်ဆုံမှ ကြိတ်ဆုံအစစ်လို့ ပြေကြရပါတယ်။"

အရာရှိဟာ ရေထမ်းသမားကိုကြည့်ကာ စဉ်းစားပြီး "ခင်ဗျား ခလောက်နို့နယ်သားလား" လို့ မေးလိုက်တယ်။

ဒီအခါ ရေထမ်းတဲ့ဆရာက ခေါင်းငြိမ့်ပြလိုက်တယ်။

# ယားသောက်

ဂျပန်စာတမ်းတင်တဲ့ လုပ်ငန်းတွေ ခေတ်ထနေချိန်က ဌာနတစ်ခုက အမှုထမ်းတစ်ဦးဟာ ခလောက်နို့ကို ရောက်လာတယ်။ နာမည်ကျော် ခလောက်နို့ ဆေးရွက်ကြီးကို သုတေသနလုပ်ချင်လို့တဲ့။

ဒီလူဟာ ခလောက်နို့ရောက်တော့ အဘိုးအိုတစ်ယောက်ကို သူဟာ အစိုးရအမှုထမ်းတစ်ဦး ဖြစ်တဲ့အကြောင်း၊ ခလောက်နို့ သနိုဝိုက်ဘက်မှာစိုက်တဲ့ ဆေးရွက်ကြီးကို သုတေသနလုပ်ဖို့ လာတဲ့အကြောင်း၊ ဒါ့ကြောင့် ခလောက်နို့ ဆေးရွက်ကြီးအကြောင်းကို သိသမျှပြောပြပါလို့ တောင်းပန်တယ်။

ဒီတော့ အဘိုးအိုက "တို့နယ်က ဆေးရွက်ကြီးကို အစိုးရကတောင် လာပြီးလေ့လာရတယ်ဆိုတော့ ဂုဏ်ယူစရာပေါ့ကွာ၊ တို့ကတော့ ကြာပွင့်အောက် ကဖားလို ကိုယ့်အပေါ်က ကြာပွင့်ရဲ့ရနံ့ ဘယ်ကလောက် မွှေးတယ်ဆိုတာ မသိပါဘူး။ မင်းတို့က မြှင့်ပေးမှ တို့ဆေးရွက်ကြီးလည်း မြင့်နိုင်ပေလိမ့်မယ်" လို့ အစချီပြီး ခလောက်နို့ ဆေးရွက်ကြီးသမိုင်းတစ်ခုလို ပြောပြပါတယ်။

"တို့ ပိုးကရင်အမျိုးသားတွေက ဆေးရွက်ကြီးကို (ယားသောက်) လို့ ခေါ်တယ်။ ဘယ်တုန်းက စပေါ်တယ်ဆိုတာတော့ တို့မှာ သက္ကရာဇ်အမှတ်အသား မထားလို့ ခု–တို့၊ နှစ်–တို့ကို အတိအကျမပြောနိုင်ဘူး၊ ရှေးစကားပဲ။

တို့ဆီမှာ ဆေးရွက်ကြီးရယ်လို့ မရှိသေးခင် ဖျိုင်းတောင်မှာ တောင်ယာ လုပ်နေတဲ့ လူတစ်ယောက်က သူ့မယားနေမကောင်းဖြစ်နေတာနဲ့ ဆေးပင်ဆေးရွက် ရှာဖို့ သံလွင်မြစ်အနောက်ဘက်ကမ်းကို လှေကလေးနဲ့ ကူးသွားတယ်။

တစ်ဘက်ကမ်းရောက်ပြီး ဟိုဟိုဒီဒီတက်ရှာတော့လည်း သူလိုချင်တဲ့ ဆေးပင်ဆေးရွက်ဆိုလို့ ဘာမှမရှိဘူး။ ဒါနဲ့ စိတ်ပျက်ပျက်နဲ့ ပြန်မယ်လုပ်တဲ့အခါ

လှေဆိုက်ထားတဲ့ သောင်စပ်မှာပေါက်နေတဲ့ အရွက်ဖားဖားနဲ့ အခုဆေးရွက်ကြီးပင်လို့ခေါ်တဲ့ အပင်တွေကိုတွေ့တော့ ဒီအပင်ဟာ သူ့မယားရောဂါအတွက် အသုံးတည့်မလားလို့ထင်ပြီး နုတ်ယူခဲ့တယ်။

အိမ်ရောက်တော့ မယားဖြစ်သူကို "ငါလိုချင်တဲ့ဆေးပင်တော့ ရှာလို့ မရခဲ့ဘူး၊ သောင်စပ်က ဟောဒီအပင်ပဲ လှလို့ နုတ်ခဲ့တယ်၊ မင့်ရောဂါနဲ့များ တည့်မလား" လို့ ပြောပြီး ဆေးရွက်ကြီးပင်ကို ပစ်ပေးလိုက်တယ်။

မယားက ဘာပင်မှန်းမသိတာနဲ့ အရွက်ကိုပွတ်ချေပြီး နမ်းကြည့်တယ်။ နှာခေါင်းထဲမှာ အရသာ ရှိသလိုလိုဖြစ်တာနဲ့ မီးကင်ပြီး လိပ်သောက်ကြည့်လိုက်တယ်။ ဒီတင် အနံ့ အရသာနဲ့ ပြည့်စုံပြီး သူ့ရောဂါပါ ပျောက်သွားသလို ထင်ရတာနဲ့ သူ့ယောကျ်ားကိုခေါ်ကာ အကျိုးအကြောင်းကို ပြောပြရော။

ဒီတော့ ယောကျ်ားဖြစ်သူက သူ့ဇနီးပြောသလို လုပ်စမ်းကြည့်တယ်။ မယားပြောတဲ့အတိုင်း နေလို့ထိုင်လို့ ကောင်းသလိုလိုရှိပြီး အင်မတန်ဟန်ကျတာနဲ့ တစ်ဘက်ကမ်းကို ပြန်ကူးပြီး ဆေးရွက်ကြီးပင်တချို့ကို နုတ်လာပြန်တယ်။

နောက် မကြာခင်ဆိုသလို ဒီအပင်အကြောင်း တစ်ရွာလုံး ပြန့်နှံ့သွားပြီး သူလည်းလိုချင် ငါလည်းလိုချင် ဖြစ်လာကြကာ ဆေးရွက်ကြီးပင်ရှိတဲ့ တစ်ဘက်ကမ်းကို ရွာလုံးကျွတ် အလုအယက် ကူးကြတယ်။

ဒီအချိန်မှာ လှေကလည်း လုံလောက်အောင် မရှိတာနဲ့ သံလွင်မြစ်ကြီးထဲမှာ ဆူဆူညံညံနဲ့ အလုအယက် လက်ပစ်ကူးကြရတယ်။ ဒါကြောင့် ပိုးကရင်အမျိုးသားများက ဒီအရွက်ကို "ယားသောက်" လို့ ခေါ်ကြတာဖြစ်တယ်လို့ သမိုင်းက ဆိုတယ်။

"ပိုးကရင်စကားမှာ "ယား" ဆိုတာ "လက်ပစ်ကူးတာ"၊ "သောက်" ဆိုတာ "ဆူဆူညံညံ" လို့ အဓိပ္ပာယ်ရတယ်။" လို့ အဘိုးအိုက ရှင်းပြတယ်။

အမှုထမ်းသုတေသနသမားဟာ အဘိုးအိုပြောတာကို လိုက်ပြီး ရေးမှတ်ထားပေမယ့် ရှေ့ကို ဘယ်လို ဆက်လုပ်ရမယ်မှန်း မသိတာနဲ့ ပြန်သွားရော။

Generated by CamScanner from intsig.com

# ရဟန်းတက

ဩလောက်နို့နယ်က ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြတဲ့လူတွေဟာ ဘာသာတရားအပေါ် လေးစားကြပေမယ့် မိရိုးဖလာကိုးကွယ်မှုအဆင့်လောက်ပဲ ရှိကြပါသေးတယ်။ တစ်ဘက်ကလည်း ရိုးရာနတ်တွေကို ပူဇော်ပသကြဆဲ ဖြစ်ပါတယ်။

သူတို့ဟာ လူ့ကြတန်းကြ၊ ရှင်ပြု ရဟန်းခံကြ၊ သိတင်းသိလ ဆောက်တည်ကြတဲ့တိုင်အောင် သမထဘာဝနာပွားများခြင်းနဲ့ ဝိပဿနာ လုပ်ငန်းဆိုင်ရာ သံသရာမှ လွတ်မြောက်ကြောင်း ကျင့်စဉ်တရားအပေါ် လေ့လာချက် အားနည်းနေပါသေးတယ်။

ဒါကြောင့် ဥပုသ်ဇရပ်တွေမှာ လူကြီးတွေဆုံမိရင် စိတ်အကြောင်း၊ တန်ခိုးအကြောင်း၊ ဈာန်အကြောင်း၊ ရဟန္တာအရှင်မြတ်များအကြောင်း ငြင်းကြခုံကြနဲ့ ဖြစ်လေ့ရှိပါတယ်။

ဥပုသ်နေ့တစ်နေ့မှာ အုန်းတပင်ရွာကျောင်း ဇရပ်ထဲ ကျောင်းဒကာတွေဆုံမိတော့ ဘာသာရေးနဲ့ပတ်သက်ပြီး အမြင်အတော်ကျယ်တဲ့ ကျောင်းဒကာတစ်ယောက်က ရဟန္တာတွေရဲ့အကြောင်းကို ပြောတယ်။ ခုခေတ်မှာ ရဟန္တာရှိနိုင်သေးတယ်၊ ဖြစ်နိုင်သေးတယ်လို့လည်း ပြောတယ်။

ဒီစကားဟာ တခြားကျောင်းဒကာကြီးတွေရဲ့နားမှာ အဆန်းဖြစ်နေတယ်။ ရဟန္တာဆိုတာ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါမှာသာ ရှိတတ်တယ်လို့ သူတို့က နားလည်ထားတယ်။ ခုခေတ်မှာလည်း ကျင့်ရင် ဖြစ်နိုင်တယ်ဆိုတာကို သူတို့က ကြားလည်း မကြားဖူးဘူး။ ဖြစ်နိုင်မယ်လို့လည်း သူတို့က မထင်ကြဘူး။ ဒါ့ကြောင့် ရဟန္တာရှိနိုင်တယ်ဆိုတဲ့ ကျောင်းဒကာရဲ့စကားကို အံ့သြနေကြတယ်။ ဒါပေမယ့် ဂိုဏ်းမလွတ်မှာစိုးလို့ ဘယ်သူကမှ ဘာမှပြန်မပြောကြဘူး။

ခုလို လူတွေငြိမ်နေတုန်း ခလောက်နို့ သနိဝိုက်ရွာက ကျောင်းဒကာတစ်ယောက်က "ကျုပ်ကတော့ ဒီခေတ်မှာ ရဟန်းတာတစ်ပါး အမှန်ပေါ်မယ်လို့ တကယ့်ကို ယုံကြည်နေတယ်။ အုန်းတပင်ရွာက ကျောင်းဒကာကြီး ဦးစံခွီးရဲ့သားဟာ ရဟန်းတာဖြစ်မယ့်လူလို့ ကျုပ်က သေသေချာချာ လောင်းရဲတယ်။ ကျုပ်တို့လူစုလည်း ဦးစံခွီးရဲ့သား ရဟန်းတာဖြစ်မယ့်အချိန်ကို မိကြမှာ အမှန်ပဲ" လို့ ဝင်ပြောတယ်။

ဒီလိုဝင်ပြောတော့ ဥပုသ်သည်တွေက အားလုံးအံ့အားသင့်နေကြတယ်။ နောက်တော့မှ "ဘယ်ပုံဘယ်နည်းနဲ့ ကျောင်းဒကာဦးစံခွီးရဲ့သားက ရဟန္တာဖြစ်မှာလဲ တဆိတ် အမိန့်ရှိပါဦး" လို့ ဝိုင်းမေးကြတယ်။

ဒီအခါ သနိဝိုက်ရွာသား ကျောင်းဒကာက "ဦးစံခွီးရဲ့သားထွေး အတာကလေးဟာ စပါးပေါ်ချိန်ကျလို့ ရှင်ပြုပြီး သာမဏေဘောင် သွတ်သွင်းတဲ့အခါ "ကိုရင်တာ" ကလေးဖြစ်မှာ အမှန်ပဲ။ သက်န်းဝတ်နဲ့ပျော်ပြီး အသက်ပြည့်လို့ ရဟန်းဘောင်ဝင်တော့ "ရဟန်းတာ" ဖြစ်မှာပေါ့ဗျ။ သူက တစ်သက်လုံး သက်န်းဝတ်နဲ့နေရင် "ဘုန်းကြီးတာ" တောင် ဖြစ်ရဦးမှာ" လို့ ရှင်းပြလိုက်တယ်။

ဒီခေတ်မှာ ရဟန္တာ ရှိ – မရှိ၊ ဖြစ် – မဖြစ် ပြောနေကြတဲ့စကားဝိုင်းလည်း ပျက်ကရော။

(အရှေ့ပိုင်း ကရင်တို့ဒေသက ရှင် – ရဟန်းတွေမှာ ရှင်ဘွဲ့၊ ရဟန်းဘွဲ့၊ ရှိပေမယ့် အများအားဖြင့် ရင်းနှီးသူများက လူအမည်နဲ့သာ တွဲပြီးခေါ်လေ့ ရှိပါတယ်။ မြန်မာပြည် တချို့ဒေသတွေမှာပဲ မောင်ချို ရဟန်းဝတ်တော့ ဦးပဥ္စင်းချို၊ ဘုန်းကြီးချိုလို့ ခေါ်နေကြသလို ဖြစ်ပါတယ်။)

Generated by CamScanner from intsig.com

# ငယ်ငယ်တုန်းကမျှပါ

ဩလောက်နို့နယ်မှာ ဒီကနေ့အထိ လူကြီးမိဘတွေရဲ့စကား နားထောင်တဲ့ သားသမီးဆိုတဲ့ဂုဏ်ကို ကလေးတွေက လိုလိုလားလား ရှိကြပါတယ်။ လူကြီးတွေ ကလည်း သူတို့ရဲ့ သားသမီးဟာ သူတို့စကားကို ဘယ်လို နားထောင်တာပဲလို့ အချင်းချင်း ကြွားလေ့ရှိကြပါတယ်။ မိဘ ဆိုဆုံးမတဲ့စကားကို နားမထောင်တဲ့ သားသမီးကို ရွာက လူရာမသွင်းကြဘူး၊ နှိုင်းပယ်ထားလေ့ ရှိကြတယ်။

ဒီလုပ်ရပ်ကြောင့် သားသမီးတွေက လူကြီးမိဘတွေရဲ့စကားကို နားထောင်ကြတာ ဖြစ်တယ်လို့လည်း တချို့က ယူဆကြပါတယ်။ ဘယ်လိုပဲ ယူဆတဲ့လူက ယူဆစေကာမူ ခလောက်နို့နယ်က ကလေးတွေဟာ မိဘတွေရဲ့စကားကို တစ်သဝေမတိမ်း နားထောင်တာကတော့ ဒီကနေ့အထိ စံနမူနာ ယူလောက်ပါတယ်။

တစ်နေ့မှာ ခလောက်နို့ လှိုင်ဝါးရွာက မုဆိုးမတစ်ယောက်ဟာ သူ့သမီးကို အိမ်ထောင်ချဖို့ စိတ်ကူးတယ်။

မုဆိုးမက အသက်ကလေး နည်းနည်းရလာတော့ ပင်ပင်ပန်းပန်း ခါတိုင်းလို အလုပ်မလုပ်နိုင်ဘူး။ သမီးပျိုရဲ့ အကူအညီကိုရပေမယ့် ယောကျ်ားကြီးတစ်ယောက် ရှေ့က မားမားမတ်မတ်ရပ်နေတဲ့ အိမ်ထောင်မျိုးနဲ့တော့ မတူနိုင်ဘူးပေါ့။ ဒါ့ကြောင့် သမီးကို သင့်တော်မယ့် ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ အိမ်ထောင်ချလိုက်မှ ရှေ့ရေးအတွက် စိတ်အေးရမယ်လို့ စိတ်ကူးမိတာ ဖြစ်တယ်။

ဒါနဲ့ မုဆိုးမဟာ သမက်လောင်း ဖြစ်ထိုက်တဲ့လူကို မျက်စိကျယ်ကျယ် နားကျယ်ကျယ်နဲ့ ရှာတယ်။ သမီးကိုလည်း "နင့်မှာ ရည်းစားသနာ ရှိသလား" လို့ မေးတယ်။ သမီးက မိန်းမလိမ္မာကလေးဖြစ်တဲ့အတိုင်း "ကျွန်မ ရည်းစားမရှိပါဘူး၊ အမေမသိဘဲလည်း ကျွန်မ ရည်းစားမထားပါဘူး" လို့ ပြန်ပြောတယ်။

ဒီအခါ မိခင်ဖြစ်တဲ့မုဆိုးမက သူ့သမီး အိမ်ထောင်ကျဖို့အရေးဟာ သူ့အပေါ်မှာ တာဝန်လုံးလုံး ရှိနေပါကလားလို့တွက်ကာ သမက်လောင်းကို မျက်စိဖွင့် နားစွင့်ပြီး အလျင်စလို ရှာပါတယ်။

တစ်နေ့တော့ မုဆိုးမဟာ သူ့စိတ်ကြိုက် သမက်ဖြစ်ထိုက်တဲ့ လူတစ်ယောက်ကို ရွာတစ်ရွာက အလှူမှာ တွေ့လာတယ်။ ဒီလူက ပေရေးသမား၊ အသက်က မုဆိုးမနဲ့ မတိမ်းမယိမ်း ၅၀ ကျော် ၆၀ နီးပါး။

ပေရေးသမား ဆိုတာက ပေစာကို အခနဲ့ မိတ္တူကူးရေးပေးတဲ့လူ။ ပေစာထုပ် လှူချင်သူများက ဘယ်ပေထုပ်ကို ကူးပေးပါလို့နိုင်းရင် ဥပမာ - ဝေဿန္တရာအတ် ရေးထားတဲ့ပေထုပ်ကိုရှာပြီး ဆင့်ပွားကူးပေးရတာမျိုး ဖြစ်တယ်။ ရတဲ့လက်ခက မများပေမယ့် ဒီလူမျိုးက နယ်မှာ ထင်ပေါ်တယ်။ ပညာရှိကြီးလို့ အထင်ခံရတယ်။ ဂုဏ်ရှိတယ်။ အလုပ်ကြမ်းသမားနဲ့စာရင် သူက အထက်တန်းစား ပညာသည်ပေါ့။

အဲဒီ ပေရေးသမား လုလွတ်ကိုတွေ့တော့ မုဆိုးမက ဒီလူနဲ့သာ သူ့သမီးကို နေရာချလိုက်ရရင် သမီးဟာ ပညာရှိကြီးနဲ့ ပေါင်းဖော်ရလို့ ဂုဏ်လည်းရှိမယ်၊ ငွေကြေး ဝင်လမ်းလည်း ဖြောင့်မယ်၊ တစ်သက်တော့ စိတ်ချနိုင်ပြီလို့တွက်ပြီး ဒီလူနဲ့စေ့စပ်ကာ မင်္ဂလာရက်ကောင်းရက်မြတ်ပါ ရွေးလိုက်တယ်။

နေ့ရက်ရွေးပြီးတော့မှ သမီးအတွက် စိတ်ချရအောင် သမက်လုပ်မယ့်လူကို ရွေးပြီးပြီ ဖြစ်တဲ့အကြောင်း၊ ဘယ်နေ့ဟာ မင်္ဂလာနေ့ ဖြစ်တဲ့အကြောင်း သမီးကို ပြောပြတယ်။

ဒီတော့ မိဘစကားကို နားထောင်တဲ့သမီးလိမ္မာက "အမေ့သဘောပါ" လို့သာ ပြန်ပြောတယ်။ ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဘာလုပ်စားသလဲ၊ ဘယ်အရွယ်ရှိပြီလဲ ဆိုတဲ့ မေးခွန်းမျိုးတောင် ပြန်မမေးလိုက်ဘူး။

လက်ထပ်မယ့်နေ့ကျလို့ သတို့သားကိုမြင်ရတော့ သမီးဖြစ်သူဟာ သူ့အမေအပေါ် မကျေမနပ် ဖြစ်ချင်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့လက်ထပ်ရမယ့်လူဟာ သူ့ထက် အသက်က ကြီးလွန်းနေတာကိုး။

ဒါပေမယ့် မိဘစကား နားထောင်တဲ့ သမီးလိမ္မာပီပီ သူ့အမေ စီစဉ်တဲ့အတိုင်း နာခံလိုက်ပါတယ်။ သို့သော်လည်း သူ့ရဲ့ မကျေနပ်တာကလေးကိုတော့ သူ့အမေကို ထုတ်ပြောလိုက်တယ်။ "အမေ့လူက အသက်ကကြီးလှပြီ၊ အို လှပါပကော" တဲ့။

ဒီတော့ အမေမုဆိုးမက "ဟဲ့သမီး ဒီလူဟာ မအိုခင်ငယ်ငယ်တုန်းက လှမျိုးပဲဟဲ့" လို့ ပြန်ပြောလိုက်တယ်။

နောက်နေ့ မနက်မိုးလင်းတော့ နေ့စဉ်ဝတ္တရားအရ ထမင်းချက်ရတဲ့ သမီးဆီက တဒုံးဒုံးနဲ့ တစ်စုံတစ်ခုကို ခုတ်ထစ်နေသံကြားတာနဲ့ အမေဖြစ်သူဟာ မီးဖိုထဲဝင်ပြီး ကြည့်တယ်။

ဒီမှာ ဘာတွေ့ရသလဲဆိုတော့ သမီးဟာ မျက်ရည်တွေတွေကျကာ ခင်းထားတဲ့ ဝါးခြမ်းပြားကို ဖြတ်ပြီး လက်ညှိုးအရွယ်၊ လက်မအရွယ် အတုံးအတစ်ကလေးတွေဖြစ်အောင် ခုတ်ထစ်နေတာကို တွေ့တာနဲ့ "ဟဲ့သမီး ဝါးခြမ်းပြားကလေးတွေ ဘာလုပ်ဖို့လဲ" လို့ စမေးလိုက်တယ်။

ဒီတော့ သမီးက ရှိုက်သံနဲ့ "ဟင်းချက်မလို့ အမေ" လို့ ပြန်ဖြေတယ်။

ဒီအခါ အမေမုဆိုးမက "ညည်း ရူးများနေသလား၊ ကြမ်းခင်းတဲ့ဝါးခြမ်း ကို ဟင်းချက်ရတယ်" လို့ ပြောတော့ သမီးက "ဒီဝါးခြမ်းဟာလည်း ငယ်ငယ် တုန်းက မျှစ်ပါပဲအမေရဲ့" လို့ မျက်ရည်တွေ သွန်ချလိုက်ရင်း ပြန်ပြောပါသတဲ့။

# ဦးပန်းမွေးရဲ့ရေစက်ချ

ခလောက်နို့ လို့ဝါးရွာက ဦးပန်းမွေးဟာ နာမည်နဲ့လိုက်အောင် သတင်းမွေးတဲ့ အဘိုးအို ဖြစ်တယ်။ သူ့မှာ ရွာက အားထားရလောက်အောင် ပစ္စည်းဥစ္စာလည်း အသင့်အတင့်ရှိတယ်။

အလှူအတန်းကိစ္စ၊ ရပ်ရွာကိစ္စဆိုရင် အများမတတ်နိုင်တာကို သူက တာဝန်ယူရဲတယ်။ "ကယ်ထိန်မှာ ငွေတစ်ရာလောက် လိုမယ်ထင်တယ် ဦးပန်းမွေးရေ" လို့ ပြောလာတာမျိုးကို သူက ဘယ်တော့မှ မငြင်းဘူး။ ဇရပ်ဆောက်ဖို့၊ ကျောင်းဆောက်ဖို့၊ ရေတွင်းရေကန် တူးဖို့ စတဲ့ ကိစ္စမျိုးမှာလည်း ငွေမလောက်ပြန်ဘူးဆိုရင် "လုပ်သာလုပ် ငါတာဝန်ထားလိုက်" လို့ တာဝန်ယူရဲတဲ့ အဘိုးအိုဖြစ်တယ်။ ဒါကြောင့် သူ့နာမည်ဟာ ခလောက်နို့တင်မက ဘုံရင်းနယ်ဘက်မှာလည်း မွေးနေတယ်။

တစ်နှစ်တော့ ရွာသုသာန်ဇရပ်ကလေး ပျက်နေလို့ ရွာသားတွေက အသစ်ပြန်ဆောက်တယ်။ ဆောက်နေတုန်းတန်းလန်း မပြည့်မစုံ ဖြစ်နေတာနဲ့ ဦးပန်းမွေးဆီက အကူအညီတောင်းတော့ ဦးပန်းမွေးက သူ့ပုတ်ထဲက နမ်းတွေ ရောင်းပြီး ရသမျှငွေ အားလုံးကို ထည့်လိုက်တယ်။ ဒါနဲ့ ဇရပ်ကလေးဟာ တောင့်တောင့်တင်းတင်း သပ်သပ်ရပ်ရပ်ကလေး ဖြစ်သွားရော။

ဇရပ်ကလေးပြီးသွားတော့ ရပ်ရွာရဲ့ထုံးစံအတိုင်း (ဇရပ်လွှတ်ပွဲ) ဇရပ်ရေစက်ချပွဲ လုပ်ကြတယ်။ သံဃာတော်တွေကိုပင့်ပြီး မလွဲမကင်းသာလို့ သုသာန်က ဒီဇရပ်ကလေးပေါ်ရောက်လာကြတဲ့ လူအပေါင်းနဲ့ နောင်ကိုရောက်လာမယ့် လူတွေအားလုံးကို လှူပါတယ်လို့ ရေစက်ချကြတယ်။

သုသာန်ရေစက်ချပွဲမှာ ဦးပန်းမွေးက ရွာမှာ အသက်လည်းကြီး၊ ဝါလည်း ကြီးတဲ့အပြင် အလှူငွေလည်း အများဆုံးထည့်တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အလှူ့ဒကာများအစား သူက ရေစက်ခွက်ကိုကိုင်ပြီး ရေစက်ချရတယ်။

Generated by CamScanner from intsig.com

အရှေ့ပိုးကရင်အမျိုးသားများ ဓလေ့တစ်ခုရှိနေတာက အလှူအတန်း လုပ်လို့ ရေစက်ချတဲ့အခါမှာ ရေစက်ခွက်ကိုင်ပြီး သွန်းချသူရဲ့အင်္ကျီ၊ ဒါမှမဟုတ် လုံချည်၊ ဒါမှမဟုတ် ခြုံထားတဲ့ စောင်စ တစ်ခုခုကို နီးရာလူကကိုင်ထားရတယ်။ ဒီလိုကိုင်ထားတဲ့ လူရဲ့အင်္ကျီ၊ လုံချည်၊ ဒါမှမဟုတ်ခြုံထားတဲ့ စောင်စကိုလည်း နောက် နီးရာလူက ကိုင်ထားရပြန်တယ်။ ခုလို တစ်ယောက်ရဲ့ ဝတ်ထား ခြုံထားတဲ့ အဝတ်စကို တစ်ယောက်က ကိုင်ထားရတာ နောက်ဆုံးတော့ တရားနာ သူတိုင်းဟာ မိမိတို့ ရှေ့ကလူရဲ့အဝတ်ကို ကိုင်မိပြီး ရှေ့ကလူတွေအားလုံး ကလည်း အဆင့်ဆင့်နဲ့ ရေစက်ခွက်ကိုင်သူ ဝတ်ထားတဲ့ အင်္ကျီ၊ လုံချည်၊ ဒါမှမဟုတ် ခြုံထားတဲ့ စောင်စကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍ သော်လည်းကောင်း ကိုင်ထားရက်သား ဖြစ်နေရတယ်။

ခုလိုလုပ်ကြတဲ့ အဓိပ္ပာယ်က တစ်ညီတစ်ညွတ် တစ်စိတ်တစ်ဝမ်းတည်း လှူတယ်၊ ကုသိုလ်အဖို့ကိုလည်း ညီတူညီမျှ ရကြမယ်၊ ပြီးတော့ နောင်ဖြစ်လေရာ ဘဝအဆက်ဆက်မှာ ဒီလူစုနဲ့အတူတကွ ဥမကွဲသိုက်မပျက် နေကြရမယ်ဆိုတဲ့ အဓိပ္ပာယ်တွေ သူတို့မှာ ရှိပါတယ်။

ဦးပန်းမွေးဟာ မလွဲမရှောင်သာလို့သာ သူ့အင်္ကျီ၊ လုံချည်၊ စောင်စ တွေကို အကိုင်ခံပြီး ရေစက်ချဖို့ လုပ်နေရတယ်။ ဒီဓလေ့ကို တယ်မနှစ်သက်လှ ဘူး။ အဓိပ္ပာယ် မဲ့လှတယ်လို့ သူကထင်တယ်။

ဒါကြောင့် ဘုန်းတော်ကြီးက ရေစက်ချစာကို ရွတ်ပြီးလို့အဆုံး သူက အမျှဝေရတော့မယ့်အခါကျတော့ "သူသာန်ဇရပ်အလှူကြီးကတော့ အောင်မြင် သွားပါပြီ၊ ကျုပ်က ကျုပ်မှာရှိတဲ့ မတရားရတဲ့ငွေနဲ့ အများဆုံး အလှူပါဝင်တဲ့ အတွက် နောင်ဘဝ ကျုပ်နဲ့အတူ ငရဲလိုက်ခဲ့ကြဖို့ အမျှဝေပါတယ်ခင်ဗျား။ အားလုံး ကြားကြားသမျှ အမျှ - အမျှ - အမျှ" လို့ သူ့ရှေ့က ကြေးစည်ကိုတီးပြီး အမျှဝေလိုက်တယ်။

ဒီတော့လည်း ဦးပန်းမွေးရဲ့ အင်္ကျီ၊ လုံချည်၊ စောင်စကို ကိုင်ထားတဲ့ လူတွေဟာ ကမန်းကတန်းလွှတ်လိုက်ပြီး ခပ်ကုပ်ကုပ်ပဲ သာဓု ခေါ်ကြပါသတဲ့။

Generated by CamScanner from intsig.com

## နှစ်ဝဿန်ကြာတဲ့ လက်ဖေ့ပွဲ

ငွေရှားကဆိုပေမယ့် တယ်တော့မကြာသေးပါ။ အင်္ဂလိပ်လူမျိုးတွေ မြန်မာပြည်ကို အုပ်စိုးခဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ လောက်က ဖြစ်ပါတယ်။ ဒီအချိန်က ငွေကြေး အင်မတန်ရှားပါတယ်။ အဲဒါမှ ငွေ ၁၀၀ ဆိုသလို တောရွာက တချို့လူတွေဆိုရင် အဲလို သေသာ သေသွားရော ငွေ ၁၀၀ ကို မမြင်ဘူးတဲ့လူ၊ မကိုင်ဘူးတဲ့လူတောင် ရှိပါတယ်။

Generated by CamScanner from intsig.com

အလုပ်အကိုင်ကလည်းရှား ငွေကြေးကလည်းရှားတော့ အများအားဖြင့် တောနယ်ကလူတွေဟာ ဆင်းရဲရှာကြပါတယ်။ ပြောင်ပြောင်လက်လက် မရှိကြပါဘူး။ အထူးသဖြင့် ဘားအံနယ် ခလောက်နို့ဘက်က ကရင်အမျိုးသားများက ပိုဆိုးပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ မှုရင်းလယ်ကွက်ကလေးမျိုးသာ ဒီအချိန်က လုပ်စရာရှိပြီး တခြား ဘယ်အသက်မွေးမှုမျိုးမှ ကျကျနန မရှိတာကြောင့် ဖြစ်ပါတယ်။

တစ်နေ့မှာ ခလောက်နို့က အဖလား ဆိုတဲ့လူဟာ မယားနဲ့အတူ လွန်းညရွာက သူငယ်ချင်းဆီကို မှုရင်းစိုက်ဖို့ ငွေကလေး ကြေးကလေး ချေးမလားလို့အသွား သူငယ်ချင်းအိမ်မရောက်ခင် ဆိုင်းသံဗုံသံကြားတာနဲ့ ဆိုင်းသံကြားတဲ့ဆီကို ဝင်ကြည့်တယ်။

ဆိုင်းက လက်ဖွဲ့ရုံက တီးတဲ့ဆိုင်း ဖြစ်နေတယ်။ လွန်းညရွာဘုရားပွဲမှာသွင်းနေတဲ့ လက်ဖွဲ့ပွဲပေါ့။

အဖလားဟာ မယားကို လက်ဖွဲ့ရုံအပြင်မှာထားခဲ့ပြီး သူက ရှိတဲ့ ပိုက်ဆံတစ်မတ်နဲ့ ရုံထဲဝင်လိုက်တယ်။ အထဲရောက်တော့ အကြံရတာနဲ့ လက်ဖွဲ့ရေးဝင်ပြရော။ အဓိပ္ပာယ်က သူလည်းဘက်ရရင် သတ်မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

လက်ဖွဲ့ရေးပြလို့ ပြီးတဲ့အခါကျတော့ ဒိုင်က သူ့ကိုခေါ်ပြီး ဆု ၂ ကျပ် ချတယ်။ ပြီးတော့ "မင်း သတ်ဘက်ရလိမ့်မယ် အပြင်မထွက်နဲ့ ဒီမှာပဲထိုင်နေ" လို့ ပြောလိုက်တယ်။

ဒီတော့ အဖလားဟာ ဒိုင်အနားမှာပဲထိုင်နေရတာပေါ့။ သူခုလိုထိုင်နေတုန်း လက်ဖွဲ့ဝိုင်းထဲကို တစ်ဦးပြီးတစ်ဦး လက်ဖွဲ့ရေးဝင်ပြကြတာ ၅ ဦးပြည့်တော့ ဒိုင်က နောက်ဆုံးလက်ဖွဲ့ရေးပြသွားတဲ့ ပုက္ကဒီရွာက လက်ဖွဲ့ကျော် ပုမဲကိုခေါ်ပြီး အဖလားနဲ့ တွဲပေးလိုက်တယ်။ ပြီးတော့ "နှစ်ယောက်စလုံး အသင့်ပြင်ထား" လို့ ပြောလိုက်တယ်။ ဒီတင် ပရိသတ်က အကြီးအကျယ် သြဘာပေးကြတယ်။

သူ့ကို ပုမဲနဲ့လည်း တွဲပေးလိုက်ရော အဖလားဟာ ကြံရာမရဖြစ်ပြီး ဝိုင်းထဲမှာ ထိုင်ငိုချင်အောင် ဖြစ်သွားသတဲ့။ အဖြစ်ကတော့ သူဟာ လက်ဖွဲ့သတ်

တဲ့သူ မဟုတ်ဘူး။ လက်ဖွဲ့ရေးဝင်ပြီး ကျလာတဲ့ ဆု ၁ ကျပ် ၁ ပြားကိုယူကာ ရုံပြင်ထွက်မယ်လို့ ကြံထားတဲ့လူ။ ခုတော့ ဒိုင်က သူ့ကိုမလွှတ်ဘဲ သတ်ဘက်ပါ ရှာပေးတော့ ဘယ်နည်းနဲ့မှ ရှောင်လို့ လွှဲလို့ မရအောင် ဖြစ်ရတာပေါ့။ ပြီးတော့ သူ့နဲ့သတ်မယ့်လူက နာမည်ကြီးလက်ဖွဲ့သမား ဆိုတော့ အဖလားဟာ တကယ့်ကို ထိုင်ငိုချင်တာတဲ့။

သူဟာ ဒိုင်ရဲ့အမိန့်အတိုင်း အသင့်ဖြစ်အောင် ခါးတောင်းကို မြှောင်အောင် ကျိုက်ပြီး နောက်ထပ် အကြံတစ်ခုရတာနဲ့ ပုမဲကိုသွားနှုတ်ဆက်တယ်။ ပြီးတော့ နားနားကပ်ကာ "ငါ့အမေက မုက္ကဒီသူပါ။ တို့ဝေစားကြရအောင်၊ ငါလည်း အရှုံးပေးပါ့မယ်၊ ငါ့ကို နာအောင်မထိုးပါနဲ့" လို့ တောင်းပန်တယ်။

ခုလို တောင်းပန်တာကို မုက္ကဒီလက်ဖွဲ့ကျော် ပုမဲက မဖြစ်နိုင်ဘူးလို့ ငြင်းလိုက်တယ်။ "ဘယ်ဖြစ်မှာလဲ ကြည့်တဲ့လူတွေက လိမ်ထိုးတာကို သိတယ်။ ငါ နာမည်ပျက် မခံနိုင်ဘူး" လို့ ပြန်ပြောသတဲ့။

ဒီအပြောရတော့ အဖလားဟာ ကြံရာမရဖြစ်ပြီး သူ့ကိုယ်သူ ကံတရား အတိုင်း ဖြစ်စေတော့လို့ စိတ်လျှော့လိုက်တယ်။

အချိန်ကျလို့ ဒိုင်က သူတို့နှစ်ဦးရဲ့ နာမည်ကိုခေါ်တော့ ၂ ဦးစလုံး တစ်ထောင့်စီက ထလာကြပြီး ဝိုင်းထဲဝင်ကာ သတ်ဖို့ အသင့်အနေအထားနဲ့ မျက်နှာချင်း ဆိုင်မိကြတာနဲ့ ဆိုင်းက ဗိန်းဗောင်းတီးလိုက်တယ်။ ဒီတင် မြေဝိုင်းဒိုင်လူကြီး ၂ ယောက်က တွဲထားတဲ့လက်ကို ဖြုတ်လိုက်တာနဲ့ အဖလားဟာ ဘုရား တရားအော်ဟစ်မေ့ပြီး သူ့ရှေ့က ပုမဲကို အတင်းခွတ်ထိုးရော၊ ဘာမှ အသင့်မဖြစ်ခင် အလစ်ခံလိုက်ရတဲ့ ပုမဲဟာ အဖလားရဲ့ လက်သီးတစ်ချက်တည်းနဲ့ မျက်ခွံကွဲသွားပြီး ရှုံးရော။ လက်ဖွဲ့ထိုးချိန် ၂ စက္ကန့်ပဲ ကြာတယ်လို့ ဆိုတယ်။

အဖလားဟာ အလဲဆု ၄၅ ကျပ်ကိုယူပြီးတာနဲ့ ချက်ချင်း ရုံပြင်ထွက်ကာ စောင့်နေတဲ့ မယားကို "ဒီနှစ် ငါမှရင်းမလုပ်တော့ဘူး။ ရေပက်ရတာ ပင်ပန်း လွန်းတယ်။ ဒီငွေနဲ့ စပါး ၅၀ ဝယ်စားတော့မယ်" လို့ ပြောပြီး ရခဲ့တဲ့ငွေကို မယားအား အပ်လိုက်ပါသတဲ့။

Generated by CamScanner from intsig.com

အဲဒီတုန်းက ငွေရှားတော့ ဓလောက်နို့ဘက်မှာ စပါးတင်း ၁၀၀ ကိုမှ ၆ဝိ ဈေးဖြစ်လို့ ငွေ ၄၅ ဟာ လင်မယားနှစ်ယောက် တစ်နွေ တစ်မိုးစာ စားဖို့ ဆန်အတွက် လုံလောက်တယ်လို့ ဆိုပါတယ်။

# တည့်တည့်သွားတတ်သူ

ခလောက်နဲ့ လှိုင်ဝါးရွာက ဦးပန်းမွှေးကို တော် တည့် မှန်ကန်တဲ့ အဘိုးအိုလို့ လူသိများကြပါတယ်။

တစ်နေ့တော့ ဦးပန်းမွှေးဟာ ဘယ့်ကလောက် တော် တည့် မှန်ကန်တယ်၊ ဖြောင့်မတ်တယ်လို့ သိချင်တာနဲ့ လာစုံစမ်းတဲ့ ဒုံရင်းက လူတစ်စု လှိုင်ဝါးရွာကို ရောက်လာတယ်။

ရွာကို လူစိမ်းဧည့်သည် ရောက်တယ် ဆိုကတည်းက ဘယ်သူတွေပဲ၊ ဘာလာလုပ်ကြတာပဲဆိုတာ တစ်ရွာလုံး သတင်းပြန့်သွားလေ့ ရှိပါတယ်။ လှိုင်ဝါးရွာဆိုတာက အိမ်ခြေ ၆၀ လောက်သာရှိတဲ့ ရွာဆိုတော့ သတင်းက သာပြီး မြန်တာပေါ့။

Generated by CamScanner from intsig.com

ဦးပန်းမွှေးက ရွာရောက်လာတဲ့ ဧည့်သည်တွေဟာ သူ့အကြောင်း စုံစမ်းဖို့လာတဲ့ ဧည့်သည်တွေဖြစ်မှန်း သိတာနဲ့ –

"ကဲဟေ့ နေစောင်းရင် လွန်းညဘုရားဖူးသွားကြမယ်၊ ဘယ်သူလိုက်ကြမလဲ၊ လိုက်ချင်တဲ့လူ အိမ်လာစုကြ" လို့ အသံလွှင့်လိုက်ရော။

ခုလို အသံလွှင့်လိုက်တော့ ဦးပန်းမွှေးနောက်လိုက်ရင် စားရသောက်ရတာကိုသိကြတဲ့ ကာလသားတွေက စောစောစီးစီး လူစုပြီး ဦးပန်းမွှေးရဲ့အိမ်ကို ရောက်လာကြတယ်။ ဦးပန်းမွှေးအကြောင်းကို လာစုံစမ်းတဲ့လူစုကလည်း ဒါဟာ အချက်ပဲလို့တွက်ပြီး လွန်းညဘုရားဖူးသွားမယ့် ကာလသားတွေနဲ့ ရောနှော လိုက်သွားကြတယ်။

နေစောင်းလာတော့ ဦးပန်းမွှေးက ရှေ့ဆောင်ပြီး လှိုင်ဝါးရွာကထွက်တယ်။ ဒီမှာ ဘုရားဖူးလိုက်ကြတဲ့ လူတန်းကြီးက တစ်ယောက်စီ တန်းပြီး သူ့နောက်က လိုက်သွားကြရော။

ရှေ့ကသွားတဲ့ဦးပန်းမွှေးဟာ လမ်းရိုးလမ်းဟောင်းက မသွားပဲ လွန်းည ဘုရားနဲ့ တည့်တည့်ကိုမှန်းပြီး လယ်ကွက်တွေထဲက ဖြတ်သွားတယ်။ ခုလိုသွားလိုက်တာ လွန်းညဘုရားအဝင်မှာ ရှေ့က ကောက်ရိုးပုံကြီးတစ်ပုံ ခံနေတော့ ဦးပန်းမွှေးဟာ သူ့ရှေ့ကကောက်ရိုးပုံကို ကွေ့မသွားဘဲ ကောက်ရိုးပုံပေါ် ကျော်တက်ကာ တစ်ဘက်က ဆင်းပြီး သွားတယ်။

ဒီတော့ လူရွယ်တွေက "အဘိုးက လုပ်လိုက်မှဖြင့် အလွဲချည်းပဲ။ ကောက်ရိုးပုံကြီးကို ကွေ့သွားလိုက်ရင်လည်း ပြီးတာပဲ။ အခုတော့ တမင်တည့် တည့် ကျော်တက်ပြီး တစ်ဘက်ကို တည့်တည့် ပြန်ဆင်းသွားသတဲ့ အံ့ရော" လို့ ပြောကြတယ်။

ခုလို ပြောတာကို ဦးပန်းမွှေးကကြားတော့ "ငါက ကလိန်ကောက်ကွေး လုပ်တတ် သွားတတ်တာ မဟုတ်ဘူး။ တည့်တည့်သာ သွားတတ် လုပ်တတ်တာ" လို့ သူ့ကို လာစုံစမ်းတဲ့ ဒုံရင်းက ဧည့်သည်တွေဘက်လှည့်ပြီး ပြောလိုက်ပါသတဲ့။

Generated by CamScanner from intsig.com

# ငါ့နာမည်က ပန်းမွေးပါ

ကွယ်လွန်သွားကြတဲ့အခါ လူတစ်ယောက်မှာ ပြောစမှတ် တစ်ခုတော့ ကျန်ရစ်ခဲ့တယ်လို့ ဆိုရိုးရှိပေမယ့် ခလောက်နဲ့ လှိုင်ဝါးရွာက ဦးပန်းမွေး အတွက်ကတော့ ပြောစရာတစ်ခုမက အများကြီး ကျန်ရစ်ခဲ့ပါတယ်။

ဦးပန်းမွေးဟာ ရတနာသုံးပါးကို အင်မတန်ကိုင်းရှိုင်းပါတယ်။ ရယ်စရာ မောစရာတွေလည်း တစ်သက်လုံး အများကြီးပြောပြီး အများကြီးလုပ်သွားပါတယ်။ အလှူအတန်းလည်း ရက်ရောတယ်။

ကော့ကရိတ်ဘက်မှာ မှတ်မှတ်ရရ သူလှူသွားတဲ့ ရေတွင်းတစ်တွင်း ရှိပါတယ်။ သူ့ရေတွင်းက သူများရေတွင်းလို အဝိုင်းလည်း မဟုတ်ဘူး၊ လေးထောင့်လည်း မဟုတ်ဘူး၊ သုံးမြှောင့်တွင်းပါ။ ဘာကြောင့် ရေတွင်းကို သုံးမြှောင့် တူးရပါသလဲလို့ မေးတော့ ရေခပ်တဲ့လူတိုင်း ဒီတွင်းကိုကြည့်ပြီး ရတနာသုံးပါး မမေ့နိုင်အောင် လုပ်ထားတာလို့ ပြောပါတယ်။

သူမသေခင် တစ်နှစ်က မိတ်ဆွေများက သူ့ကို ရွှေတိဂုံစေတီတော်ကြီး ဖူးဖို့ ရန်ကုန်ကို ခေါ်သွားပါတယ်။ တောင်ဘက်စောင်းတန်းက ဘုရားပေါ် တက်ကြတော့ စောင်းတန်းဝကခြသေ့ကြီး လွန်တာနဲ့ ပန်းသည်တွေက ထွက်ဆွဲမယ့်အတိုင်း သူတို့ဆိုင်က ပန်းဝယ်သွားဖို့၊ ထီးတို့ ဖိနပ်တို့ ထားခဲ့ဖို့ ခေါ်ကြ အော်ကြနဲ့ ဆူဆူညံညံ လုပ်ကြရော။

Generated by CamScanner from intsig.com

ဒါကို ဦးပန်းမွေးက မကြိုက်ဘူး။ စိတ်လက်ကြည်ကြည်လင်လင်နဲ့ ဘုရားတက် အာရုံပြုမယ့်ဥစ္စာမှာ ငှက်ဆိုးထိုးသလို လမ်းကဆီးပြီး ခုလို ဘုရားဖူးတွေ စိတ်ညစ်အောင်၊ စိတ်ငြိုငြင်အောင်၊ စိတ်ဆင်းရဲအောင် လုပ်ကြတာကို သူ နည်းနည်းမှ မနှစ်သက်ဘူး။ ဒါပေမယ့် သူဘာမှ မတတ်နိုင်မှန်း သိတယ်။

ဒါနဲ့ သူ့ကို ဆွဲလားလွဲလား လုပ်တော့မယ့်အတိုင်း ပန်းအတင်းထိုးရောင်းနေတဲ့ မိန်းမတွေကို သူက ဘယ်နှယ့်ပြန်ပြောသလဲ ဆိုတော့ ......

"ဟ – ကောင်မတွေရဲ့ ငါ့နာမည်က ပန်းမွေးပါ၊ မွေးတဲ့ပန်းဖြစ်နေမှကပဲ မင်းတို့ဆီကပန်းကို ဝယ်စရာမလိုပါဘူး" လို့ သူ့ကို ပန်းထွက်ရောင်းတဲ့ အမျိုးသမီးတိုင်းကို ပြန်ပြောပြီး ရင်ပြင်တော်ပေါ်ကို တက်သွားပါသတဲ့။

ဦးပန်းမွေးဟာ ပန်းသည်တွေ အမြင်ကတ်တာနဲ့ တစ်သက်မှတစ်ခါရောက်ရတဲ့ ရွှေတိဂုံစေတီတော်ကြီးကို ပန်းဝယ်ပြီး မပူဇော်ဘူးတဲ့။

ကွယ်လွန်သွားကြတဲ့အခါ လူတစ်ယောက်မှာ ပြောစမှတ်တစ်ခုတော့ ကျန်ရစ်ခဲ့တယ်လို့ ဆိုရိုးရှိပေမယ့် ခလောက်နို့ လှိုင်ဝါးရွာက ဦးပန်းမွေးအတွက်ကတော့ ပြောစရာ တစ်ခုမက အများကြီး ကျန်ရစ်ခဲ့ပါသေးတယ်။

# သူပုန်လက်မြောက်ရတဲ့ ခလောက်နို့သား

၁၉၆၁ ခုနှစ်ထဲမှာ ရုံးစာရေးကြီး ခလောက်နို့သား ဦးစက်ဘဲကို သူပုန်တွေက ခလောက်နို့ရွာအထွက်မှာ ဖမ်းသွားတယ်။ နှစ်သောင်းငါးထောင်နဲ့ ပြန်ပေးဆွဲသွားတာပါ။

ဦးစက်ဘဲဟာ နေ့မလင်း ညမလင်း တစွတ်စွတ် သောက်နေတဲ့လူ၊ ရုံးမှာ အလုပ်လုပ်နေတဲ့အခါမှာတောင် သူ့စားပွဲက အံဆွဲထဲမှာ အရက်ပုလင်း ထည့်ထားပြီး သောက်တဲ့လူ။

ငွေနှစ်သောင်းငါးထောင်အထိ တန်ဖိုးကြီးကြီးထားပြီး ပြန်ပေးအဆွဲခံရတဲ့လူဖြစ်တော့ သူပုန်တွေက သူ့ကို တောထဲမှာ ကောင်းကောင်းမွန်မွန် ထားတယ်။ ကောင်းကောင်းမွန်မွန် ကျွေးတယ်။ ဖမ်းသွားလို့ ခေန်းကိုရောက်တာနဲ့ ဦးစက်ဘဲက သူ့မှာ အရက်မသောက်ရရင် ခြေတုန်လက်တုန် ဖြစ်လာတယ်။ အရက်မရရင် သေရပါလိမ့်မယ်လို့ဆိုတာနဲ့ သူ့ကို အရက်ပါ ရှာပေးထားကြတယ်။ တစ်နေ့ နှစ်ပုလင်းကျ ပေးရတယ်လို့ ဆိုပါတယ်။

ဦးစက်ဘဲဟာ သူ့ကိုဖမ်းသွားတဲ့လူတွေအပေါ် ကလန်ကဆန်မလုပ်ဘူး။ ထွက်ပြေးဖို့လည်း စိတ်မကူးဘူး။ အေးအေးဆေးဆေးပဲ တစ်နေ့ အရက် ၂ ပုလင်း မှန်မှန်သောက်ပြီး နေတယ်။

ဒီလိုနဲ့ ရက်တွေကြာလာတော့ လိုက်ရွေးမယ့်လူလည်း မရှိတာနဲ့ သူပုန်တွေက ဦးစက်ဘဲအပေါ် စိတ်ပျက်လာကြတယ်။ ဒီအချိန်က သူပုန်တွေမှာ သူတို့ရဲ့အထက်အမိန့်က လူမသတ်ရဘူးလို့ ညွှန်ကြားထားတော့ ဦးစက်ဘဲကို သတ်ပစ်လို့လည်း မဖြစ်ဘူး။

လာရွေးမယ့်လူ ပေါ်လာနိုးနဲ့ စောင့်ရင်း ရက်က လကိုကူးလာတဲ့အထိ ဦးစက်ဘဲကိုမျှော်လင့်ခြင်းကြီးစွာနဲ့ ကောင်းကောင်းကျွေးပြီး အရက်မှန်မှန်တိုက်တုန်းပဲ။ တစ်လက နှစ်လအထိ ကြာလာတော့ သူပုန်တွေက "ဒီလူကို ဒီမှာ ကြာကြာထားလို့ မဖြစ်တော့ဘူး။ သူ့ဆီက ငွေနှစ်သောင်းငါးထောင် မပြောနဲ့ ငါးပြားစေ့တောင် ရမယ်မထင်ဘူး။ အရက်ကိုလည်း တစ်နေ့ နှစ်ပုလင်းတိုက်နေရသေးတော့ တို့အလုပ်က မဟုတ်သေးဘူး ထင်တယ်။ မောင်မင်းကြီးသားကို ပြန်လွှတ်မှ ဖြစ်တော့မယ်" လို့ တိုင်ပင်ကြပြီး ဦးစက်ဘဲကို "ခင်ဗျားပြန်တော့" လို့ ပြောလိုက်တယ်။

ဒီလိုပြောလိုက်တော့ ဦးစက်ဘဲက မျက်နှာမသာမယာဖြစ်ပြီး "ဗိုလ်ကြီးရာ ကျွန်တော် လမ်းမှာ သေအောင်ဆိုပြီး ဒီလိုတော့ မလွှတ်လိုက်ပါနဲ့၊ တကယ်လို့ ဒီမှာမနေရလို့ သွားရမယ်ဆိုရင်လည်း ရိက္ခာအဖြစ် အရက် ၂ ပုလင်းလောက်တော့ ထည့်ပေးကြပါ။ ခရီးက အဝေးကြီးသွားရမှာမို့ ဘိမ်ကိုလည်း ချက်ချင်းပြန်ရောက်မှာ မဟုတ်တော့ ရောက်တဲ့ရွာမှာ ရိက္ခာ ပြည့်ပြည့်သွားဖို့လည်း ငွေကလေးကြေးကလေး အနည်းအပါးဆိုသလို ချီးမြှင့်ပါ။ ဒီလိုမှမဟုတ်ရင် ကျွန်တော် မပြန်ပါရစေနဲ့၊ ဒီမှာပဲ ဗိုလ်ကြီးတို့နဲ့အတူ နေပါရစေ" လို့ တောင်းတောင်းပန်ပန် ပြန်ပြောတယ်၊

ဒီတော့ ဗိုလ်လုပ်သူက အရက်နှစ်ပုလင်းနဲ့ လမ်းစရိတ်ငွေ ၁ဝိ ထုတ်ပေးကာ "ခင်ဗျားကြွတော့၊ နောက် ကျုပ်တို့ရှိတဲ့ဆီကို ဘယ်တော့မှ မလာခဲ့နဲ့" လို့ ပြောပြီး တပည့်တစ်ယောက်ကို တောစပ်အထိ လိုက်အပို့ခိုင်းလိုက်ပါတယ်။

သူက သူပုန်လက်ပြောက်ရတဲ့ မလောက်နို့သားတစ်ဦး ဖြစ်ပါတယ်။

# ဒီမိုကရေစီအတိုင်းလုပ်တော့

မြဆ့ ပု လ အပွဲ့ကြီးကွဲပြီး တစ်ခြမ်းက အဝါ၊ တစ်ခြမ်းက အနီ ဖြစ်သွားတဲ့အချိန်က အနီအခြမ်းကလည်း သူတို့အစိုးရပွဲ့နိုင်ရေးအတွက် သူတို့ကို မဲဆန္ဒပေးကြပါ။ အဝါအခြမ်းကလည်း သူတို့ အစိုးရပွဲ့နိုင်ရေးအတွက် သူတို့ကို ဆန္ဒမဲပေးတော်မူကြပါလို့ တစ်ပြည်ထောင်လုံး ကျေးလက်တောရွာကလေးတွေပါမကျန် ဆင်းပြီး မဲဆွယ်ကြတဲ့အလုပ်ကို လုပ်ကြတော့ အနီဘက်က လူတွေရော အဝါဘက်ကလူတွေရော ခလောက်နို့ကိုလည်း ရောက်လာကြတယ်။

ခလောက်နို့မှာ နှစ်ဘက်စလုံး ဟောသွားတဲ့ မဲဆွယ်တရားကဆိုရင် ရွေးကောက်ပွဲမှာ သူတို့ကိုသာ မဲပေးပါ။ ဒီမိုကရေစီ အပြည့်အဝ ရပါစေမယ် ဆိုတဲ့ အာမခံချက်ကိုပဲ ရိုးရိုးစင်းစင်း ဟောပြော မဲဆွယ်ကြပါတယ်။

ခုလို မဲဆွယ်တရားပွဲတွေ ချသွားပြီး မကြာခင်မှာပဲ ဆိုင်ရာက မဲရုံတစ်ရုံ လာဆောက်တယ်။ ပြည်သူ့ဆန္ဒခံယူပွဲ ဆိုတဲ့ မဲဆန္ဒပေးပွဲ လုပ်ကြမယ်ပေါ့။

ဒီနယ်မှာ အရွေးခံမယ့် အမတ်လောင်းက များများစားစား မရှိဘူး၊ အနီတစ်ယောက်နဲ့ အဝါတစ်ယောက်ပဲ ရှိတယ်။ ဒါကြောင့် ဆန္ဒမဲထည့်ကြရတဲ့နေ့က မဲဆွယ်သမားတွေဟာ အကြိတ်အနယ် မဲဆွယ်ကြရတယ်။ အကျွေးအမွေးတွေလည်း ရှိတယ်။ အခြောက်အလှန့်တွေလည်း ရှိတယ်။

မဲရုံကို အနီအမတ်လောင်းဘက်က မဲကိုယ်စားလှယ်တစ်ယောက်၊ အဝါအမတ်လောင်းဘက်က မဲကိုယ်စားလှယ်တစ်ယောက်နဲ့ အစိုးရအမှုထမ်း အရာထမ်းတွေပါ စောင့်ကြပ် ကြည့်ရှုကြရတယ်။ မဲကိုယ်စားလှယ် နှစ်ယောက်ရဲ့ အလုပ်က အထူးသဖြင့် တစ်ဘက်ဘက်က မတော်မတရားလုပ်ရင် ကန့်ကွက်ဖို့နဲ့ ကိုယ့်အမတ်လောင်းအတွက် မဲပိုရရေးအတွက်ပဲ ဖြစ်ပါတယ်။

အဲဒီမဲဆန္ဒပေးကြရတဲ့နေ့က ခလောက်နို့မဲရုံကို နံနက် ၈ နာရီက ညနေ ၄ နာရီအထိ ဖွင့်ထားပါတယ်။ ဒါပေမယ့် နေ့ ၁ နာရီလောက်ထဲက လူပါး သွားပါပြီ။ ၂ နာရီမထိုးခင်ပဲ အဝင်အထွက် မရှိတော့ပါ။ ဒါကြောင့် မဲကိုယ်စား လှယ်နှစ်ဦး တိုင်ပင်ပြီး အရာရှိ အမှုထမ်းများနဲ့အတူ အကဲခတ်ဖို့ မဲရုံထဲကို ဝင်ကြည့်ကြတယ်။ မဲရုံထဲရောက်တာနဲ့ ကိုယ်စားလှယ်နှစ်ဦးစလုံး ရင်ဘတ် စည်တီးပြီး "လုပ်မှလုပ်ရက်ပလေဗျာတို့" လို့ ညည်းတွားလိုက်ကြပါသတဲ့။

အကြောင်းကတော့ အကုန်အကျ အများကြီးခံကာ ကျွေးထား မွေးထား တိုက်ထားတာတွေဟာ သဲထဲရေသွန် ဖြစ်ကုန်သလို ခလောက်နို့က မဲပြားအားလုံး ဟာ အဝါပုံးထဲလည်းမထည့် အနီပုံးထဲလည်းမထည့်ဘဲ ပုံးနှစ်ပုံးကြားမှာ စုပုံထား တာကို တွေ့လိုက်ကြရလို့ ဖြစ်ပါတယ်။

ဒါကိုကြည့်ပြီး ကိုယ်စားလှယ်နှစ်ဦးစလုံးပဲ ဒေါသထွက်လာကြတာနဲ့ အရပ်ထဲပြန်ကာ မဲဆွယ်ဖို့ တာဝန်ယူထားတဲ့ ကိုယ့်လူယုံကို ကိုယ်ခေါ်ပြီး ဆူတယ်၊ ကြိမ်းတယ်။ "ခင်ဗျားတို့ကို ဖမ်းချုပ်ထားဖို့တောင် ကောင်းမယ်" လို့လည်း ပြောကြတယ်။

ရွာထဲမှာ ခုလိုဖြစ်နေတာကို မဲဆန္ဒရှင်တွေကကြားတော့ စုဝေးလာကြပြီး "ဟော့ ဆရာကိုယ်စားလှယ်တွေ၊ ကျုပ်တို့လူကြီးကို မဆူကြပါနဲ့၊ ဒါ လူကြီးရဲ့မဲ မဟုတ်ဘူး၊ ကျုပ်တို့ရဲ့ မဲ။ ဖမ်းချုပ်ချင်ရင် ကျုပ်တို့အားလုံးကို ဖမ်းချုပ်။ ခင်ဗျားတို့ နှစ်ဖွဲ့စလုံးကပဲ ဒီမိုကရေစီပြောပြီး ကျုပ်တို့က ကျုပ်တို့ဒီမိုကရေစီ အတိုင်းလုပ်တော့ ခင်ဗျားတို့ ဘာမှ မခံနိုင်စရာ မရှိပါဘူး" လို့ ပြောကြသတဲ့။

ဒီလို ဝိုင်းပြောကြတော့ ကိုယ်စားလှယ်နှစ်ယောက်လည်း ပြန်သွားရော တဲ့။ ညကျလို့ ဘားအံရုံးမှာ မဲပုံးကို ဖွင့်စစ်တော့ အနီဘက်က နှစ်မဲသာ ရပါသတဲ့။

# သစ္စာဖောက်တဲ့မြွေ

“သစ္စာစောင့်ရမယ်၊ သစ္စာဖောက်ရင် အသက်သေတတ်တယ်” လို့ သစ္စာရဲ့ တန်ခိုးကြီးပုံ၊ သစ္စာစူးပုံတွေကို ရှင်းပြကြတဲ့အခါ မြွေသတ္တဝါတွေဟာ သစ္စာဖောက်မိတဲ့အတွက် ဘေးဥပဒ်အန္တရာယ်နဲ့ သေကြရတဲ့အကြောင်း ပုံပြင်ကလေးတစ်ပုဒ်အဖြစ် စလောက်နှီးသား လူကြီးများက သားငယ် မြေးငယ်တွေကို ပြောပြကြတာ ရှိပါတယ်။

သူတို့ပြောတဲ့ ပုံပြင်ကလေးကတော့ ......ရှေးရှေးတုန်းက မြွေတစ်ကောင်ဟာ အစာရလို့အတွက် ဟိုသွားဒီသွားနဲ့ လှည့်လည်သွားလာနေရင်း ရေမရှိတဲ့ ရေတွင်းပျက်ကြီးတစ်ခုထဲ ကျသွားတယ်။

ခုလိုကျသွားတော့ မြွေကြီးဟာ ရေတွင်းပေါ်ကိုတက်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ရေတွင်းပေါ်ကို မတက်နိုင်ဘူး။ ချောချောပြီး ပြန်ပြန်ကျတယ်။ အထပ်ထပ်အခါခါ ဘယ်လိုပင် ကြိုးစားပြီးတက်ပေမယ့် ရေတွင်းက ချောအားကြီးတော့ ကွာလို့ချည်းကျတယ်။ ဒါနဲ့ မြွေကြီးဟာ အကြံကုန် စိတ်ပျက်ပြီး မှိုင်နေတုန်း အမှတ်မထင် ရေတွင်းပျက်ထဲက ထောင့်တစ်ထောင့်မှာ ကြွက်ကလေးတစ်ကောင်ကို တွေ့လိုက်တယ်။

ဒီတင် ကြွက်ကလေးဆီ အသာသွားပြီး "မိတ်ဆွေ ကျုပ်ကို ရေတွင်းပေါ်ရောက်အောင်ပဲ ဖြစ်ဖြစ်၊ ဒီရေတွင်းပျက်ကြီးထဲက ထွက်သွားနိုင်အောင်ပဲဖြစ်ဖြစ် ကြံပေးပါ၊ သင့်ကျေးဇူးကို မမေ့ပါဘူး" လို့ ပြောတယ်။

ဒီတော့ ကြွက်ကလေးက "ကောင်းပြီ၊ သင် သစ္စာဆိုရင် ကျုပ် သင့်ကို ရေတွင်းထဲက အပြင်ရောက်အောင် လုပ်ပေးမယ်" လို့ ပြန်ပြောတယ်။

နလို့ ပြောလိုက်တော့ မြွေက "ကျုပ် ဘယ်လိုသစ္စာဆိုရမှာလဲ" လို့ ပြန်မေးတယ်။

ဒီတင် ကြွက်ကလေးက "အသင် မြွေ၊ အသင့်အား သစ္စာတစ်ခုကိုပဲ ဆိုစေချင်ပါတယ်။ ဆိုရမယ့်သစ္စာကတော့ တခြားမဟုတ်ပါဘူး၊ ကျုပ်တို့မြွေမျိုးသည် ကျုပ်တို့ကို ကူညီခဲ့ဖူးတဲ့ ကြွက်သတ္တဝါတွေကို ဘယ်တော့မှ မစားပါ။ စားခဲ့သော် အားအန္တရာယ် တစ်ခုခုတွေ့ပြီး သေပါစေဆိုတဲ့ သစ္စာပဲ ဖြစ်ပါတယ်" လို့ ပြန်ပြောတယ်။

ဒီတော့ မြွေကြီးက "ကောင်းပါပြီ၊ ကျုပ်ကိုသာ ဒီရေတွင်းပျက်ထဲက ထွက်နိုင်အောင် လုပ်ပေးပါ၊ ကျုပ် သစ္စာဆိုပါ့မယ်" လို့ ပြောပြီး ......

"ကျုပ်တို့မြွေမျိုးသည် ဘယ်သောအခါမျှ ကြွက်သတ္တဝါတွေကို မစားပါ။ အကယ်၍ စားမိအံ့၊ စားသောမြွေသည် မကြာခင် အန္တရာယ်တစ်ခုခုနဲ့ကြုံပြီး အသက် သေပါစေသား" လို့ သစ္စာဆိုလိုက်တယ်။

ဒါနဲ့ ကြွက်ကလေးဟာ သူတော့ မြွေရဲ့ချမ်းသာပေးခြင်းကို ခံရပြီ၊ သူ့လိုပဲ တခြားကြွက်တွေလည်း ချမ်းသာကြရပြီလို့ ဝမ်းသာအားရဖြစ်ပြီး "အသင်မြွေကြီး၊ သင်ဆိုခဲ့တဲ့သစ္စာအတိုင်း သစ္စာကိုစောင့်ပါ။ သစ္စာဖောက်မိရင် သင်ဆိုထားတဲ့ သစ္စာအတိုင်း သစ္စာဖောက်သူတို့ရဲ့ ဓမ္မတာအရ အသက်အန္တရာယ်ဖြစ်ပါလိမ့်မယ်" လို့ ပြန်ပြောပြီး သူ့သွားကလေးတွေနဲ့ ရေတွင်းပျက်ထဲက အပြင်ကို ထွက်နိုင်အောင် အပေါက်ဖောက်တယ်။

ကြွက်ကလေးဟာ မနားမနေ သူ့သွားကလေးတွေနဲ့ မြေကြီးကို ကိုက်ဖဲ့ပြီး ဖောက်လိုက်တာ နောက်ဆုံးတော့ မြွေကြီးထွက်နိုင်လောက်တဲ့ အပေါက်ကြီးတစ်ပေါက် ဖြစ်သွားတယ်။ အပေါက်ကြီး ဖောက်ပြီးတဲ့အခါကျတော့ ကြွက်ကလေးက "အသင်မြွေကြီး သင် လွတ်မြောက်နိုင်ဖို့အတွက် အပေါက်ဖောက်လို့ ပြီးပါပြီ၊ ချမ်းချမ်းသာသာနဲ့ ထွက်ပါတော့" လို့ ပြောပြီး သူက ရှေ့မှ လမ်းပြကာ မြွေကြီးကို ရေတွင်းပျက်ထဲက ခေါ်ထုတ်သွားတယ်။

မြွေကြီးဟာ အပြင်ကို ရောက်သွားတဲ့အခါကျတော့ ရေတွင်းပျက်ထဲမှာ နေခဲ့ရတဲ့ ရက်တွေကလည်းကြာ၊ ဘာအစာမှလည်း မစားရတော့ သူထားခဲ့တဲ့ သစ္စာကို မေ့ပြီး ကျေးဇူးရှင် ကြွက်ကလေးကိုဖမ်းပြီး စားလိုက်မိတယ်။

မြွေကြီးဟာ ကြွက်ကလေးကိုစားလိုက်ပြီးလို့ မကြာခင်မှာပဲ ရွာထဲက ဖားရှာငါးရှာ ထွက်လာကြတဲ့ လူစုနဲ့ တိုးမိရော။ ဒီတင် ဒီလူတွေက ဟင်းအရံအတွက် မြွေကြီးကို ရိုက်သတ်ပြီး ယူသွားကြတယ်။

အဲဒီလို မြွေကြီးက ကြွက်ကလေးရှေ့မှာ သစ္စာဆိုခဲ့တဲ့အချိန်ကစပြီး ကြွက်ကိုစားမိတဲ့မြွေတိုင်း ဘေးဥပဒ်တစ်ခုခုနဲ့ သေရတာချည်း ဖြစ်လာတယ်။ ရွာထဲမှာ လူတွေရိုက်သတ်ထားလို့သေတဲ့ မြွေရဲ့ဗိုက်ကို ခွဲကြည့်ရင် ကြွက်မွေးတွေ တွေ့ရပါလိမ့်မယ်။ အဲဒီမြွေဟာ သစ္စာဖောက်လို့ သေတဲ့မြွေပဲလို့ သိရမယ်။

မြွေတွေဟာ သူတို့ဟာသူတို့လည်း သေကြပါရဲ့။ ဒါပေမယ့် ကြွက်ကိုစားမိရင်တော့ အန္တရာယ်တစ်ခုခုနဲ့ အမှန်ကြုံပြီး သေကြရတာချည်း ဖြစ်တယ်။ ဒါ့ကြောင့် သစ္စာကို အရမ်းမဆိုရဘူး၊ သစ္စာဖောက်မိရင် သစ္စာစူးတယ်။ ကြွက်

Generated by CamScanner from intsig.com

ကိုစားတဲ့မြွေဟာ ကျေးဇူးရှင်ကိုကျေးဇူးစွပ် သစ္စာဖောက်တာဖြစ်လို့ လူတွေသတ်လို့ သေရသလို ဘယ်မြွေမဆို ကြွက်ကိုသာ စားမိပါက အဲဒီမြွေဟာ ဘေးအန္တရာယ် တစ်ခုခုနဲ့ အမှန်သေကြရတာပဲ" လို့ ဆုံးမသွန်သင်တဲ့ ပုံမျိုးကိုလည်း ပြောတတ်ကြပါတယ်။

# မကျက်အောင်ကြော် ကျက်အောင်ကြော်

ဘားအံမြို့လယ်က သွန်းဘုရားကြီးပွဲတော်ဟာ စည်ကားနေတယ်။ အနယ်နယ်အရပ်ရပ်က လာလိုက်ကြတဲ့လူတွေဟာ ကြိတ်ကြိတ်တိုးနေတယ်။ ဇာတ်ပွဲတွေ၊ ရုပ်သေးပွဲတွေအပြင် နေ့ခင်းမှာ လက်ဝှေ့ပွဲလည်း သွင်းတယ်။ ဒီနယ်ဘက်မှာ လက်ဝှေ့ပွဲပါတဲ့ ပွဲဆိုရင် ဘယ်ပွဲတော်မဆို စည်ကားရတဲ့အထဲ သွန်းဘုရားကြီးပွဲတော်ဆိုတာက ဆုကောင်းလို့ လက်ဝှေ့ကျော်တွေ စုပြုံဆင်းလာတဲ့ပွဲဖြစ်တာကြောင့် တခြားပွဲတော်တွေထက် ပိုစည်တယ်။

ခုလို စည်စည်ကားကားကြီး ပွဲတော်ကျင်းပနေတဲ့နေ့မှာ ခလောက်နို့သား လူရွယ်တစ်ယောက်ဟာ နောင်လုံနယ်က မိတ်ဆွေ လူရွယ်တစ်ယောက်နဲ့ ပွဲတော်ဈေးခင်းမှာ ဆုံကြတယ်။ နှစ်ယောက်စလုံး အဝတ်အစားသစ်တွေနဲ့ဖြစ်ပြီး သူ့တို့ရဲ့မျက်နှာမှာလည်း ရည်းစားများက လိမ်းပေးလိုက်တဲ့ သနပ်ခါး အစအနကို တွေ့ရတယ်။

ခလောက်နို့သား လူရွယ်ဟာ နောင်လုံကသူငယ်ချင်းကို မြင်တော့ ပြေးပြီးလည်ပင်းကိုဖက်ကာ ဝမ်းသာအားရနဲ့ ဈေးတန်းဘက်ကိုဆွဲပြီး ခေါ်လာတယ်။ နောင်လုံသား မိတ်ဆွေကလည်း ခလောက်နို့သားရဲ့ ခါးကိုဖက်ပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ လိုက်လာတယ်။

Generated by CamScanner from intsig.com

ပွဲဈေးတန်းက ခေါက်ဆွဲဆိုင်တစ်ဆိုင်ရှေ့ ရောက်တော့ ခလောက်နို့သားက နောင်လုံသားကိုဆွဲပြီး ခေါက်ဆွဲဆိုင်ထဲကို ဝင်လိုက်တယ်။ တခါတလေမှ တွေ့ရတဲ့မိတ်ဆွေတွေကို ခေါက်ဆွဲကျွေးမလို့ ဆိုတဲ့ အကြံနဲ့ ဖြစ်တယ်။ သူတို့နှစ်ယောက် စားပွဲဝိုင်းကလေးမှာ ထိုင်မိတော့ ဆိုင်ရှင်ရဲ့လူငှား စားပွဲထိုးလုပ်သူက "ဘာစားကြမလဲ ဆရာကြီးတို့" လို့ ညှော်ဝတ်ကျေကျေနဲ့ မေးတယ်။

ဒီတော့ ခလောက်နို့သားက သူ့ဗမာရည်လည်တာကို နောင်လုံသားအပေါ် ကြွားချင်တာနဲ့ .........

"ဟဲ့ - ခေါက်ဆွဲကြော်စမ်း" လို့ အာဏာနဲ့ ခိုင်းလိုက်တယ်။

အဲဒီမှာ စားပွဲထိုးလုပ်သူက "ဘယ်လို ဘာနဲ့ကြော်ရမှာလဲ ဆရာ" လို့ ကိုယ်ကို ခပ်ယို့ယို့ထားပြီး မေးပြန်တယ်။

ဒီတင် ခလောက်နို့သားက သူ့ ဗမာစကား မွတ်နေအောင်တတ်ကြောင်း အစွမ်းပြချင်နေတဲ့အတိုင်း "မကျက်အောင်ကြော် ကျက်အောင်ကြော် အဲဒါကြောင့်မို့" လို့ ဣန္ဒြေကြီးကြီးနဲ့ ပြန်ပြောလိုက်တယ်။

ဒီတင် ပါးရည်နပ်ရည်ရှိတဲ့ စားပွဲထိုးက အစိမ်းကြော် နှစ်ပွဲကြော်ပြီး လာချလိုက်တယ်။

သူငယ်ချင်းနှစ်ယောက်ဟာ အစိမ်းကြော်ကိုပဲ အမြည်းလုပ်ပြီး ခပ်ယိုင်ယိုင်နဲ့ လက်ဖွေ့ဝိုင်းဘက်ကို ထွက်သွားကြပါသတဲ့။

✍

# ကြောင်ကျကလေး

ခလောက်နို့ နယ်သားတွေဟာ ဘာပဲလုပ်လုပ် ဘာပဲကိုင်ကိုင် မတတ်သာလို့ ရှုံးသွားရင်ဖြစ်စေ၊ ထွက်ပြေးလာရတာပဲဖြစ်စေ "ကြောင်ကျကလေးကျတာ" လို့ ပြောပြီး ပေါ့ပေါ့တန်တန် သဘောထားတတ်ကြတယ်။

ဒီသဘောထားနဲ့ ပတ်သက်ပြီး ခလောက်နို့ ကော့လယားရွာသား သူငယ်ချင်းနှစ်ယောက်အကြောင်းကို ယနေ့အထိ ပြောနေကြတုန်း ရှိပါတယ်။

ကော့လယားရွာမှာ စိန့်သင်းယုံနဲ့ ဗွတိုလို့ခေါ်တဲ့ သူငယ်ချင်းနှစ်ယောက် ရှိတယ်။ ဒီနှစ်ယောက်ဟာ သွားအတူ လာအတူ အိပ်အတူ ဆိုတဲ့ အိပ်ဖော်အိပ်ဖက် သူငယ်ချင်းမျိုး။

အဲဒီဘက်နယ်က ရွာတွေမှာ လူပျိုလူရွယ်လေးတွေဟာ ကိုယ့်အိမ်မှာကိုယ် အိပ်လေ့ တယ်မရှိကြဘူး။ ညညမှာ အပေါင်းအသင်းနဲ့ လျှောက်လည်ပြီး ညဉ့်နက်လာရင် အိမ်ရှင် သိသည်ဖြစ်စေ မသိသည်ဖြစ်စေ အိမ်တစ်အိမ်အိမ်ပေါ် တက်ပြီး အိပ်လေ့ ရှိကြတယ်။ လွယ်တာကလည်း ဒီအရပ်ကအိမ်တွေမှာ တံခါး မထားကြဘူး။ အိပ်ခန်းကလေးတစ်ခုကိုပဲ ကာရံထားတာဖြစ်လို့ အပြင်က တစ်အိမ်လုံး ကြိုက်တဲ့နေရာမှာ ထိုးပြီး အိပ်နိုင်တယ်။ ပြီးတော့လည်း ဒီလူတွေက အိပ်တယ်ဆိုတာမျိုးကို ဂျီးများနေတာ မဟုတ်ဘူး။ ဝါးပိုးပိုင်းကို ခေါင်းအုံးပြီး လုံချည် ခြုံအိပ်ကြတာပဲ။

Generated by CamScanner from intsig.com

ကိုယ်က တခြားအိမ်တွေမှာ လျှောက်အိပ်သလို တခြားလူတွေကလည်း ကိုယ့်အိမ်မှာ ဝင်အိပ်သွားတာလည်း ရှိတယ်။ ဒါ့ကြောင့် ကိုယ့်အိမ်မှာမှ ကိုယ် အိပ်ရတယ်လို့ မဟုတ်ဘဲ ညဦးနက်လာရင် ဘယ်သူ့အိမ်ဖြစ်ဖြစ် တစ်အိမ်အိမ် တက်အိပ်လိုက်ပြီး မိုးလင်းမှ ထပြန်ကြတာမျိုး ဖြစ်နေတယ်။ စိန်သင်းယုံနဲ့ ဗွတို ဟာလည်း နှစ်ယောက် တပူးတွဲတွဲ သွားလာနေပြီး ညဦးနက်လာရင် တအိမ်အိမ် ပေါ် တက်အိပ်ကြတဲ့ အိပ်ဖော်အိပ်ဖက် သူငယ်ချင်းဖြစ်တယ်။

တစ်နေ့တော့ သူငယ်ချင်းနှစ်ယောက်ဟာ ဇွဲကပင်တောင်တန်းရဲ့ အစွန်း မှာရှိတဲ့ ဆဒ္ဒန်ဂူတောထဲကို အမဲလိုက်ထွက်ဖို့ တိုင်ပင်ကြပြီး နောက်တစ်နေ့ မနက်မှာပဲ သွားဖို့ စီစဉ်ကြတယ်။

မနက်စောစော အိမ်ကထွက်လာကြတော့ သူတို့မှာ ထမင်းထုပ်ကိုယ်စီ၊ ဒူးလေးကိုယ်စီ ပါလာကြတယ်။ ကော့လယားရွာက ဆဒ္ဒန်ဂူတောကို သွားရတာဟာ မိုင်ဖွဲ့ရင် ဆယ်မိုင်ကျော်လောက် ဝေးတယ်။ သူတို့ကတော့ ဒါလောက်ခရီးမျိုးကို ပေါ့ပေါ့ကလေး သဘောထားပြီး သွားကြတယ်။ ခရီးတစ်ဝက်လောက် လျှောက်မိ တော့ ဆာလာကြတာနဲ့ စမ်းချောင်းကလေး တစ်ခုဘေးမှာ ထမင်းစားကြတယ်။ စားပြီးတော့ ရှေ့ကို ခရီးဆက်ကြပြန်တယ်။

ဆက်သွားကြလို့ အင်တော်ကြီးထဲဝင်မိတော့ သူတို့နှစ်ယောက်စလုံး ဆတ်တစ်ကောင်ကို မြင်လိုက်တယ်။ ဒီတင် စိန်သင်းယုံက ဒူးလေးကို အသံမမြည် အောင်တင်ပြီး မြားလွှတ်လိုက်တယ်။ လွှတ်လိုက်တဲ့မြားဟာ ဆတ်ကြီးကိုတော့ ထိပါရဲ့ ဒါပေမယ့် ချက်ကောင်းမဟုတ်လို့ ဆတ်ကြီးဟာ မြားတန်းလန်းနဲ့ စွတ်ပြေးတော့တယ်။

သူတို့နှစ်ယောက်ကလည်း သွေးစက်နဲ့ ဆတ်ကြီးခြေရာတွေ၊ ဆတ် တိုးလို့ လဲပြိုကျန်ရစ်နေတဲ့ ချုံတွေကိုကြည့်ပြီး လိုက်ကြတယ်။ လူနှစ်ယောက်ဟာ စကားမပြောကြဘဲ ဖွဲ့ကောင်းကောင်းနဲ့ ဆတ်နောက်ကိုလိုက်နေကြတာ နေစောင်း လို့ ဇွဲကပင်တောင်ကို နေကျော်ပြီး သူတို့ရှိတဲ့ တောင်တစ်ဘက်ခြမ်းကို နေကွယ် တဲ့အချိန် ရောက်လာတယ်။ ခုလို အချိန်ရောက်လာတော့ သူငယ်ချင်းနှစ်ယောက် ဟာ အချိန်နည်းနေပြီ ရှေ့ဆက်လိုက်လို့တော့ မဖြစ်နိုင်တော့ဘူးလို့ တိုင်ပင်ကြကာ လက်လျှော့ပြီး ပြန်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

Generated by CamScanner from intsig.com

ဆတ်နောက်ကို လိုက်ကြတုန်းက အချိန်ကို ဂရုမစိုက်ခဲ့ကြပေမယ့် ပြန်တော့မယ်လုပ်တော့ မှောင်စပြုနေပြီ။ တောကြီးမျက်မည်းထဲရောက်နေတဲ့ သူတို့ အတွက် ညအချိန်ဟာ အင်မတန် အန္တရာယ်များတယ်လို့တော့ သိကြတယ်။ ဒါကြောင့် သူတို့နှစ်ယောက်ဟာ အချိန်ကိုလုပြီး မြန်နိုင်သမျှမြန်အောင် ချုံတွေ တိုးကာ လာလမ်းကို မှန်းဆရင်း ပြန်ခဲ့ကြတယ်။

ခုလို စမ်းတဝါးဝါး ဟိုချုံဒီချုံတိုးနဲ့ ပြန်လာလိုက်ကြတာ သစ်ပင်ကြီး တစ်ပင်အောက်ရောက်တော့ သူတို့ရှေ့မှာ လူသွားလမ်းကလေးကို ခပ်ရေးရေး မြင်တယ်။ ခဏရပ်ပြီး သေသေချာချာကြည့်ကြတော့ လူသွားလမ်းကလေးဟာ သူတို့ရောက်နေတဲ့ သစ်ပင်ကြီးမှာ အဆုံးသတ်နေပြီး သစ်ပင်ကြီးအောက်မှာလည်း နတ်စင်ကလေးတစ်စင် ရှိနေတာကို တွေ့ကြတယ်။ အချိန်ကတော့ လုံးလုံးကြီး မှောင်သလောက် ရှိသွားပြီ။

နတ်စင်ကိုတွေ့တော့ သူတို့နှစ်ယောက်ဟာ ဘာမှ တိုင်ပင်မထားပဲနဲ့ နတ်စင်ရှေ့မှာ အတူတူ ဒူးထောက်ထိုင်မိပြီး "အန္တရာယ်ကင်းကင်းနဲ့ အိမ်ကို အမြန်ဆုံးရောက်အောင် မှိုင်းမတော်မူပါ အရှင်ကြီး" လို့ ရှိခိုး တောင်းပန်လိုက် မိလျက်သား ဖြစ်သွားကြတယ်။

ခုလို ရှိခိုး ဆုတောင်းပြီး ဦးချလိုက်တာနဲ့ နတ်စင်နောက် ချုံထဲက သူတို့နှစ်ယောက် ကြက်သီးမွေးညင်း ထသွားအောင် ကျားဟိန်းသံကြီးကို ကြားလိုက်ရတယ်။ ကျားက ဘယ်လောက်ကြီးတယ်လို့ မသိရပေမယ့် ကျားဟိန်းသံကြီးဟာ တစ်တောလုံး ပဲ့တင်ထပ်သွားတယ်။

အဲဒီမှာ နှစ်ယောက်သား ဒုတိယအကြိမ် တိုင်ပင်ထားကြတဲ့အလား ဒူးလေးက မြှား လွှတ်လိုက်သလို မှုန်မှုန်ကလေး မြင်ရတယ်ဆိုတဲ့ လမ်းကလေး အတိုင်း သေပြေးရှင်ပြေး ပြေးထွက်ကြတယ်။ ကြောက်လန့်တကြားနဲ့ ဘာကိုမှ မတွေးအားဘဲ အားကုန် သုတ်ခြေတင်ပြီး ပြေးလိုက်ကြတာ နောက်ဆုံးမှာ သူတို့နှစ်ယောက်ဟာ ခြံကြီးတစ်ခြံထဲ ရောက်သွားတာကိုသာ သိလိုက်ကြပြီး အဲဒီခြံထဲမှာပဲ ဟပ်ထိုးလဲကျကာ သတိမေ့သွားကြရော။

နောက် သတိရလို့ မျက်စိဖွင့်ကြည့်မိတဲ့အခါကျတော့ မီးခွက်တွေ မီး တုတ်တွေ ပတ်လည်ဝိုင်းနေပြီး သူတို့ကို လူတွေက နှိပ်နယ်နေတာကို တွေ့ကြ ရတယ်။ သူတို့ ရောက်နေတဲ့ နေရာဟာလည်း စိန်သင်းယုံရဲ့ ဖအေအိမ် ဖြစ်နေ တာကိုပါ သိကြတယ်။

စိန်သင်းယုံနဲ့ ဗွတို သတိပြန်ရပြီဖြစ်တာကို လူတွေကမြင်တော့ အားရဝမ်းသာဖြစ်ပြီး "သတိရကြပလား ဟော၊ သောက်ကျိုးနဲ့လူတွေဗျာ၊ စိတ်ပူလိုက်ရတာ၊ ဘယ်လိုများ ဖြစ်လာကြတာလဲ" လို့ ဝိုင်းမေးကြတယ်။

ဒီတော့ စိန်သင်းယုံက "တော်ပါသေးရဲ့ဗျာ၊ ကျားကြီးနဲ့ တွေ့ခဲ့ပါတယ်။ နတ်မလို့ ကြောင်ကျကလေး ကျတာ၊ နို့မဟုတ်ရင် သေလောက်ပါရဲ့" လို့ ပြန်ပြောလိုက်တယ်လေ။

အဲဒီကတည်းကစပြီး သူတို့နှစ်ယောက် အမဲလိုက်တာကို မတွေ့ကြရတော့ဘူး။

Generated by CamScanner from intsig.com

# နှစ်ဘက်ချွန်

“ဩ အိုး ရွှံ့ရှင် – လေလောင်းရွှံ့နဲ့ ပုံးရတယ်” ဆိုတဲ့စကား ရှိပေမယ့် တကယ် လုပ်သူများကတော့ ရှားလှပါတယ်။ “သဲဒီစကားမျိုးဟာ အပြောသာရှိတဲ့ စကားပါ” လို့လည်း ဆိုကြပါတယ်။ ဒါပေမယ့် လောကနဲ့နယ်မှာတော့ ဒီစကားအတိုင်း လိုက်နာကြတဲ့လူတွေ အများကြီး ရှိပါတယ်။

ဗြိတိသျှလက်အောက်ခံ ကျွန်ဘဝက ဖြစ်ပါတယ်။ ဒီအချိန်မှာ ခလောက်နို့ သူကြီးကလည်း အင်မတန် ပါဝါအာဏာပြတယ်။ သူနဲ့ အပေါင်းအသင်းဖြစ်တဲ့ ဘားအံမြို့က ပုလိပ်တွေဆိုတာလည်း ရွာကိုရောက်လာတဲ့အခါ သူကြီးရဲ့အရှိန်နဲ့ အာဏာ ပြလွန်းတယ်လို့ ဆိုပါတယ်။

ဒီ သူကြီးဟာ ရွာက ရွေးကောက် တင်မြှောက်ထားတဲ့ သူကြီး မှန်ပေမယ့် သူ့ကိုယ်သူ ရွာက တင်မြှောက်ထားတာဆိုတာ မေ့သွားပြီး သူတော်လို့ အစိုးရက ခန့်ထားတာလို့ ထင်နေတယ်။ ရပ်ရွာရဲ့ မိဘ၊ ရပ်ရွာရဲ့ အကျိုးဆောင် ဖြစ်ရမယ့်အစား ဗြိတိသျှအစိုးရရဲ့ အမှုထမ်းကောင်း ဖြစ်နေတယ်။ သူဟာ ရပ်သူရွာသားတွေအပေါ် ပါဝါအာဏာပြပြီး ဗြိတိသျှဗျူရိုကရက်အုပ်ချုပ်သူတွေရဲ့ အကြိုက်ကိုသာ လိုက်လုပ်နေသူသာ ဖြစ်တယ်။

ဒီအချိန်က တိုင်းပြည်မှာ သူခိုးဓားပြတွေ နေရာတကာ ပုလုတယ်လို့ ဆိုပေမယ့် ခလောက်နို့ဘက်မှာတော့ အေးချမ်းပါတယ်။ ခလောက်နို့ကအိမ်တွေ ဆိုတာ တံခါးမထား၊ တံခါးမရှိတဲ့ အိမ်ချည့် ဖြစ်တယ်။ တံခါးမရှိတဲ့အိမ်ပေမယ့် ဘာမှ ပျောက်တယ် ရှတယ်လို့ မရှိဘူး။ ဒီနယ်ဟာ သူခိုးသူဝှက်မရှိ အင်မတန် အေးချမ်းတဲ့ နယ်ပါ။

ဒါပေမယ့် ဗြိတိသျှဗျူရိုကရက် အစိုးရက တစ်ရွာစီ တစ်နယ်စီရဲ့ နယ်မြေဒေသ အခြေအနေကို မကြည့်ဘဲ တပြေးတည်း တညီတည်း တစ်ပြည်လုံး ရှိ ကျေးရွာတွေအားလုံး နှစ်ဘက်ချွန် တစ်အိမ် ၁၀ ချောင်းစီနဲ့ မီးကွင်း မီးတုတ် ၅ ခုစီ လုပ်ရမယ်လို့ အမိန့်ထုတ်တယ်။

အင်္ဂလိပ်လက်ထက် ရွာတွေမှာ နှစ်ဘက်ချွန် လုပ်ကြရတယ်ဆိုတာ အရှည်တစ်ထောင့်ထွာ၊ လုံးပတ် လက်ကောက်ဝတ်လောက် သစ်သားကို နှစ်ဘက် ချွန်ပြီး ဆောင်ထားကြရတယ်။ ဒီနှစ်ဘက်ချွန်တုတ်နဲ့ သူခိုးဓားပြတွေကို ပစ်ပမ်းဖို့ ဖြစ်တယ်။ မီးကွင်း မီးတုတ်ဆိုတာလည်း သူခိုးဓားပြကို လိုက်တဲ့အခါ ထင်ထင် မြင်မြင် ရှိအောင်တဲ့။

နှစ်ဘက်ချွန် လုပ်ရမယ်ဆိုတဲ့ အမိန့်ဟာ ခလောက်နို့သူကြီးဆီကိုလည်း ရောက်လာတယ်။ အမိန့်ရောက်လာတာနဲ့ သူကြီးက မောင်းထု လူစုလိုက်တယ်။ လူတွေစုံလာတော့ "ရပ်ရွာမှာ သူခိုးဓားပြ ကာကွယ်ရေးအတွက် တစ်အိမ်ကို

Generated by CamScanner from intsig.com

နှစ်ဘက်ချွန် ၁၀ ချောင်း လုပ်ကြရမယ်။ မလုပ်ရင် အရေးယူမယ်၊ နှစ်ရက် သုံးရက်အတွင်း အိမ်တိုင်းကို လိုက်စစ်မယ်၊ မစစ်ပြစ်ရင် မောင်းထုခေါ်မယ်။ မောင်းသံကြားရင် ကိုယ်လုပ်ထားတဲ့ နှစ်ဘက်ချွန်တွေ ယူလာပြီး ပြရမယ်" လို့ အာဏာသံအပြည့်နဲ့ အမိန့်ပေးတယ်။

ရွာသားတွေကို အမိန့်ပေးလိုက်ပြီး နှစ်ရက်ကြာတော့ ဘားအံမြို့အုပ် ပုလိပ်တစ်စု သူကြီးအိမ် ရောက်လာကြတယ်။ ကိစ္စကတော့ သသသမေခအခွန်တော် အတွက် သူကြီးဆီကို လာတာပဲ။ ဒါပေမယ့် သူကြီးက ရွာမှာ သူ့သြဇာအာဏာ ဘယ့်ကလောက်ကြီးတယ်၊ အစိုးရရဲ့ အမှုတော်ကို သူ ဘယ်လို အောင်မြင်အောင် ထမ်းရွက်တယ်၊ ချလိုက်တဲ့ အမိန့်ကို ဘယ့်ကလောက် မြန်မြန်ဆန်ဆန်ပြီးအောင် လုပ်နိုင်တယ်ဆိုတာ ပြချင်တာနဲ့ အိမ် ကပြင်မှာဆွဲထားတဲ့ မောင်းကြီးကို ထု လိုက်တယ်။

သူကြီးအိမ်က မောင်းကွဲကြီး ထုသံကြားတော့ ရွာသားတွေက မောင်းထုရင် နှစ်ဘက်ချွန်တွေ ယူလာကြရမယ်ဆိုတဲ့ သူကြီးရဲ့ အမိန့်အတိုင်း နှစ်ဘက်ချွန် စည်းတွေကို ထမ်းပြီး သူကြီးအိမ်ကို သွားကြတယ်။

လူစုလူဝေးနဲ့ တစ်လံကျော်ကျော်ရှည်တဲ့ ခြေသလုံးလောက်၊ ပေါင်လုံး လောက် သစ်တုံးတွေကို နှစ်ဘက်ချွန်ပြီး ထမ်းလာကြတာကို သူကြီးကမြင်တော့ သူ့လူတွေ ဘယ်လို ဖြစ်ကုန်ကြသလဲလို့ အံ့သြနေတယ်။ မြို့အုပ်မင်းနဲ့ ပုလိပ် တွေကလည်း ဘာများလုပ်ဖို့ ရွာသားတွေက နှစ်ဘက်ချွန်ထားတဲ့ တုံးကြီးတွေကို ထမ်းပြီး လာကြတာလဲလို့ မဝေခွဲနိုင်အောင် ဖြစ်ကုန်တယ်။

ဒီလူစုဟာ သူကြီးအိမ်ရှေ့ရောက်တော့ နှစ်ဘက်ချွန်ထားတဲ့ တုံးကြီး တွေကို စုပုံ ပစ်ချထားလိုက်ပြီး "ကျန်တာ ပြန်ယူဦးမယ် သူကြီး" လို့ ဆိုကာ နောက်ထပ် သယ်ဖို့ သွားကြပြန်တယ်။

ခြေသလုံးလောက်၊ ပေါင်လုံးလောက် အရှည်တစ်လံကျော်ရှိတဲ့ နှစ်ဘက် ချွန် တုံးကြီးတွေ သယ်လာတဲ့ အဓိပ္ပာယ်ကို နားမလည်တဲ့ မြို့အုပ်မင်းက "သူကြီးမင်းရဲ့ ဒီ နှစ်ဘက်ချွန်ထားတဲ့ တိုင်ကြီးတွေက ဘာလုပ်ဖို့လဲ" လို့ မေးတယ်။

ဓုလို မေးလိုက်တော့မှ သူကြီးက သတိရပြီး "ကျွန်တော်မျိုးက ဒီလူတွေကို နှစ်ဘက်ချွန် ၁၀ ချောင်းစီ လုပ်နိုင်းပါတယ်။ အတိုင်းအထွာ မပေးမိတာနဲ့ ဒီလူတွေ လုပ်လာတာက ဝံ့ရှည်လောက်ကြီးတဲ့ နှစ်ဘက်ချွန်ကြီးတွေ ဖြစ်နေပါတယ် ဘုရား" လို့ မျက်နှာကို အောက်ချပြီး စိတ်ပျက်ပျက်နဲ့ ပြောလိုက်ရပါသတဲ့။

## အစာဝနေတဲ့ ကျွဲဒုံး

ဤလောကနိုင်နယ်က လူတွေဟာ ဘယ်လို အသက်မွေးဝမ်းကျောင်းမျိုး လုပ်ကိုင်နေရပေမယ့် ဘာသာတရားကိုတော့ ကြည်ညိုလေးစားကြပါတယ်။ ယောကျ်ားမှန်ရင် ရှင်မပြုဘူးတဲ့သူ၊ အသက်ပြည့်ပါက ရဟန်းမခံဘူးတဲ့သူရယ်လို့ မရှိအောင် ရှားပါတယ်။ ယုတ်စွအဆုံး ရှင်အဖြစ် ရဟန်းအဖြစ် ၇ ရက် လောက်တော့ နေဖူးကြတဲ့လူရည်လို ဖြစ်ပါတယ်။

Generated by CamScanner from intsig.com

ခုလိုဘာသာတရားကို ကိုင်းရှိုင်းကြပေမယ့် သူတို့ လုံးလုံးကြီး စွန့်မပစ်သေးနိုင်တာက အရက် ဖြစ်တယ်။ နယ်သူနယ်သားတွေ အားလုံးလောက်ဟာ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ယောကျ်ားရော မိန်းမပါ အရက်ကလေးကိုတော့ ကြိုက်တတ်ကြပါတယ်။ အမြဲတမ်း အစွဲလမ်းကြီးတစ်ခုအဖြစ်နဲ့ သောက်နေကြတာ မဟုတ်ပေမယ့် တွေ့တဲ့အခါ ကြုံတဲ့အခါမှာတော့ မငြင်းပါဘူး။ ခုလိုသောက်တာကို ဘယ်သူမှလည်း မတားမြစ်ကြဘူး။ အပြစ်လည်း မဆိုကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးကပဲ ဒါကို နည်းနည်းကြိုက်တတ်ကြလို့ ဖြစ်ပါတယ်။

ဘယ်အထိ ကြိုက်သလဲဆိုရင် အလှူအတန်းလုပ်ရာမှာတောင် ဒီဥစ္စာက မကင်းရာမကင်းကြောင်းအဖြစ်နဲ့ ပါနေပါတယ်။ ယုတ်စွအဆုံး အလှူအိမ်မှာ ထမင်းဟင်း ချက်ရတော့မယ်ဆိုရင် အိုးသူကြီးတွေအတွက် ဒါကိုတော့ ထောင်ထားပေးရတယ်။ ဒီတော့မှ မီးပူခံနိုင်တယ်။ ဖျတ်ဖျတ်လတ်လတ် လုပ်နိုင် ကိုင်နိုင်တယ်။ ဒါကလေးရမှ လုပ်ရကိုင်ရတဲ့ လူတွေက ဖင်ပေါ့တယ်။ မတွက်မကတ်ကြဘူး ဆိုတဲ့ စာဆိုက ရှိထားတယ်။

ဒါပေမယ့် အလှူတစ်ခုမှာ အရက်အပေါ် များသွားလို့ ခလောက်နို့နယ်မှာ ဒီကနေ့အထိ ပြောစမှတ်ကြီးကျန်ရစ်တဲ့ သမိုင်းဖြစ်ရပ်ကြီးတစ်ခု ရှိနေပါတယ်။

တစ်နှစ်မှာ ခလောက်နို့နယ်စွန်က နောင်လုံရွာ ရွာမျက်နှာဖုံး လူကြီးတစ်ဦးက ရှင်ပြုပဒ္ဒင်းခံ အလှူကြီးလုပ်တော့ ရွာခလေ့အတိုင်း တစ်ရွာလုံးက လုပ်စရာကိုင်စရာတွေကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ကြတယ်။ ပျော်ပျော်ပါးပါး ရှင်လောင်းလှည့်ဖို့လည်း စီစဉ်ကြတယ်။

အဲဒီဘက်မှာ ရှင်လောင်းလှည့်တယ် ဆိုတာက ကိုယ့်ရွာကလေးထဲလျှောက်လှည့်ရုံနဲ့ ပြီးတာမဟုတ်ဘူး။ ရွာက အိမ်ခြေ ၄ – ၅ – ၈၀ လောက်သာရှိတော့ အများကြီး ငွေကုန်ကြေးကျခံပြီး လှလှပပ ဝတ်စားဆင်ပြင်ထားတဲ့ ရှင်လောင်းတွေကို ကိုယ့်ရွာထဲက အိမ်ခြေ ၄ – ၅၀ ကို လှည့်ပြလို့ ဘာ အကျိုးရှိတာမှ မဟုတ်ဘဲ။ တခြားရွာတွေကိုပါ သွားပြီးလှည့်ပြမှ ထင်ပေါ်တဲ့ ဂုဏ်သတင်းပေါ်မယ် မဟုတ်လား။

ဒါ့ကြောင့် ရွာမျက်နှာဖုံး အလှူရှင်ကြီးကလည်း အများနည်းတူ သူ့ရှင်လောင်းတွေကို တခြားရွာတွေပါ သွားလှည့်ဖို့ စီစဉ်တယ်။ ရှင်လောင်းလှည့်

Generated by CamScanner from intsig.com

ကြမယ့်နေ့ ရောက်တော့ ရှင်လောင်းတွေကို လှလှပပဖြစ်အောင် လိမ်းခြယ်တယ်။ မင်းညီမင်းသားတို့ရဲ့ အဆောင်အယောင် အဝတ်တန်ဆာတွေ ဝတ်ဆင်ပေးတယ်။ ပြီးတော့မှ အတီးအမှုတ် အကအခုန်တွေနဲ့ အလှူမဏ္ဍာပ်က ထွက်တယ်။ မြင်းမရှိတာနဲ့ ရှင်လောင်းတွေအားလုံး ကုန်းကြောင်းပဲ လျှောက်ကြရပါတယ်။

အဲဒီဘက်မှာ ဖြစ်လေ့ရှိတာက ရှင်လောင်းတွေ စီတန်းပြီး အတီးအမှုတ် အကအခုန်တွေနဲ့ ရွာတစ်ရွာကို ဝင်လာတယ်ဆိုရင် ရွာခံလူကြီး တစ်အိမ်အိမ်က ဒါမှမဟုတ် အလှူ့ဒကာနဲ့သိသူ မိတ်ဆွေတစ်အိမ်အိမ်က "ခဏကြွပါ" လို့ ဖိတ်ပြီး နားဖို့ အိမ်ပေါ်ကို ခေါ်တင်လေ့ ရှိပါတယ်။ ဒီလို ပင့်ဖိတ်လို့ ရှင်လောင်းတွေ အိမ်ပေါ်တက်မိတဲ့အခါ အိမ်ရှင်က ငွေဖလားကြီးထဲကို ကုငွေထည့်ပြီး ပုလင်းတွေ ဖန်ခွက်တွေ အမြည်းတွေပါချပြီး ဧည့်ခံပါတယ်။ လမ်းလျှောက်လို့ မောလာတဲ့ အချို့ရှင်လောင်းက စတီအပြစ်လောက် လုပ်ပေမယ့် အချို့ရှင်လောင်းကျတော့ ခပ်များများကလေး လုပ်တတ်ကြတယ်။ တချို့အိမ်ရှင်ကျတော့ ရှင်လောင်းပဒ္ဒင်းလောင်းတွေကိုသာမက အတူပါလာတဲ့ ဦးစီးဦးရွက် လူကြီးတွေနဲ့ အတီးအမှုတ်သမားတွေကိုပါ တိုက်ကြ ကျွေးကြ လှူဒါန်းကြပါတယ်။

အဲဒီအိမ်မှာ အမောပြေ သောက်လိုက်ကြပြီးလို့ ထွက်လာပြီး နောက်တခြားဧည့်ခံမယ့် အိမ်တစ်အိမ်ရောက်ရင်လည်း အဲဒီအိမ်က အဲဒီပစ္စည်းနဲ့ ဧည့်ခံပြန်တာပဲ။ ဒီလိုနဲ့ တစ်ရွာမှာ ၄ – ၅ အိမ်လောက်စီ တက်ခဲ့ရပြီး ၂ ရွာလောက် ကူးမိတဲ့အခါ ရှင်လောင်းလှည့် ထွက်လာတဲ့ အဖွဲ့ဟာ ရွာကမဏ္ဍာပ်ကို မပြန်နိုင်တော့ဘဲ ရောက်တဲ့ရွာမှာ ကွန်းထောက် စခန်းချပြီး အိပ်လို့နေလိုက်ကြရရော။

ဒီအကြောင်းမျိုးကြောင့် ရှင်လောင်းလှည့်ထွက်ရင် နှစ်ရက် သုံးရက်ဆိုသလို ရွာကိုပြန်မရောက်ဘဲ မှုလမှန်းထားတဲ့ ရက်ထက် ပိုကြာသွားတာမျိုးလည်း ရှိပါတယ်။

နောင်လုံရွာက အလှူ့ဒါယကာဟာ ဘုန်းတော်ကြီးကို ဘယ်နေ့ဘယ်အချိန် သူ့ ရှင်လောင်းတွေကို ဆံချမယ်လို့ သေသေချာချာ ရက်ချိန်းပေးပင့်ထားပြီး ရှင်လောင်း ထွက်လှည့်လိုက်တာ ချိန်းတဲ့အချိန် ရောက်တော့ သူ့ရှင်လောင်းက ပြန်မရောက်လာဘူး။

ဒီတော့ ဘုန်းတော်ကြီးက "ဘယ်မှာလဲကွ – မင်းတို့ ရှင်လောင်းက၊ ဆံချဖို့ ခုအထိ မရောက်လာသေးပါကလား" လို့ မေးတော်မူတယ်။

အလှူရှင်ကလည်း "ရောက်ပါတော့မယ် ဘုရား၊ ခရီးက နည်းနည်း ဝေးလို့ပါ" လို့ ပြန်လျှောက်ထားပြီး ရှင်လောင်းကို စောင့်တယ်။

ဒီလိုစောင့်နေပေမယ့် ရှင်လောင်းက ရောက်မလာပါဘူး။ မိုးစုပ်စုပ်ချုပ်တော့ ဘုန်းတော်ကြီးလည်း မဏ္ဍပ်ကနေ ကျောင်းကို ပြန်ကြွသွားရော။ ဟိုဥစ္စာများကုန်ကြလို့ အစီအစဉ် ပျက်ကုန်ပြီလေ။

အလှူရှင်ကလည်း ဆရာတော်ကို ရှိခိုးတောင်းပန်ပြီး၊ ရှင်လောင်းနောက်ကို လိုက်ရပြန်ရော။

အလှူရှင်ဟာ သူ့ရှင်လောင်းတွေ ဘယ်ရွာကို ရောက်နေသလဲလို့ သတင်းမေးပြီး လိုက်သွားတဲ့အခါ ရွာတစ်ရွာမှာ ရှင်လောင်းတွေနဲ့ အဖွဲ့ဟာ မူးပြီး အိပ်ပျော်နေကြတာကို သွားတွေ့တယ်။ မြင်ရတဲ့အခြေအနေက မဟန်မှန်း သိတာနဲ့ အလှူရှင်ပါ အဲဒီရွာမှာ ရှင်လောင်းတွေနဲ့ အတူအိပ်ပြီး နောက်နေ့ မနက်ကျမှ ရှင်လောင်းတွေကို ပြန်ခေါ်သွားရကာ ရွာရောက်တော့ ဆရာတော်ကို တောင်းတောင်းပန်ပန်နဲ့ ရှင်လောင်းတွေ ဆံချပြီး သင်္ကန်းဆီးပေးလိုက်ရပါတယ်။

ရှင်ပြုပွဲအလှူကြီး ပြစ်မြောက်ပြီးစီးသွားတဲ့ အဲဒီညမှာ ရွာက ကာလသား ကာလသမီးတွေ တောင်းဆိုတာနဲ့ အောင်ပွဲအဖြစ် မဏ္ဍပ်ထဲမှာ ခုံးသွင်းဖို့ ဖြစ်လာပြန်တယ်။ ဒီအခါ အလှူရှင်က ခလောက်နို့က နာမည်ကြီး "ကျွဲခုံး"ကို ငှားသွင်းမယ်လို့ ကြေညာလိုက်တယ်။

ခလောက်နို့က ကျွဲခုံးကတဲ့ လူတွေဟာ တော်တော်အရေးကြီးတဲ့ လူတွေပြစ်တယ်။ လူတိုင်း ဝင်ကလို့ဖြစ်တဲ့ ခုံးမျိုးမဟုတ်ဘူး။ ဒီခုံးက နာမည်ကျော် လူကြိုက်များတဲ့ ခုံး။ နယ်တစ်ရိုးမှာ ဟိုးဟိုးကျော်နေတဲ့ ခုံး။ ဒီလို ခုံးမျိုးကို သွင်းနိုင်တယ်ဆိုတော့ အလှူဒါယကာမှာ အဆင့်မြင့်သွားပါတယ်။

ကျွဲခုံး ဆိုတဲ့အတိုင်း ခုံးသမားတွေအားလုံး ကျွဲခေါင်းဆောင်းပြီး ကကြရတယ်။ ဇာတ်ထုပ်ဇာတ်လမ်းနဲ့ ကရတယ်။ အသဲကုမ္မာ၊ အသဲမင်းသား ဇာတ်ထုပ်ကိုခင်းတယ်။ ပဲခူးရာဇဝင်ပါ။ အပြော အဆို အငိုတွေ၊ ပြောင်မြောက်တဲ့ ဟာသတွေနဲ့မို့ ဒီခုံးက အလွန် နာမည်ကြီးတာ၊ ဒီခုံးကို ငှားသွင်းနိုင်သူဟာ ဂုဏ်တက်လှတယ်လို့လည်း ယူဆကြတယ်။

အလှူကြီး အောင်အောင်မြင်မြင် ပြီးမြောက်သွားလို့ အောင်ပွဲလုပ်တဲ့ အလှူရှင်ဟာ ကိုယ်စားလှယ်တစ်ယောက်ကို ဒုံးဆရာစီ လွှတ်လိုက်တယ်။ ညနေ ၆ နာရီ နောင်လုံရွာက မဏ္ဍပ်ကို အရောက်လာကြဖို့နဲ့ စရန်ငွေပါ ပေးလိုက်တယ်။

ဒုံးသွားငှားတဲ့လူဟာ ဒုံးဆရာနဲ့တွေ့လို့ အကျိုးအကြောင်း ပြောပြတော့ ဒုံးဆရာက "စိတ်ချပြီး ပြန်ပါ၊ ခြောက်နာရီလောက် ရောက်ကြပါလိမ့်မယ်၊ နောင်းလုံရွာဆိုတာ ဘာမှဝေးတာမှ မဟုတ်ဘဲ၊ အချိန်မီ လာခဲ့ ပါမယ်" လို့ အာမခံပြီး စရန်ငွေကို လက်ခံထားလိုက်တယ်။

ဒုံးဆရာက ညနေ ၆ နာရီ အလှူမဏ္ဍပ်ကို အရောက်လာခဲ့ပါမယ်လို့ ပြောလိုက်ပေမယ့် ၇ နာရီထိုးတော့လည်း ရောက်မလာသေးဘူး။ ၉ နာရီ အထိ စောင့်ပေမယ့် ရောက်မလာတာနဲ့ အလှူရှင်ဟာ သူ့ကို သက်သက် အရှက်ခွဲရပါ မလားလို့ ဒုံးဆရာအပေါ် အကြီးအကျယ် ဒေါသထွက်ပြီး ဒုံးဆရာစီ ကိုယ်တိုင် လိုက်သွားတယ်။

ဒုံးဆရာအိမ်ရောက်လို့ အိမ်ပေါ်ကို လှမ်းတက်လိုက်တယ် ဆိုရင်ပဲ အိမ်ပေါ်မှာ တဝါးဝါး တဟားဟားနဲ့ ဝိုင်းကျနေတဲ့ အရက်ဝိုင်းကို တွေ့လိုက်ရ တယ်။

ဒီတင် အလှူရှင်ဟာ ပိုဒေါသထွက်လာပြီး "ခင်ဗျားတို့ ဘယ်လိုလုပ် ကြတာလဲ၊ ဟိုမှာဖြင့် လူတွေစောင့်နေရတာ အရှုံးကိုဖြစ်လို့၊ ခင်ဗျားတို့ကတော့ ခုအထိ ......" လို့ စကားမဆုံးခင် ဒုံးဆရာက "ထိုင်ပါအုံးခင်ဗျာ၊ ကျွန်တော် ရှင်းပြပါရစေ" လို့ ပြောပြီး အလှူရှင်ကို ဝိုင်းထဲ အတင်းဝင် ထိုင်စေကာ "ကျုပ်က ကျွဲဒုံးဆရာဖြစ်ပေမယ့် ကျုပ်ရဲ့ကျွဲတွေကို အမြဲ ဗိုက်ပြည့်နေအောင် နေ့တိုင်း စောင့်ပြီး ကျွေးမထားနိုင်တာနဲ့ သူတို့ဟာသူတို့ ရှာစားကြလို့ ဆိုပြီး စားကျက်မှာ လွှတ်ထားရပါတယ်။

ဒီညနေ အသုံးလိုလို့ လိုက်ခေါ်တော့ တချို့ကျွဲက သနိဝိုက်ရွာမှာ မူးနေတယ်။ တချို့ကျွဲကိုတော့ အတော့်ကို သတင်းမေးပြီး သူတို့ သောက်နေ စားနေတဲ့ နေရာအထိ လိုက်ရှာပြီး ခေါ်ခဲ့ရတာနဲ့ အခုမှ ပြန်ရောက်ပါတယ်။

Generated by CamScanner from intsig.com

ရောက်လာကြတော့လည်း အစာမဝကြသေးဘူး၊ အစာမဝရင် မကနိုင်ကြပါဘူးလို့ ဆိုတာနဲ့ နေ့လယ်က ခင်ဗျားဆီကရတဲ့ စရန်နဲ့ အခုအဝကျွေးနေရပါတယ်။ ဝသင့်သလောက်လည်း ဝကြပါပြီ၊ ခင်ဗျားနဲ့ပဲ အတူတူ လိုက်ခဲ့ပါ့မယ် စိတ်မရှိပါနဲ့" လို့ တောင်းပန်ပြီး၊ သူ့လူတွေကို ပြင်ဆင်စေကာ အလှူဒါယကာနဲ့အတူ လိုက်သွားကြတယ်။

ကျွဲဒုံးဟာ နောင်လုံရွာက အလှူမဏ္ဍပ်ကိုရောက်တော့ ည ၁၂ နာရီကျော်နေပြီ၊ ကြည့်မယ့်သူတွေ မစောင့်နိုင်လို့ ပြန်ကုန်ကြတာနဲ့ လူတစ်ယောက်မှ မရှိတဲ့ မဏ္ဍပ်ထဲမှာ ကပြစ်အောင် ကလိုက်ကြပါတယ်။ အစာ ဝနေမှကိုး။

✍

# စိတ်မချရသေးတဲ့ သမီးပျို

အသက် ၈၄ နှစ် ရှိပြီဖြစ်တဲ့ ခလောက်နို့က ဖွားစိန်ပွင့်ဟာ အင်မတန် ကျန်းမာပါတယ်။ ဒီအသက်အရွယ် ရောက်နေတဲ့တိုင်အောင် လုငယ်လုရွယ်တွေနဲ့အတူ မိုးကျလာရင် ဖွဲကပင် တောင်နှာမောင်းကိုလျှောက်ပြီး မှိုစ်ရှာထွက်နိုင်ပါသေးတယ်။ ရလာတဲ့မှိုစ်တွေဆိုလဲ ဖောက်လွယ်ပလိုင်း အပြည့်ထည့်ပြီး ပိုးလာနိုင်ပါသေးတယ်။ ခါးနည်းနည်းကုန်းနေပေမယ့် မာပါတယ်။ ဈေးနှာဝယ်ဖို့ ဘားအံမြို့ကို သွားရမယ်ဆိုရင်လည်း ဒီခရီးမျိုးကို ဘယ်တော့မှ မော်တော်ကားမစီးဘူး၊ ခြေကျင်သွားတာပဲ။ (ခလောက်နို့နဲ့ ဘားအံဟာ ၆ မိုင်လောက်ဝေးပါတယ်။)

တစ်နှစ်တော့ သမီးကလည်း ပူဆာပြီး အဖော်ကလည်း ကောင်းတာနဲ့ သားအမိနှစ်ယောက် ကျိုက်ထီးရိုး ဘုရားဖူး လိုက်သွားကြတယ်။ ရောက်ဖူးတဲ့ လူတွေက ဦးဆောင်ပြီးသွားလို့ ချောချောမောမောနဲ့ ကျိုက်ထီးရိုး တောင်ခြေရင်းက ကင်ပွန်းစခန်းရောက်တော့ တချို့က ညချင်း ဘုရားပေါ်တက်မယ်၊ တချို့က ည ကင်ပွန်းစခန်းမှာ အိပ်ပြီး မနက်မှ လင်းလင်းကျင်းကျင်း တက်ကြမယ်နဲ့ အချင်းချင်း ကွဲကုန်ကြရော။

အုပ်စုက လူ ၂၀ လောက်ရှိပြီး အချိန်က နေဝင်ရီတရော ဖြစ်နေတော့ ဖွားစိန်ပွင့်ဟာ ဘယ်သူတွေက ဘယ်သူတွေနဲ့ပါပြီး တောင်ပေါ်ကို တက်သွားမှန်းလည်း သေသေချာချာ မသိဘူး။ ဘယ်သူတွေ ဇရပ်မှာ ချန်နေကြမှန်းလည်း ကျကျနန မသိဘူး။ သူ့စိတ်ထဲမှာတော့ တခြားလူတွေ ဘယ်သူနဲ့ဘယ်သူ ပေါင်းကြတာကိုမှ ဂရုမစိုက်ဘူး။ သူနဲ့သမီး ကွဲမသွားရင် ပြီးရောလို့ အောက်မေ့နေတာ။

မှောင်လာလို့ ဇရပ်မှာ လူနည်းနည်းကျဲသွားတော့ သမီးကို ရှာကြည့်တယ်၊ မတွေ့ဘူး။ အနီးအနားက အဖော်တွေကို မေးကြည့်တယ်၊ ဘယ်သူ့ဆီကမှ အဖြေမရဘူး။ ဒီတင် ဖွားစိန်ပွင့်ဟာ သူ့သမီး တောင်ပေါ်တက်တဲ့လူအုပ်နဲ့ ပါသွားပြီလို့မှတ်ပြီး တောင်ပေါ်ကို လိုက်တက်သွားတယ်။ ၈ မိုင်လောက်ခရီးကို လျှောက်ပြီး ကျိုက်ထီးရိုးဘုရား ရင်ပြင်တော်ရောက်လို့ ပထမ တက်သွားတဲ့ လူစုနဲ့ဆုံတော့ သမီးကိုရှာတယ်၊ မတွေ့ဘူး။ မေးကြည့်တော့လည်း ဒီလူစုက မသိဘူးလို့ပြောတယ်။

Generated by CamScanner from intsig.com

ဒီတင် ဖွားစိန်ပွင့်ဟာ သမီးအတွက် အလွန်ပူသွားပြီး တောင်အောက်ကို ပြန်ဆင်းလာတယ်။ ကင်ပွန်းစခန်းရောက်တော့ ရွာကအဖော်တွေ ဘယ်သူမှ မရှိတော့ဘူး။ သမီးရဲ့ အရိပ်အရောင်ကိုလည်း မမြင်ရဘူး။

ကြံရာမရတဲ့ ဖွားစိန်ပွင့်ဟာ စခန်းက ကင်းဂိတ်ကိုသွားပြီး သမီးပျောက်တိုင်တယ်။ ဒီတော့ မှတ်တမ်းရေးတဲ့ တာဝန်ခံက "အဖွားရဲ့သမီးက ဘယ်အရွယ်ရှိပြီလဲ" လို့ မေးတယ်။

ဖွားစိန်ပွင့်က "ငါ့သမီးက အပျို၊ အသက်ကတော့ ၆၀ ရှိပြီ" လို့ ပြန်ပြောတယ်။

ဒီအဖြေကိုကြားတော့ တာဝန်ခံက ပြုံးပြီး "စိတ်မပူပါနဲ့ ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ ရှာပါအုံးမယ်" လို့ ခပ်အေးအေးပဲ ပြန်ပြောလိုက်သတဲ့။

ဖွားစိန်ပွင့်ဟာ ဘယ့်ကလောက်မှ မကျယ်တဲ့ ကင်ပွန်းစခန်းမှာ သူ့သမီးကို ရှာမတွေ့တာနဲ့ နောက်နေ့မနက်မှာပဲ ငိုယိုပြီး ရွာကိုပြန်လာခဲ့တယ်။ ရွာရောက်တော့လည်း ဘယ်သူ့အမေးမှ မဖြေအားဘဲ ဗေဒင်မေးရ၊ ကြက်ရိုးထိုးရ၊ ယတြာချေရနဲ့ မအားအောင် ဖြစ်နေရောတဲ့။

နောက်နေ့ကျတော့ သူအင်မတန် စိတ်ပူနေတဲ့သမီး ပြန်ရောက်လာတယ်။ မေးကြည့်တော့ လူအုပ်ကွဲသွားတဲ့ညနေက သမီးဖြစ်သူဟာ အပြင်ထွက်ပြီး ဘုရားသီးကြော်ဝယ်စားတယ်။ ပြန်လာတော့ သူ့အမေကို ဇရပ်ပေါ်မှာ မတွေ့ဘူး။ ဒါနဲ့ တောင်ပေါ်ကို ပါသွားတယ်ထင်ပြီး တစ်ယောက်ထဲလည်း မလိုက်ရဲတာနဲ့ မိုးလင်းမှပဲ အဖော်တွေနဲ့ လိုက်တက်သွားတယ်။ တောင်ပေါ်ကျတော့လည်း အမေ့ကိုမတွေ့တော့ စိတ်ပူပြီး ပြန်ဆင်းလာတယ်။ ကင်ပွန်းစခန်းရောက်လို့ စုံစမ်းပြန်တော့လည်း ဘာသတင်းမှ မရတာနဲ့ အခု အိမ်ကို ပြန်လာခဲ့တာပဲလို့ ပြောပါတယ်။

တကယ်တော့ သမီးနဲ့အမေ တောင်ပေါ် အတက်နဲ့အဆင်း လူချင်းလွဲနေတာပဲ ဖြစ်တယ်။ ဒီမှာ တစ်ခုပေါ်လွင်တာက သားသမီးအပေါ် မိဘဆိုတာ ဘယ်တော့မှ စိတ်မချဘူးဆိုတာ ပေါ်လွင်ပါတယ်။ အသက် ၆၀ ရှိတဲ့ သမီးပျိုကို တောင် အမေက စိတ်မချဘူးလေ။ ခလောက်နို့ကတော့ လုပ်လိုက်သမျှ စံယူစရာချည်ပါပဲ။

✍

## မြည်းမြည်းလုပ်ပါ ဆရာတို့

လယ်သမားတွေ အမတော်ငွေ ထုတ်ကြတဲ့နေ့က နေ့မွန်းတည့်ချိန်ကြီးမှာ ဘားအံမြို့လယ်က အရက်ဆိုင်ဘေးမှာ လဲနေတဲ့ လူတစ်ယောက်ကို ရဲသားနှစ်ယောက်က တွေ့တယ်။

Generated by CamScanner from intsig.com

ရဲသားတစ်ယောက်က အနားသွားကြည့်ပြီး "ဟ – ခလောက်နဲ့က သူကြီးဦးထွန်း ပါကလား အတော်မူးနေတယ်။ မြင်းလှည်းနဲ့တင်ပြီး သူ့အိမ် ခေါ်သွားမှ" လို့ ပြောရင်း မြင်းလှည်းကို လှမ်းခေါ်လိုက်တယ်။ မြင်းလှည်း ရောက်လာတော့ ရဲသားနှစ်ယောက်ဟာ ဦးထွန်းကို ချိုင်းက မ ပြီး မြင်းလှည်းပေါ် တင်ဖို့ လုပ်ကြတယ်။

ဒီအခါ ဦးထွန်းက မျက်စိမဖွင့်ဘဲ "ဖြည်းဖြည်းလုပ်ပါ ဆရာတို့၊ အမူး ပြေသွားအောင်တော့ မလုပ်လိုက်ကြပါနဲ့၊ မူးချင်လို့ ဆယ့်ငါးကျပ်ဖိုးတောင် အကုန်ခံပြီး သောက်ထားရတာပါ။ ဖြည်းဖြည်းလုပ်ပါ ဆရာတို့" လို့ သူ့ကို ဆွဲထူနေတဲ့ ရဲသားနှစ်ယောက်ကို ပြောလိုက်သတဲ့။

Generated by CamScanner from intsig.com

# တိုက်ကြက်ဥ

တစ်ခါက ကြို့ပင်ကောက်မြို့သားတစ်ယောက်ဟာ တိုက်ကြက် မျိုးကောင်းကောင်း လိုချင်တာနဲ့ သတင်းနားထောင်ပြီး မြန်မာပြည်တစ်လျှောက် လိုက်ရှာလိုက်တာ ခလောက်နို့ကို ရောက်လာတယ်။

ခလောက်နို့ကျတော့ ဘားအံကမိတ်ဆွေ ညွှန်လိုက်တဲ့အိမ်မှာ တည်းခိုပြီး တိုက်ကြက်အကြောင်း စုံစမ်းရော။

ဒီအခါ သူတည်းခိုနေတဲ့အိမ်ရဲ့ ခြေရင်းအိမ်က အဘိုးအိုဟာ အရင်က ပထမတန်း တိုက်ကြက်မျိုးတွေ မွေးဖူးကြောင်း အိမ်ရှင်ကပြောတာနဲ့ အဲဒီအိမ်ကို ကူးသွားပြီး သူသိချင်တဲ့ တိုက်ကြက်အကြောင်းကို မေးတယ်။ ဘယ်တုန်းက မွေးတာလဲ၊ အခု ဒီကြက်မျိုးဟာ ဘယ်သူ့လက်ထဲမှာ ရှိနေသေးသလဲ။ ဘယ် လောက်စွမ်းတဲ့ ကြက်မျိုးလဲ စသဖြင့်ပေါ့။

Generated by CamScanner from intsig.com

ခုလိုမေးတော့ အဘိုးအိုက "မောင်ရင်ဟာ ကြို့ပင်ကောက်ဆိုတဲ့ အဝေးကြီးကလာပြီး အဘိုးမွေးဖူးတဲ့ တိုက်ကြက်အကြောင်း စုံစမ်းတော့ အရင်းအမြစ်ကစပြီး ပြောရတာပေါ့ကွာ" လို့ စကားပလ္လင်ခံပြီး အောက်ပါအတိုင်း ပြောပါသတဲ့။

အဘိုးဟာ ငယ်ငယ်ကတည်းက တိုက်ကြက်ဝါသနာပါလို့ မောင်ရင့်လိုပဲ တိုက်ကြက်မျိုးကောင်း ရှိတယ်ဆိုတဲ့ဆီ လိုက်ဝယ်တယ်။ ရတော့လည်း သေသေချာချာကိုမွေးပြီး တိုက်တာပဲ။ အဲဒီအချိန်က အဘိုးအိမ်မှာ တိုက်ကြက်ချည့် အကောင် ၂၀ ထက်မနည်း ရှိတယ်။

အခု အဘိုးနေတဲ့ ခြံနဲ့အိမ်ဟာ ဒီတိုက်ကြက်တွေက ဝယ်ပေးတဲ့ ခြံနဲ့ အိမ်ပဲလို့ ဆိုကြပါစို့၊ အကျိုးပေးပါတယ်။ ဒါပေမယ့် အဘိုးစိတ်ကြိုက်ကြက်တော့ မရခဲ့ဘူး။

တစ်နေ့တော့ မိတ်ဆွေတစ်ယောက်က "ရေသ့ေပျံရွာမှာ တိုက်ကြက်မျိုးကောင်းတစ်မ ရှိနေတယ်။ အဲဒါ သူများထက် အလျင်ဦးအောင် သွားနိုင်ရင် ရလိမ့်မယ်" လို့ ဆိုတာနဲ့ ကျုပ်လည်း သားကိုခေါ်ပြီး ချက်ချင်း ထလိုက်သွားတယ်။

ဟိုကျတော့ သူပြောတဲ့အတိုင်းပဲ အိမ်ရှင်က "တိုက်ကြက်ပေါက်တွေတော့ မရှိတော့ဘူး ကုန်ပြီ၊ လိုချင်ရင် ဥနှစ်လုံးတော့ ကျန်သေးတယ်" လို့ ဆိုတယ်။

"ဒီ ဥနှစ်လုံးကလည်း တစ်မစီ အုထားတဲ့ ဥ။ တစ်လုံး ၁၀ိ ပေးရမယ်" လို့ ပြောတော့ ကျုပ်က ဥကိုသွားကြည့်တယ်။ သူပြောသလိုပါပဲ ကြက်တင်း ၂ တင်းမှာ တစ်တင်း တစ်ဥစီ ရှိနေတာကို တွေ့ရတယ်။

ကျုပ်က "ဥနှစ်လုံးထဲရှိတာ ကြက်တင်းတစ်တင်းတည်း ထည့်ထားလည်း ပြီးတဲ့ဥစ္စာပဲ" လို့ အိမ်ရှင်ကို ပြောလိုက်တော့ အိမ်ရှင်က "ဒီဥနှစ်လုံးဟာ တစ်မိဆီက ဥတာ။ ပြီးတော့ အဲဒီ တစ်မိနဲ့ တစ်မိကလည်း ရန်သူဖြစ်နေတော့ တစ်တင်းတည်း ထည့်ထားရင် ဥနှစ်လုံး ထခွပ်နေမှာစိုးလို့ ခွဲထားတာ" လို့ ပြန်ပြောတယ်လေ။

ကျုပ်လည်း သူ့အပြေကို သဘောကျတာနဲ့ ဈေးတောင် မဆစ်တော့ဘဲ တစ်လုံး ၁၀ိ နဲ့ဝယ်ပြီး သားအဖနှစ်ယောက် တစ်ယောက်တစ်လုံးစီ လွယ်အိတ်ထဲ ထည့် လွယ်ခဲ့ကြတယ်။

Generated by CamScanner from intsig.com

ရသေ့ပျံရွာနဲ့ ခလောက်နဲ့ဆိုတာက ကုန်းတစ်တန် ရေတစ်တန် သွားရတဲ့ ခရီး မောင်ရ။ အပြန်မှာ ရသေ့ပျံက ဖားကပ်ရွာကို ကုန်းကြောင်းလျှောက်ရတယ်။ ဖားကပ်က ဘားအံကို ဟိုတုန်းက ခုလို မော်တော်ဘုတ်တွေ မရှိတော့ လှေနဲ့ သံလွင်မြစ်ကြီးကို ကူးရတယ်။ ဘားအံရောက်တော့လည်း ခလောက်နဲ့ကို ခြေကျင်ပြန်ရတာကလား။

တို့သားအဖ ၂ ယောက်ဟာ ရသေ့ပျံက တိုက်ကြက်ဥ တစ်ယောက်တစ်လုံးစီ လွယ်အိတ်ထဲထည့်ပြီး ကုန်းကြောင်းပြန်ခဲ့ကြတော့ လမ်းမှာ တစ်ယောက်နဲ့တစ်ယောက် ခပ်လှမ်းလှမ်းခွာပြီး လျှောက်ခဲ့ကြရတယ်လေ။ ဒီလိုမှ ခွာပြီး မလျှောက်ရင် တို့သားအဖဟာ ခဏခဏ ပုခုံးချင်း ဝင်ဝင်တိုက်မိနေကြတာကိုး။ ဒီကတည်းက ကျုပ်ကတော့ ရိပ်မိပါပြီ၊ သားအဖ ၂ ယောက် ဒီလိုဖြစ်ရတာ တိုက်ကြက်ဥနှစ်လုံးရဲ့ သူတို့အချင်းချင်း ခွပ်ချင်လှတဲ့ အစွမ်းသတ္တိပဲလို့။ ကျုပ်တို့ ယူခဲ့တဲ့ တိုက်ကြက်ဥအရှိန်က ဒီအထိ ပြင်းတာကိုး။

ဒါတင်မကသေးဘူး။ ဖားကပ်ရွာရောက်လို့ လှေစီးပြီး သံလွင်မြစ်ကြီးကို ဖြတ်ကူးမယ်ကြံတော့ ကျုပ်က သတိရတာနဲ့ သားအဖနှစ်ယောက် လှေတစ်စင်းစီ ခွဲပြီးစီးဖို့ စီစဉ်လိုက်ရတယ်။ ဒါတောင် ကျုပ်တို့နှစ်ယောက်စီးလာတဲ့ လှေနှစ်ခင်းဟာ ရေလယ်ရောက်တော့ လှေဦးချင်း ဝင်ဝင်တိုက်မယ် တကဲကဲ ဖြစ်နေတာနဲ့ တစ်လှေနဲ့ တစ်လှေ ၁၀ လံလောက်ခွာပြီး လှော်ကြပါလို့ လှေသမားတွေကို တောင်းပန်ခဲ့ရပါတယ်။ ရသေ့ပျံ တိုက်ကြက်ဥအရှိန်က သိပ်ပြင်းတယ် မောင်ရဲ့။

ဒါကိုကြည့်ပြီး ကျုပ်က သိပ်ဝမ်းသာနေတာပေါ့။ ကြက်က သားမပေါက်သေးဘူး၊ ဥတောင် ဒါလောက် ခွပ်ချင်တဲ့အရှိန် ရှိနေရင် ဆိုပြီး ဝမ်းသာလို့ မဆုံးဘူး။

ဒါနဲ့ အိမ်ကျတော့ ကျုပ်အရင် အိမ်ကိုရောက်နေတဲ့ ညှော်သည်ကိုတွေ့တာနဲ့ မယားကို ကြက်ဥနှစ်လုံး ထုတ်ပေးလိုက်ပြီး ဒီဧည့်သည်နဲ့ စကားပြောကောင်းနေလိုက်တာ ထမင်းစားချိန်ရောက်မှပဲ ထမင်းထစားဖြစ်ကြတယ်။

ထမင်းဝိုင်းမှာ ကြက်ဥကြော် တစ်ပန်းကန်လည်းပါတော့ အမှတ်မဲ့ပဲ စားလိုက်ကြတယ်လေ။ မသိသေးဘူး။

ညကျတော့ ကျုပ်တို့စားလိုက်တဲ့ ကြက်ဥက သတ္တိပြတော့တာပေါ့။ ဘယ်လောက်အထိ ခံလိုက်ရတယ်ထင်သလဲ၊ တစ်ညလုံး ကျုပ်နဲ့ဧည့်သည်

နှစ်ယောက်သား ခွပ်မိနေလိုက်ကြတာ မိုးလင်းတော့ နှစ်ယောက်စလုံး မေ့မြောပြီး လဲနေကြပြီ။ ဒီအချိန်ကျမှပဲ အိမ်ကလူတွေကသိပြီး အတော်ဆေးကု ယူလိုက်ကြရတယ်လေ။

ကျုပ်စိတ်ကြိုက် တိုက်ကြက်ရဖို့ဟာ အဲဒီမှာ တော့လွဲ လွဲသွားပြီး ငါးပါး ကြီးမှောက်သွားတာပေါ့။ "ဒါကြောင့် မောင့်ရဲ့ဆန္ဒကို မပြည့်နိုင်တာတော့ စိတ်မကောင်းပါဘူး။ ဒီပြင် ကြက်တွေဆိုတာက သူလို ငါဟာလိုမျိုးတွေပါ။ မောင်ရင် စိတ်မဝင်စားပါနဲ့" လို့ ပြောလိုက်တယ်။

ကြို့ပင်ကောက်က တိုက်ကြက်အရှာ ထွက်လာတဲ့လူဟာ အဘိုးအိုရဲ့ ရသေ့ပျံ တိုက်ကြက်ဥအကြောင်း ကြားနာပြီးတာနဲ့တပြိုင်နက် ခလောက်နို့က ပြန်သွားပါရောတဲ့။

Generated by CamScanner from intsig.com

# လူကြီးက အရင်စားတဲ့ထုံးစံ

ခလောက်နို့နယ်က ရွာတွေမှာ အလှူအတန်း လုပ်ကြတဲ့အခါ အကျွေးအမွေးပါရင် လူကြီးတွေအဖို့ ပြင်ဆင်ပြီး ပထမကျွေးပါတယ်၊ လူကြီးဝိုင်းသိမ်းပြီးမှ ကလေးတွေကို ကျွေးလေ့ရှိပါတယ်၊ ဒီအစဉ်အလာဟာ ရှေး ဘိုးစဉ်ဘောင်ဆက်ကတည်းက အကျွေးအမွေးပါတဲ့ အလှူတွေရဲ့ အစဉ်အလာဖြစ်ပါတယ်။

တစ်နှစ်တော့ ခလောက်နို့ နိုင်ငံကြားရွာ ရွာသူကြီးဟောင်းရဲ့ ရှင်ပြုအလှူပွဲမှာ သားတွေသက်နှံးဆီးပြီး နောက်နေ့မနက် သံဃာတော်တွေကို အရင်ဆွမ်းကပ်ပါတယ်။ ပင့်သံဃာ အပါး ၂၀ ရှိပြီး ရပ်ဝေးက ဖိတ်ကြားထားတဲ့ ဧည့်သည်တွေရော၊ မဖိတ်ကြားဘဲ ရောက်လာကြတဲ့ ဧည့်သည်တွေကိုပါ နံနက်စာ ကျွေးပါတယ်။

အဲဒီနယ်မှာ ခလေ့ကြီးလို ဖြစ်နေတာက အလှူကြီးအတန်းကြီး လုပ်ကြတန်းကြတဲ့အခါ ရပ်ဝေးမှာရှိတဲ့ အလှူရှင်ရဲ့ အသိမိတ်ဆွေတွေကလည်း သူတို့ရဲ့အပေါင်းအသင်း မိတ်ဆွေသင်္ဂဟတွေကိုပါ စုဆောင်း ခေါ်ငင်ပြီး လာလေ့ရှိကြတယ်။ ဒါ့ကြောင့် တစ်ခါတစ်ရံ ၁၀ မိုင် ၁၅ မိုင် ဝေးပြီး ခြေကျင်ခရီးသာရှိတဲ့ ရွာတွေကပေမယ့် ရွာလုံးကျွတ် ရောက်လာတတ်ပါတယ်။

ဒီလိုလာကြတဲ့အခါ အလှူမတိုင်ခင် တစ်ရက်ကြိုပြီး လာကြရပါတယ်။ ဒီတော့မှ နောက်နေ့အလှူရက်မှာ မနက်စောစော တရားနာချိန်ကို မီပါမယ်။ တစ်ရက်ကြိုပြီးရောက်လာတော့ ရောက်လာတဲ့ညစာကို အလှူရှင်က ကျွေးပြီး ညအိပ်ဖို့နေရာကိုပါ စီစဉ်ပေးရပါတယ်။ နောက်နေ့မနက် တရားနာ ရေစက်ချပြီးရင် ကိုယ့်ရွာမှာ ကိုယ့်အလုပ်က တန်းလန်းမို့ ရွာကို စောစောပြန်ရောက်ရေးအတွက် စားပြီးပြီးချင်း ပြန်ကုန်ကြတာက များပါတယ်။

ဒီအလှူမှာလည်း တရားနာပြီးတာနဲ့ ရပ်ဝေးပရိသတ်တွေကို အရင် ကျွေးပါတယ်။ ပြီးတော့မှ ရွာခံပုဂ္ဂိုလ်ကြီးတွေအတွက် ပြင်ဆင်ပါတယ်။ ဒီပုဂ္ဂိုလ် ကြီးတွေ စားသောက်ပြီးမှ ကလေးတွေကျွေးဖို့ စီစဉ်ကြတယ်။ ဒီတော့ နေ့ ၁၁ နာရီ ထိုးနေပြီ။

အလှူမှာ စားသောက်ပြီး အိမ်ပြန်သွားတဲ့ ရွာမျက်နှာဖုံး ပုဂ္ဂိုလ်ကြီးတစ်ဦး ဟာ အိမ်ရောက်တော့ တင်းကုတ်ထဲက နွားသားကလေးတွေ အော်နေသံကြားတာနဲ့ ဝင်ကြည့်တယ်။ ဒီအခါ တင်းကုတ်ထဲမှာ နွားကြီးတွေဆိုလို့ တစ်ကောင်မှ မတွေ့ရဘဲ နွားသားကလေးတွေချည့် ကြိုးနဲ့ချည်ထားတာကို တွေ့ရော။

ဒီတင် သူ့ဆီမှာ နွားအငှားကျောင်းနေတဲ့ ၉ နှစ်အရွယ် နွားကျောင်းသား ကလေးကို ခေါ်ပြီး "မင်းက ဘာဖြစ်လို့ နွားကြီးတွေကို လွှတ်လိုက်ပြီး နွားသား ကလေးတွေကို ချည်ထားရတာလဲ၊ မှန်းပဲတည့်တော့မယ်" လို့ ဆူဖို့ စလိုက်တယ်။

ဒီတော့ နွားကျောင်းသားကလေးက "နွားကြီးတွေပဲ စားကျက်မှာ အရင် ဝအောင်စားပါစေ၊ နွားကြီးတွေစားပြီးမှ နွားကလေးတွေကို လွှတ်ပြီး ကျွေးမလို့ပါ" လို့ ပြောတယ်။

ဒီစကားကိုကြားတော့ ပုဂ္ဂိုလ်ကြီးက ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ ငြိမ်နေပြီးမှ ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး "နွားကလေးတွေကို လွှတ်လိုက်ပါတော့ကွာ သနားပါတယ်။ ခုလောက်ဆိုရင် သူတို့အမေတွေ အဝေး ကြီးရောက်နေတော့မယ်" လို့ ပြောပြီး အလှူအိမ်ကို ကမန်းကတန်း ပြန်သွားပါ သတဲ့။

အဲဒီ ရှင်ပြုအလှူပွဲကြီး ပြီးတဲ့နောက် နောက်လှူကြတန်းကြတဲ့ အကျွေး အမွေးပါတဲ့ ခလောက်နို့က အလှူတွေမှာ တရားနာပြီးတာနဲ့ ကလေးတွေအတွက် ပထမပြင်ဆင်ကျွေးပြီးမှ လူကြီးတွေကို နောက်မှ ကျွေးကြတဲ့ ဓလေ့ကြီးတစ်ခု ပေါ်လာပါတယ်။

✍

Generated by CamScanner from intsig.com

# ပြိုင်ပွဲဝင် ဒုံးအဖွဲ့

၁၉၆၉ ခုနှစ် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ဘားအံမြို့မှာ ကြီးကြီး ကျယ်ကျယ် ကျင်းပကြပါတယ်။

ဘားအံမြို့ အတွင်းဝန်ရုံးဘေးက ကွင်းကြီးမှာ အစိုးရဌာနပေါင်းစုံက ပြခန်းတွေကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြီးပြတယ်။ ညဘက်မှာဆိုရင် ကဇာတ် ပြဇာတ်တွေ စုံစုံလင်လင်နဲ့ ပရိသတ်ကို ဖျော်ဖြေတယ်။ ရှေးရိုးရာ ကရင်ယဉ်ကျေးမှုအက ဖော်ထုတ်ရေးအတွက် ဒုံးအကပြိုင်ပွဲတွေလည်း လုပ်တယ်။ ဒုံးပြိုင်ပွဲတွေမှာ ပြည်နယ်က အရာရှိတွေပါဝင်တဲ့ အကဲဖြတ်အဖွဲ့က အကဲဖြတ်တယ်။ ပထမ၊ ဒုတိယ၊ တတိယ အစရှိတဲ့ ဆုတွေ ပေးရမှာကိုး။ အနယ်နယ် အရပ်ရပ်က ဒုံးအဖွဲ့ ၃၈ ဖွဲ့ ဝင်ပြိုင်လာတော့ သမာသမတ် ဖြစ်စေချင်တဲ့ သဘောတွေ အများကြီးပါတယ်။

ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ ဒုံးအဖွဲ့တွေက ၃၈ ဖွဲ့တောင် ရှိနေတော့ သုံးညဆက်ပြီး ပြိုင်ရတယ်။ ပြိုင်ပွဲ လာဝင်တဲ့အထဲမှာ ခလောက်နီ့က ဒုံးအဖွဲ့လည်း ပါတယ်။

ဒုံးအဖွဲ့တွေကို အထူးဆောက်လုပ်ထားတဲ့ စင်မြင့်ပေါ်မှာ တစ်ဖွဲ့ပြီး တစ်ဖွဲ့ တက်ကစေတယ်။ ကချိန် ၄၅ မိနစ်၊ ကကြတဲ့အခါမှာ သီချင်းသွားနဲ့ အဓိပ္ပာယ်၊ ဆင်ပြင်ဝတ်စားမှု၊ မျက်နှာပေးအမူအရာ၊ လက်ထားခြေထား၊ ကကွက် ညီညာမှုနဲ့ ကကွက်တီထွင်မှုတွေကို ကြည့်ပြီး အကဲခတ်အဖွဲ့က အမှတ်ပေး ရပါတယ်။ အမှတ်အများဆုံးရတဲ့ ဒုံးအဖွဲ့က ပထမပေါ့။

နံပါတ်စဉ်အလိုက် ဒုံးအဖွဲ့တွေအသီးသီး ကပြကြပြီးတဲ့နောက် ခလောက်နီ့ ဒုံးအဖွဲ့ရဲ့ အလှည့်ကိုရောက်တော့ ဒုံးသူဒုံးသား ၂၄ ယောက်ဟာ စင်မြင့်ပေါ် တက်လာပြီး ပရိသတ်ဘက်ကို မျက်နှာမူကာ အသင့်အနေအထား အသွင်နဲ့ မတ်တတ်ရပ် နေလိုက်ကြတယ်။

ပြိုင်ပွဲကြေညာတဲ့အရာရှိက အသံချဲ့စက်ကနေပြီး "ခလောက်နီ့ ဒုံးအဖွဲ့က ပရိသတ်များကို စတင် ဖျော်ဖြေပါတော့မယ်။ ခလောက်နီ့ ဒုံးအဖွဲ့ ကပါတော့" လို့ ကြေညာလိုက်တယ်။

•

Generated by CamScanner from intsig.com

ခုလို ကြေညာလိုက်ပေမယ့် ခလောက်နို့ ဒုံးအဖွဲ့က မလှုပ်ဘူး၊ ရုပ်မြဲ ရုပ်နေတယ်။

နှစ်မိနစ်လောက်ကြာတော့ အခမ်းအနားကြေညာတဲ့ အရာရှိက "ခလောက်နို့ဒုံးအဖွဲ့ ကပြဖို့အချိန် ရောက်ပါပြီ၊ ပရိသတ်များက လည်ပင်းရှည်လောက်အောင် မျှော်နေကြပါတယ်၊ ကပါတော့" လို့ ဒုတိယအကြိမ် ထပ်ပြီး ကြေညာတယ်။

ခလောက်နို့ ဒုံးအဖွဲ့က အရေးတောင်မစိုက်ဘူး၊ မလှုပ်မရှား ရုပ်နေတုန်း။

ကြေညာတဲ့ အခမ်းအနားမှူး အရာရှိက ဒီလူတွေကို ဗမာစကား နားမလည်လို့လား ထင်ပြီး "ခလောက်နို့ ဒုံး ကချိန် ရောက်ပါပြီ ကကြပါတော့" လို့ ကရင်ဘာသာနဲ့ ကြေညာပြန်တယ်။

ခင်ပေါ်က ခလောက်နို့ ဒုံးသမားတွေက ငြိမ်ချက်သား ကောင်းတုန်း၊ မလှုပ်ဘူး။

ပရိသတ်က ဘယ်လိုများဖြစ်ကြလို့ ဒီဒုံးက မလှုပ်မယှက် ဖြစ်နေပါလိမ့်လို့ တောင်တွေး မြောက်တွေး တွေးကြတယ်။ ပြိုင်ပွဲကြေညာတဲ့ အရာရှိကလည်း အံ့သြနေတယ်။ ပရိသတ်တွေလည်း လှုပ်လှုပ်ရှရှ ဖြစ်လာတယ်။

ဒီအချိန်မှာ ခလောက်နို့ ဒုံးအဖွဲ့ခေါင်းဆောင်က ဖာတ်ခင်ထောင့်ကနေပြီး သူ့အိတ်ထဲက ခရာကလေးကိုထုတ်ကာ မှုတ်ခနဲမှုတ်လိုက်တယ်။ ခရာမှုတ်သံဆုံးတာနဲ့ ခလောက်နို့ ဒုံးသမားတွေဟာ ချက်ချင်း အသက်ဝင်လာပြီး "လေး လေ ဟောင်ရို့" လို့ အစချီတဲ့ ဒုံးသီချင်းကို သီဆိုကာ ညီညီညာညာ ကကြပါတော့တယ်။

ပရိသတ်ရဲ့ သြဘာလက်ခုပ်သံဟာလည်း ကွင်းပြင်ကြီးကို လျှံပြီး တက်သွားတယ်။

ခလောက်နို့သားတွေ ပွဲ့စည်း စိစဥ်ထားတဲ့ ဒုံးဟာ အဲဒီအထိ စည်းကမ်းရှိပါတယ်။ ဒုံးအဖွဲ့သားတွေက သူတို့ခေါင်းဆောင်ရဲ့ အမိန့်ကလွဲလို့ ဘယ်သူ့အမိန့်ကိုမှ နားမထောင်ဘူး။ အခမ်းအနားမှူး အရာရှိက ကကြပါလို့ ဘယ်လိုဆိုဆို သူတို့က မကဘူး။ သူတို့ရဲ့ခေါင်းဆောင်က ကကြဖို့ ခရာမှုတ် အချက်ပေးလိုက်တော့မှ ကကြပါတယ်။

ဒါလောက် စည်းကမ်းတကျ ရှိပေမယ့် အဲဒီနှစ်က သူတို့ ဘာဆုမှ ရမသွားရှာဘူး။

✍

Generated by CamScanner from intsig.com

# တရားလိုကို လိုက်ရှာခဲ့ရရဲ့

ခလောက်နို့နယ်သားတွေဟာ ရှုပ်ရှုပ်ပွေပွေ လုပ်တတ်တယ်၊ စောတ်ပြောင်တတ်တယ်၊ ရွတ်တတ် နောက်တတ်တယ်၊ ပျော်ပျော်ပါးပါးနေတတ်တယ်၊ ဟာသရှိတယ်၊ လုပ်စရာရှိရင် ဘယ်သူ့ကိုမှ ထီမထင်ဘဲ လုပ်ချင်တာကို လုပ်တတ်တယ်ဆိုတဲ့ ဘွဲ့ထူးတွေနဲ့ ပြည့်စုံတဲ့အပြင် ရိုးသားလှတယ် ဆိုတဲ့ ဂုဏ်ထူးလည်း ရှိပါသေးတယ်။

ဗြိတိသျှ လက်အောက်ခံဘဝက ခလောက်နို့ နိုင်းကြာရွာမှာ ရိုက်မှုတစ်ခု ဖြစ်တယ်။ ရိုက်တဲ့လူနဲ့ အရိုက်ခံရတဲ့လူဟာ အိမ်နီးနားချင်းဖြစ်ပြီး အရက်မူးကြလို့ အငြင်းအခုံဖြစ်ကြရာက ခြေလွန်လက်လွန် ဖြစ်သွားတာဖြစ်တယ်။

ခုလို ဖြစ်လိုက်တော့ ဘေးကဝိုင်းပြီး ထုံးစံအတိုင်း မြှောက်ပေးကြတာနဲ့ အရိုက်ခံရတဲ့လူက ဘားအံ ရဲဌာနသွားပြီး သူ့ကို ဘယ်သူဘယ်ဝါ ရိုက်ပါတယ် လို့ တိုင်တယ်။

ဒီအမှုကို ရဲက အရေးယူတယ်။ ဒဏ်ရာက မကြီးပါဘူး။ ခံရတဲ့လူက ဆေးရုံတောင်မတက်ဘူး၊ ဆေးထည့်ပြီး ပြန်သွားတယ်။ ရိုက်တဲ့လူကိုလည်း ရဲက အာမခံ ပေးလိုက်တယ်။

အမှုဆိုင်ကြရမယ့် ရုံးချိန်းရက်ကျတော့ တရားခံက ဘားအံရုံးကို မနက် ၈ နာရီကတည်းက ရောက်လာတယ်။ တရားလိုကိုတော့ မမြင်ဘူး။ သူ့ တရားလိုကို မတွေ့တော့ တရားခံဟာ နေမထိထိုင်မထိ ဖြစ်လာတယ်။ တရားလို ဘာကြောင့် မလာသလဲလို့ ဟိုမေး ဒီမေး လုပ်တယ်။ ဒါပေမယ့် တရားလို မလာတဲ့အကြောင်းကို ဘယ်သူမှ မသိဘူး။

Generated by CamScanner from intsig.com

ဒီတင် တရားခံဟာ မြင်းလှည်းတစ်စီးကို စပါယ်ရှယ်ငှားပြီး ၇ မိုင်လောက်ဝေးတဲ့ ခလောက်နို့ နိုင်းကြာရွာက တရားလိုရဲ့အိမ်ကို လိုက်သွားတယ်။ ဟိုရောက်တော့ တရားလိုက အိမ်မှာ မရှိပြန်ဘူး။ ၃ မိုင်လောက်ဝေးတဲ့ လွန်းညရွာ ရှင်ပြုကို သွားနေတယ်လို့ သိရတာနဲ့ သူငှားလာတဲ့ မြင်းလှည်းနဲ့ပဲ လွန်းညရွာက ရှင်ပြုအိမ်ကို လိုက်ပြန်တယ်။

ဟိုရောက်လို့ သူ့တရားလိုကို မဏ္ဍပ်ထဲမှာတွေ့တော့ သူ မြင်းလှည်းငှားခဲ့ပါတယ်။ အတူတူ ဘားအံရုံးကို တပါတည်းလိုက်ခဲ့ပါလို့ အတင်းခေါ်တယ်။ တရားလိုက မလိုက်ပါရစေနဲ့လို့ ငြင်းတယ်။ ဟိုတုန်းက မူးမူးရူးရူးနဲ့ ဖြစ်နေတုန်း ဘေးလူတွေက ဝိုင်းပြီးမြှောက်ပေးကြလို့ ဂတ်ကိုတိုင်ရတာပါ၊ အခု သူစိတ်ပြေပါပြီ၊ မလိုက်တော့ဘူးလို့ အကြီးအကျယ် ငြင်းတယ်။

ခုလိုငြင်းနေတော့ တရားခံဟာ ကြံရာမရဖြစ်ပြီး "မင်းမလိုက်ရင် ငါ့မှာ ခက်ရပါလိမ့်မယ်၊ တို့နှစ်ယောက် ရှေးရှေးတုန်းကတည်းက ခင်မင်လာကြတဲ့ အကြောင်းတွေကို ထောက်ထားပြီး လိုက်ခဲ့ပါလို့" တောင်းပန်တယ်။

တရားခံက သူနဲ့ တပါတည်းလိုက်ခဲ့ပါလို့ တောင်းပန်လွန်းမက တောင်းပန်တော့ တရားလိုက အားနာလာပြီး တရားခံနဲ့အတူ ရုံးကိုလိုက်ခဲ့တယ်။ ရုံးမှာ တရားသူကြီးက အမှုကိုစစ်ဆေးတော့ အမှုသွားအမှုလာက ခပ်ပေါ့ပေါ့ဖြစ်တဲ့အတိုင်း ဆေးမိုးဝါးခသဘောမျိုး တရားခံကို ဒဏ်ငွေ ၁ဝ ရိုက်လိုက်တယ်။

ဒီတော့မှ တရားခံဟာ ဝမ်းသာအားရနဲ့ ဒဏ်ငွေ ၁ဝ ဆောင်ပြီး ရုံးပေါ်က ဆင်းသွားပါသတဲ့။

ခလောက်နို့သားတွေ ရီးသားတဲ့အခါ တရားလိုကိုတောင် တကူးတကန့် မတွေ့တွေ့အောင် စပါယ်ရှယ် မြင်းလှည်းတစ်စီးနဲ့ လျှောက်ရှာပြီး တောင်းတောင်းပန်ပန်နဲ့ ရုံးချိန်းအမီ လိုက်ခေါ်ပုံဟာ စံပြုစရာ ဖြစ်နေပါတယ်။

✍

# အမေ့ပုံတူ

အင်္ဂလိပ်လက်အောက် မြန်မာပြည်မှာ အစိုးရ မူလတန်းကျောင်းတွေကို စပြီး ဖွင့်လှစ်တဲ့အချိန် ဖြစ်တယ်။

အဲဒီခေတ်က တချို့ရွာမှ ဘုန်းတော်ကြီးများက အစိုးရမူလတန်းပညာကို သူတို့ရဲ့ကျောင်းမှာ ဖွင့်လှစ် သင်ကြားဖို့ သဘော မတူကြဘူး။ သူ့နည်းနှင့် သူ့ကျောင်းမှာ မြန်မာစာကို ရိုးရိုးပဲ သင်ချင်တယ်။ အစိုးရရဲ့ ကျောင်းအဖြစ် အဖွင့်ခံလိုက်ရရင် တနည်းအားဖြင့် အစိုးရရဲ့ ဩဇာကို နာခံရမယ်၊ စည်းတွေ ကမ်းတွေနဲ့ ချုပ်ချယ်လာမယ်၊ ဒါကို စိုးရိမ်ပြီး လွတ်လွတ်လပ်လပ် ကိုယ့်နည်းနဲ့ ကိုယ် သင်ရိုးကုန်အောင် သင်ဖို့ပဲ ရည်ရွယ်ကြတယ်။ ဒီအချိန်က အစိုးရမူလတန်း ကျောင်းတွေကို လောကဓာတ်ကျောင်းလို့လည်း ခေါ်ကြတယ်။

အဲဒီခေတ်က တောရွာကလေးတွေမှာဆိုရင် အစိုးရမူလတန်းကျောင်းနဲ့ ဘုန်းကြီးကျောင်းဟာ အပြိုင်အဆိုင် စာပေကို သင်ကြားပို့ချကြတယ်။ ကျောင်းသား တွေကလည်း အချင်းချင်း ပြိုင်ကြတယ်။ မိဘတွေကလည်း ဘယ်သူ့သားဟာ ဘယ်ကျောင်းမှာ ဘယ်နှစ်နှစ်နေလို့ ဘယ်လောက်တတ်တယ် ဆိုတာကိုလည်း ပြိုင်ကြတယ်။ ဒီကျောင်း ၂ မျိုးမှာ ဘုန်းတော်ကြီးကျောင်းကတော့ အစကတည်းက အခမဲ့ ပညာရေးစနစ်ဖြစ်ပြီး လောကဓာတ်ကျောင်းတွေကတော့ ကျောင်းသား တစ်ယောက်ကို တစ်လ တစ်မတ် ကျောင်းလခ ယူတယ်။

စာသင်ကြားတဲ့ ပုံစံကတော့ ဘုန်းတော်ကြီးကျောင်းက ရှေးရိုးသင်ပုန်း ကြီးကို စသင်တယ်၊ သင်ပုန်းကြီးကုန်ရင် ရတနာရွှေချိုင့်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ ပရိတ်ကြီး၊ ပြီးတော့ သဒ္ဒါသင်္ဂြိုဟ် တက်ကြတယ်။ အပေါင်းအနုတ် အမြှောက်အစား သင်္ချာကို သင်ရတယ်။

လောကဓာတ်ကျောင်းကတော့ သူငယ်တန်း၊ ပထမတန်း စတဲ့ ဖတ်စာအုပ် တွေနဲ့ စသင်တယ်။ သင်္ချာ၊ ပထဝီနဲ့ အခြေခံလောကဓာတ်ပညာလည်း သင်ရတယ်။ တခါတလေ လက်မှုပညာဆိုပြီး အကွက်တွေနဲ့ ဖျာကလေးလုလုတွေကို ရက်ရတယ်။

Generated by CamScanner from intsig.com

ပန်းချီလည်း တစ်ပတ်တစ်ခါလောက် ဆွဲရတယ်။ ဒီအချိန်မှာ ခလောက်နို့ရှာသား စောဒူးဆိုသူဟာ သူ့သားကို ခေတ်ပညာသစ်တွေတတ်စေချင်လွန်းလို့ (ဘုန်းကြီး ကျောင်းမှာ ထားရာက နုတ်ပြီး) လောကဓာတ်ကျောင်းကို ပြောင်းပြီး ထားခဲ့တယ်။

တစ်နေ့ ညနေ ကျောင်းလွှတ်လို့ သားဖြစ်သူ ကျောင်းကပြန်လာတော့ အဖေဖြစ်သူက "ငါ့သား ဒီကနေ့ ဆရာက ဘာတွေ သင်လိုက်သလဲ" လို့ မေးနေကျအတိုင်း ဆီးပြီး မေးတယ်။

ဒီတော့ သားငယ်က "ကျွန်တော်ပြမယ် အဖေ" လို့ ပြန်ပြောပြီး သူ့ လွယ်အိတ်ကို အခန်းဝက ထရံမှာ ထောင်လိုက်တယ်။ နောက် လွယ်အိတ်ထဲက ကျောက်သင်ပုန်းကို ဆွဲထုတ်လိုက်ပြီး သူ့အဖေဘက်ကိုလှည့်ကာ တစ်ခုံတစ်ခုကို ရေးနေတယ်။

ဒီအခါ အဖေဖြစ်သူက သူ့သား ဘာတွေများ ရေးပြမှာလဲလို့ အသာ ထိုင်စောင့်နေတယ်။ တော်တော်ကြာတော့ ကလေးက ထလာပြီး သူ့ကျောက်သင်ပုန်း ကို သူ့အဖေရှေ့မှာ ထောင်ပြလိုက်တယ်။

ဒီတင် သူ့သားရဲ့ ကျောက်သင်ပုန်းမှာ အရုပ်တစ်ရုပ် ရေးထားတာကို တွေ့ရတော့ "အံမယ် ငါ့သားက အလာကြီးပါလားကွ၊ မင်းတို့ဆရာက အသင် အပြ တော်တယ်ဟေ့၊ ငါ့သားကလည်း လက်ဖြောက်တယ်။ အေး ဟုတ်ပြီကွ၊ အခု မင်းဆွဲထားတဲ့ မျောက်ရုပ်ဟာ ထိုင်နေတဲ့ပုံ ဖြစ်ပေမယ့် သူ့အမြီးကိုတော့ ထည့်ရမယ်၊ မင်းမျောက်က အမြီးတစ်ခုပဲ လိုနေတယ်၊ ကောင်းသဟေ့" လို့ ချီးမွမ်းလိုက်တယ်။

ဒီလိုပြောလိုက်တော့ သားဖြစ်သူက "ကျွန်တော်ရေးတာ မျောက်ရုပ်မှ မဟုတ်ဘဲ" လို့ ပြန်ပြောတယ်။

"ဒါဖြင့် ဘာလဲကွာ မျောက်ဝံလား၊ မျောက်ဝံက အမြီး မရှိဘူးလား" လို့ အဖေဖြစ်သူက ပြန်မေးပြန်တယ်။

ဒီတင် သားက "ဒါ မျောက်လည်း မဟုတ်ဘူး၊ မျောက်ဝံလည်း မဟုတ်ဘူး၊ အဖေ့ပုံတု ဆွဲထားတာ" လို့ ပြန်ပြီး ပြောလိုက်ပါသတဲ့။

✍

# နိုင်ညံလို့

ကျွန်တော်တို့ငယ်ငယ် ကျောင်းသားအရွယ်က နွေရာသီ ကျောင်းပိတ်ရက်များမှာ ဒီကနေ့ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ် ဖြစ်လာကြတဲ့ ဒေသများကို အဲဒီအရပ်များက သူငယ်ချင်းများနဲ့အတူ အလည်အပတ် လိုက်သွားလေ့ရှိပါတယ်။ ငယ်ရွယ်သူများလည်းဖြစ်လို့ ဒီလိုသွားရတာ အင်မတန်ပျော်ပါတယ်။ သင်္ကြန်ရက် များဟာ ကျွန်တော်တို့ လည်လို့ကောင်းတဲ့ ရက်များပါပဲ။ တခါတလေ ဝါဆို ကျောင်းပိတ်ရက်မှာ ဘောလုံးသင်းဖွဲ့ပြီး သွားကစားကြတယ်။

နွေရာသီမှာ ဘုရားပွဲတွေက ပေါ၊ ဘုရားပွဲတိုင်းမှာ လက်ဝှေ့ပွဲတွေ ပါကြတာချည့်မို့ ကျွန်တော့်အဖို့ အလွန် လန်းဆန်းနေပါတယ်။ တချို့ဘုရားပွဲတွေက လက်ဝှေ့ပွဲတွေမှာ ဆယ်နှစ်၊ ဆယ့်တစ်နှစ်သားကလေးတွေ ဝင်ထိုးနေကြတာ တွေ့ရလို့ အံ့သြမိပါတယ်။ နိုင်သူက တစ်မတ်၊ ရှုံးသူက တစ်မူး ရပါတယ်။ ဒီကလေးတွေဟာ ပျော်နေတာပဲ။ လက်ဝှေ့သမားကြီးတွေ လက်ခမောင်း တဖြောင်းဖြောင်း ခတ်နေကြတာကိုတုပြီး သူတို့ကလည်း လက်ခမောင်းခတ်နေ ပြိုင်ဘက်ရှာနေကြတာပေါ့။

ကြီးလာတော့လည်း စာဆိုတော်ပွဲများ ဖိတ်ကြလို့၊ လေ့လာရေးခရီးထွက်ကြလို့ ဒီနယ်ဒီဒေသ လက်ဝှေ့ကျော်တို့ပျော်ရာ၊ သတ္တိခဲများ သန္ဓေတည်ရာ၊ မွေးဖွားရာပြည်နယ်များကို ကျွန်တော်တို့ တခါတလေ ရောက်ကြပါတယ်။ ဒီလိုရောက်သွားလို့ လက်ဝှေ့ပွဲကြည့်ရတဲ့အခါ၊ လက်ဝှေ့ပွဲများအကြောင်း နားထောင်ရတဲ့အခါ သူငယ်ချင်းတွေနဲ့ ငယ်ငယ်က အတူသွားကြ လာကြတာတွေကို သတိရပြီး ငယ်မူပြန်သလိုလိုလည်းဖြစ်ရဲ့၊ လွမ်းသလိုလိုလည်းဖြစ်ရဲ့။ သူငယ်ချင်းတော်တော်များများ၊ ခင်မင်သူ တော်တော်များများက မရှိတော့ဘဲကိုး။

Generated by CamScanner from intsig.com

ဘယ်လိုပဲဖြစ်ဖြစ် ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်မှာ လက်ဝှေ့ကျော်တွေ မှန်မှန်ကြီး ပေါ်ထွက်နေမှာတော့ အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ သတ္တိကောင်းတဲ့ လက်ဝှေ့အသတ်ကောင်းတဲ့ လူမျိုးလူရှယ်ဟာ မျက်နှာ အင်မတန်ပွင့်တာကိုး။

ကျွန်တော်တို့ တိုင်းရင်းသားများရဲ့ ကိုယ်ခံပညာတစ်ရပ်ဖြစ်တဲ့ လက်ဝှေ့ဟာ ဂျပန်ကရာတေး၊ အနောက်တိုင်းလက်ဝှေ့၊ ယိုးဒယားလက်ဝှေ့ စသည်များနဲ့ ကောင်းကောင်း ယှဉ်ပြိုင်နိုင်တာကြောင့် ပြည်ထောင်စုသားအားလုံးကပဲ စိတ်ဝင်စားသင့်၊ လေ့လာ လေ့ကျင့် သင့်ကြပါတယ်။ ကာယဉာဏအခြေခံပညာရပ်တွေဟာ အကျမြုံခေတ်မှာလည်း အခြေခံအဖြစ်နဲ့ရှိဖို့ လိုတာကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်က လက်ဝှေ့ကျော်များအကြောင်းနဲ့ လက်ဝှေ့ဟာသ ဖြစ်ရပ်ကလေး တစ်ခုကိုပဲ လက်ဆောင်အဖြစ်နဲ့ ပေးလိုက်ပါတယ်။

ခေါင်းစဉ်ကတော့ "ဒိုင်ညဲ့လို့" တဲ့။

* * *

ဘားအံမြို့ သေဠမာရ်အောင်သွန်းဘုရားကြီးပွဲတော်မှာ ရှေးခေတ်ကတည်းက လက်ဝှေ့ပွဲ ကောင်းကောင်းသွင်းတဲ့ အစဉ်အလာ ရှိခဲ့ပါတယ်။

တစ်နှစ်မှာ ပထမအလံ ၁၀ဝိ၊ ဒုတိယအလံ ၅ဝိ၊ တတိယ ၂၅ိ ပေးမယ် ဆိုပြီး ကြေညာတာနဲ့ အနယ်နယ် အရပ်ရပ်က လက်ဝှေ့ကျော်တွေ စုလာကြတယ်။ ဒါအင်မတန်ကောင်းတဲ့ ကြီးတဲ့ ဆု တွေပေါ့။

ဒီအထဲမှာ ဘယ်သူတွေ ပါသလဲဆိုတော့ စိန်တင့်၊ ဒေါင်း၊ ဘိလပ်၊ စိန်ဒွေး၊ ကျွဲပြဲ၊ စိန်ရိုး၊ စိန်ချစ်၊ ထွန်းနေ၊ ပိလိ၊ လှိုင်းဘွဲ့က ဒေါင်းစကြာ (အမည်တုနှစ်ယောက်) လှပု၊ တောင်သူနဲ့ တွေ့မရှောင်တို့လည်း လာကြတယ်။ ဒီလူတွေဟာ အဲဒီခေတ်က လက်ဝှေ့ကျော်တွေပေါ့။ တွေ့မရှောင် ဆိုတဲ့ လူကတော့ ဘားအံနားက ရွာတစ်ရွာက လက်ဝှေ့ကျော်ပဲ။

အဲဒီနှစ်မှာ ပထမအလံကို စိန်ဒွေးက ရပါတယ်။ ဒုတိယအလံကိုတော့ ဘိလပ်က ရတယ်။ တတိယအလံကိုတော့ စိန်ချစ်က ရတယ်။ တွေ့မရှောင်ကတော့ စောစောစီးစီး အရှုံးပေးသွားပါတယ်။ သူကတော့ မကျေနပ်ဘူး။ ဒိုင်ညဲ့လို့ ရှုံးရတာပါလို့ ဆိုတယ်။ ဒိုင်က ဦးဘသိန်းပါ။

ရောက်လာကြတဲ့ လူတွေက လူကောင်းတွေဆိုတော့ တစ်ယောက်ကို တစ်ယောက် အထင်မသေးဝံ့ကြဘူး။

စိန်တင့်ဆိုရင် ဒေါင်းနဲ့ သတ်ဘက်။ လောင်းကိုင်ရှာ ရှင်ပြုပွဲမှာ သူတို့ ပထမတွေ့ကြတုန်းက စိန်တင့်ရဲ့လက်ချက်နဲ့ ဒေါင်းကို ရေလောင်းယူရတယ်။ နောက်နှစ် သူတို့နှစ်ယောက် ဒုံရင် အရိုးကောက်ပွဲမှာ ဆုံတော့ ဒေါင်းက "မနှစ်က ခံရတာ အလှည့်မသင့်လို့ ခံရတာ၊ စိတ်မဆိုးပါဘူး" လို့ ပြောပြီး ထိုးကြတယ်။ ဒီပွဲမှာ ဒေါင်းရဲ့ ဒူးပျံနဲ့ စိန်တင့်ကို ရေလောင်းရပါတယ်။ ခုလည်း သူတို့ ဆုံကြပြန်ပြီ။

ဘိလပ်ဆိုတဲ့လူက ကော့ပဲရံရွာသား။ နောက်တော့ သူ့ကို "ပြည်တော်ပြန်" လို့ ခေါ်ကြတယ်။ မြန်မာပြည်ဘုရင်ခံ ဆာအာချီဘောကောကရိန်း ဘိလပ်ကိုပြန်မယ့် နှုတ်ဆက်ပွဲမှာ ဝင်သတ်ပြီး ချန်ပီယံဖြစ်သွားတဲ့အတွက် သူ့ကို "ပြည်တော်ပြန်" လို့ ခေါ်ကြတာဖြစ်တယ်။ သူက ခွာထိုးသမား။ ဒါပေမယ့် ပုးမိရင်လည်း အထိန်းအချုပ် အလွန်ကောင်းတဲ့ လူ။ ဘိလပ်အဖြစ်နဲ့ နယ်လှည့်ထိုးတုန်းက ဓာသပြင်ဘုရားပွဲမှာ အေးမောင်ဆိုတဲ့ ပြိုင်ဘက်ကို ဝိုင်းထဲမှာ အသေထိုးခဲ့ဖူးသူပဲ။

စိန်ဒွေးဟာ အဲဒီတုန်းက ၁၉ နှစ်လောက်ပဲ ရှိဦးမယ်။ ထတုန်း၊ တက်တုန်း၊ လူက လူတစ်ဘက်သားကို မခြောက်တတ်ဘူး၊ ရဲရဲဝင်ပြီး ပြိုင်ဘက်ရဲ့ နံကို ဖြိုလေ့ ရှိတယ်။ အပေါင်ရေပူ ဘုရားထီးတင်ပွဲမှာ ကောင်းမှူဆိုတဲ့ လက်ဝှေ့သမားရဲ့နံကို ဖြိုလိုက်တာ ကောင်းမှူဟာ တစ်သက် အလုပ်ကြမ်း လုပ်မစားနိုင်အောင် ဖြစ်ရရှာတယ်။

ကျွဲဖြူက ခံတောင့်ရွာသား။ စိန်ဒွေးကို တွေ့ချင်လို့ လိုက်ရှာနေတဲ့လူ၊ သူလည်း ရှိလှ အသက် ၂၀ ပဲ။ ကိုယ်လုံး ပြားတယ်၊ လှတယ်။

ထွန်းနေက ကျောက်တစ်လုံးသား။ သူ့အကျင့်က ပထမအချီဆိုရင် အထိုးခံတယ်၊ နောက်တော့ရှောင်ပြီး ဆက်ထိုးတဲ့အကျင့် ရှိတယ်။ စတိကောင်းလို့ မကွဲဘူးလို့ ဆိုတဲ့လူပဲ။

ပိလိကတော့ မုဏ္ဍဒိရွာသား။ သူက လက်တွေ့သမားဆိုတော့ ပိလိက စတိကောင်းလို့ မကွဲဘူးဆိုတာ နည်းနည်းမှ ယုံတဲ့လူ မဟုတ်ဘူး။ ဒီပွဲမှာ ထွန်းနေကို တွေ့ချင်လို့ လိုက်လာတယ်လို့ ဆိုတယ်။

Generated by CamScanner from intsig.com

ခေါင်းကြော ၂ ယောက်စလုံးပဲ ဝိုက်ထိုး အင်မတန်ကောင်းတယ်။ ကျွဲခတ်သလိုပဲလို့ ကျော်ကြားတဲ့လူတွေ ဖြစ်တယ်။

စိန်ချစ်ဆိုတာက ချုပ်ထိုးသမား၊ ချုပ်မိရင် မလှုပ်နိုင်အောင် ကိုင်ပြီး တော်တော်တန်တန်လူကို ဆိုင်းဗိုင်းထဲ ပေါက်သွင်းနိုင်တဲ့လူ။ မျက်နှာအရှောင် အလွန်ကောင်းတယ်။

စိန်ရိုးဆိုတာလည်း ဝိုက်လက်သီးကောင်း၊ ဒူးကောင်း။ သူက ဒူးနဲ့တိုက်လို့ ဒူးပြန်ကျတာနဲ့ တံတောင်ပါတစ်ခါထဲ ရှေ့ကလူရဲ့ပုခုံးပေါ် ထောင်းချတတ်တယ်။ အင်မတန်ကြောက်စရာကောင်းတဲ့လူ။

လူပုက ခြေဗျားခတ်ကောင်းတယ်။ သက်လုံကောင်းတယ်။ သူ့ကိုယ်ကို ရေခဏခဏဆွတ်လေ့ ရှိတယ်။ ရေဆွတ်တာက တစ်ဘက်သားကိုင်လို့ မမြဲအောင်၊ ချောနေအောင် ဆွတ်တာ။ မောလို့ ဆွတ်တာမျိုး မဟုတ်ဘူး။ ဖွဲ့နဲ့ အနာခံပြီး အနိုင်ယူတဲ့လူမျိုး။

တောင်သူဆိုတာက အရမ်းဆုံး လက်ဝှေ့သမားလို့ ကျော်နေတဲ့သူပဲ။ ဒိုင်လူကြီးက အချက်ပေးတာနဲ့ တစ်ဘက်သားကို သဲသဲမဲမဲ အတင်းလိုက်ထိုးတဲ့လူ၊ တစ်ဘက်သား အနားမရအောင် ခဏလေးမှ မတ်တတ်ရပ်ခွင့်မရအောင် အတင်းဝင် အတင်းထိုးပဲ။ သူကလည်း မရှောင်ဘူး။ အရှောင်မပါဘဲ အထိုးချည့်သက်သက် သမား။ ဘယ်ကလောက်တော်တဲ့ လက်ဝှေ့သမားဖြစ်စေ၊ အရပ်အနေမမှန်ရင် ခံရတာမျိုးဖြစ်တော့ တောင်သူရဲ့ဝင်ပုံကို ကြောက်ကြတယ်။

ခလောက်နို့သား တွေ့မရှောင်ဆိုတာကလည်း သူ့လက်တစ်ချက် ဆန့်လိုက်ရင် ၃ ဆင့်ဆက်ထိုးသွားတဲ့နည်းနဲ့ ပွဲတိုင်းကျော်နေတဲ့လူ။ ဒါပေမယ့် သူ လက်ဝှေ့ထိုးတဲ့အခါ တခြားလက်ဝှေ့သမားတွေလို ကိုယ်လုံးချွတ်နဲ့ မထိုးဘူး၊ စွပ်ကျယ်လက်စကကိုဝတ်ပြီး ထိုးလေ့ရှိတယ်။ လက်ဝှေ့ရေးပြလည်း ဒီအတိုင်းပဲ စွပ်ကျယ်နဲ့။ သူက "ငါတစ်သက်လုံး ဘယ်တော့မှ အင်္ကျီမပါ၊ ဗလာကိုယ်ချည်း မနေတတ်ဘူး" လို့ ပြောတယ်။ သူ့ကိုလည်း အထင်မသေးရဲဘူး။ သူက အင်မတန် မြန်တဲ့လူ။ အသက်ကလည်း ၃၀ နီးနေလို့ လက်ဝှေ့သက်လည်း ရင့်နေပြီ။

ခုလို လူကျော်တွေချည့် စုနေတော့ လက်ဝှေ့ဒိုင်လုပ်တဲ့ပုဂ္ဂိုလ်မှာ ဒီလူတွေကို တွဲပေးဖို့ အင်မတန် တာဝန်ကြီးပါတယ်။ သူ့မှာ လက်ဝှေ့သမားတိုင်းရဲ့

လက်ဖွဲ့ပညာ အရည်အချင်းနဲ့ သတ်ပုံသတ်နည်းအပြင် ဘယ်သူနဲ့ ဘယ်သူဟာ တစ်နယ်ထဲသားလား၊ ဘယ်ကလောက်ရင်းနှီးကြသလဲ ဆိုတာကအစ သူတို့ရဲ့ အတွင်းရေးတွေကိုပါ သိထားရပါတယ်။ ဒါမှ လိမ်ပိုင်းတွေ မဖြစ်အောင် တားနိုင်မယ်။ တစ်ဘက်သတ် ပွဲရပ်ပြီး အနိုင်ပေးရတဲ့ ကိစ္စမျိုးလည်း ကင်းရမယ်။ ထိုးသူရော ကြည့်သူကပါ မျှတတယ်ဆိုတဲ့ ဝေဖန်ချက်ကို ခံယူနိုင်ရမယ်။

လူတွေစုံလို့ စာရင်းလုပ်ပြီးတဲ့အခါကျတော့ ဒိုင်က ပထမတန်းက ပထမပွဲ အဖြစ်နဲ့ တွေ့မရှောင်ကို စိန်ချစ်နဲ့ တွဲပေးလိုက်တယ်။

ခုလိုတွဲပေးပြီး နာမည်ကို ကြေညာလိုက်တာနဲ့ ပရိသတ်က သြဘာပေးကြတယ်။ စိန်ချစ်ဆိုတဲ့လူက တွေ့မရှောင်ထက် အသက်ငယ်တယ်။ ဗလချင်းတော့ မကွာဘူး။ စိန်ချစ်က ပုးသတ်သမား၊ ချုပ်ထိုးသမား။ တွေ့မရှောင်က ထိုးပုံရှင်းတယ်၊ ခြေတံ လက်တံ လှတယ်၊ မြန်တယ်၊ ခွာထိုးသမား။ ဒီနှစ်ယောက်ကို တွဲပေးလိုက်တော့ သတ်လုံး သတ်ပေါက်ချင်း ဉာဏ်ရည်တု နည်းတု မဟုတ်တော့ ကြည့်ကောင်းမယ့်ပွဲ ဆိုပြီး ပရိသတ်က သဘောကျကြတာပါ။

ဆိုင်းဝိုင်းကြီးက လေးကင်းတီးပြီး ဒိုင်ကလွှတ်လိုက်တာနဲ့ တွေ့မရှောင်က စိန်ချစ်ပါးကို ညာခြေနဲ့ ပိုက်ကန် ကန်လိုက်တယ်။ ဒါပေမယ့် စိန်ချစ်က တွေ့မရှောင်ရဲ့ ခြေကိုဖမ်းပြီး ထမ်းထားလိုက်ကာ လုချင်း ဝင်ပူးလိုက်တယ်။ ပြီးတော့ လက်တစ်ဘက်က တွေ့မရှောင်ရဲ့ ကျောက စွပ်ကျယ်ကို ဖမ်းဆုပ်ထားလိုက်ပြီး လက်တစ်ဘက်က တွေ့မရှောင်ရဲ့ ခြေထောက်တစ်ဘက် ကို မ ကာ စည်းဝိုင်းအပြင်ကို ထိုးထုတ်လိုက်တယ်။

တွေ့မရှောင်ဟာ စည်းဝိုင်းအပြင်ဘက် ပက်လက်ကျသွားတယ်။ သူဟာ ဖုတ်ဖက်ခါ ထလာပြီး ဒုတိယအချီသတ်ဖို့ ဝိုင်းထဲဝင်လိုက်တယ်။ ဒီမှာ သူ့ စွပ်ကျယ်အင်္ကျီဟာ ကျောတစ်ခြမ်းလုံး မရှိတော့ဘဲ ဓားနဲ့ လှီးထားသလို ပြတ်ထွက်နေတာကို သိရော။

ခုလို သိတာနဲ့ တပြိုင်နက် ဝိုင်းထဲကပြန်ထွက်ပြီး "ငါအရှုံးပေးပြီဟေ့" လို့ ဒိုင်ကို အော်ပြောကာ တခါတည်း ရုံပြင်ကို ထွက်သွားတယ်။

ခုလိုပြောပြီး ကမန်းကတန်း ထွက်သွားတော့ သူ့နောက်က ကျောလုံး ပြည့်လုနီးရှိတဲ့ ဗွေးကွက်ကြီးကို အများက တွေ့လိုက်ကြတာနဲ့ တစ်ရုံလုံး ဝိုင်းရယ်ကြပါသတဲ့။

Generated by CamScanner from intsig.com

သံဒီလက်ရေ့ကျော်ကတော့ ဆုအင်မတန်ကောင်းတဲ့ ဒီပွဲမှာ ထိုးသတ်ရလို့ ရှုံးရတာမဟုတ်ဘဲ သူ့ပွေးကွက်ကြီးကို လူမြင်သွားလို့ ရှက်တာနဲ့ အရှုံးခံလိုက်ရတာပါ။ နိုင်ညံ့လို့ သူရှုံးရတယ်ဆိုတာက သူ့ကို ပုးသတ်တတ်တဲ့ လူနဲ့မှ တွေ့ပေးရသလားပေါ့။ ပုးသတ်တာမခံရလို့ အကျႌချွတ်ပြီး ပွေးကွက်ပေါ်တာလို့ ပြောတာ ဖြစ်ပါလိမ့်မယ်။

Generated by CamScanner from intsig.com

# လက်နှစ်လုံးအလို

ကရင်ပြည်နယ် ဘားအံမြို့နဲ့ ၉ မိုင်လောက်ဝေးတဲ့ ဖွဲကပင်တောင်ခြေက အောက်ရေတံခွန်ကျောင်းမှာ ၁၉၇၄ ခုနှစ် မေလထဲမှာ ရှေးဟောင်း ကရင်စာပေ သင်တန်းဆင်းပွဲတစ်ရပ် ကျင်းပတယ်။ ရပ်ဝေးက စာပေဝါသနာပါတဲ့ လူငယ်တွေ အများအပြား လာကြတယ်။ တောင်ငူဘက်ကလည်း ပါတယ်။

သင်တန်းဆင်းပွဲ မကျင်းပခင် တစ်ညမှာ တောင်ငူသားရယ်၊ ကော့ကရိတ်သားရယ်၊ ခလောက်နို့သားရယ် ကျောင်းပေါ်မှာ ဆုံမိကြတော့ ခလောက်နို့နယ်က ပုံပြင်တွေအကြောင်း၊ ခလောက်နို့သားတွေ စကားကြွယ်ပုံအကြောင်း စပ်မိစပ်ရာ ပြောကြတော့ တောင်ငူသားက သတိရတာနဲ့ တောင်ငူမှာ သူ့ဦးလေးတစ်ယောက် ရေတွင်းတူးတာ ဘယ်ကလောက် နက်သွားလဲဆိုရင် အဝိစိငရဲကိုမရောက်တာ နည်းနည်းကလေး လိုတော့တယ်။ ငရဲပြည်က ကြက်တွန်သံတောင် ကြားရတယ်လို့ စကားစလိုက်တယ်။

ဒီလိုပြောလိုက်တော့ ခလောက်နို့သားက "မင့်စကား နည်းနည်းတင် မကဘူး တော်တော်ကြီး လွန်နေပြီ၊ လျှော့ဦး" လို့ ပြောတယ်။

ဒီတော့ တောင်ငူသားက "လျှော့ရမယ်ဆိုရင် ငါက မင်းတို့လို ခလောက်နို့သားကို အရှုံးပေးရာကျမယ်၊ မလျှော့ဘူး။ ငါ့ဦးလေးရဲ့ ရေတွင်း အနက်က ငရဲပြည်ရောက်ဖို့ အလွန်ဆုံး လက်နှစ်လုံးပဲ လိုတော့မယ်။ ဒီထက် မလျှော့ဘူး" လို့ ထပ်ပြောတယ်။

ဒီအခါ ကော့ကရိတ်သား လူငယ်က ပြုံးပြီး "အဲဒါဖြစ်နိုင်တယ်။ ငါက တောင်ငူသားကို ထောက်ခံတယ်။ သူ့ဦးလေး ရေတွင်းရဲ့အနက်ဟာ ငရဲပြည် ရောက်ဖို့ လက်နှစ်လုံးတည်း လိုတော့တယ်လို့ပြောတာ ယုတ္တိရှိတယ်။ ဘာဖြစ်လို့လဲဆိုရင် တို့နယ်မှာ ဒေါနတောင်ဆိုတာ ရှိတယ်။ သိပ်မြင့်တယ်။ ဘယ်လောက်မြင့်သလဲဆိုရင် ဒေါနတောင်ထိပ်ဟာ နတ်ပြည်ကိုရောက်ဖို့ လက်နှစ်လုံးပဲ လိုတော့တဲ့အထိ မြင့်တယ်။ တောင်ထိပ်မှာ ထိုင်နေရင် သိကြားမင်း လေလည်သံတောင် အတိုင်းသား ကြားရတယ်လို့ နယ်ခြားမှောင်နို အထမ်းသမားတွေက ပြောကြတယ်" လို့ ပြောပြန်တယ်။

Generated by CamScanner from intsig.com

ဒီလိုပြောလိုက်တော့ ခလောက်နို့သားက "အေးပါကွာ ပထမတော့ တောင်ငှသား ကြွားလုံးကြီးတယ်လို့ထင်ပြီး သူ့ကို ငါအထင်လွဲမိတယ်။ ဒေါနတောင်ရဲ့အမြင့်ကို ကြားရတော့မှ ယုတ္တိရှိမှန်း ငါသဘောပေါက်တယ်။ ဖြစ်နိုင်ပါတယ်ကွာ၊ ငါယုံပါတယ်။ ငါ့မှာလည်း တစ်ခုပြောစရာ ရှိသေးတယ်။ တို့ခလောက်နို့နယ်က ထူးဆန်းတဲ့အကြောင်းပေါ့ကွာ။ ဒါကိုတော့ မင်းတို့ ယုံကြည်ကြပါ။ ဒီအကြောင်းကို ပြောရမှာတောင် ခပ်ရှက်ရှက်ပဲကွ၊ စကားက နည်းနည်းကြမ်းတယ်။ ဒါပေမယ့် မင်းတို့ပြောကြတာထက်တော့ ပိုပြီး ယုတ္တိ ရှိပါတယ်။"

"မင်းတို့ပြောကြတဲ့ ငရဲတို့ နတ်ပြည်တို့ဆိုတာ မမြင်ဘူးတဲ့ဟာကို အကြားမျက်ရမ်း မှန်းဆပြီး ပြောကြတာပါ။ ဒါကို ငါမငြင်းချင်လို့ ယုံလိုက်ရတယ်။ အခု ငါပြောမယ့်ဟာက တကယ်ရှိတယ်၊ တကယ်မြင်ရတယ်၊ မျက်တွေ့လက်တွေ့ကို ပြောမှာ။ အကြောင်းကတော့ တော်တော်ကလေး ဆန်းတယ်လို့ မင်းတို့ ထင်ချင် ထင်မလားဘဲ။ တို့ခလောက်နို့နယ်က အမျိုးသမီးတွေအားလုံးပဲ "စအို" ကနေပြီး ကလေးမွေးကြတယ်ကွ။ ယုံကြရဲ့လား" လို့ မေးလိုက်တယ်။

ဒီတော့ မိတ်ဆွေနှစ်ယောက်က "ခုလိုပြောရုံနဲ့ ဘယ်ရမှာလဲကွ၊ မင်းဟာက သက်သက် လုပ်ကြံပြောတဲ့ စကားပဲ။ မင်းဥစ္စာက မဖြစ်နိုင်တာ အမှန်ပဲ။ မေ့တာတရားအတိုင်းလည်း မဟုတ်ဘူး။ တို့ပြောတာတွေကို မယုံရင် မင်းကိုယ်တိုင်သွားပြီး ရေတွင်းထဲ ဆင်းကြည့်၊ ဒါမှမဟုတ် ဒေါနတောင်ပေါ် တက်ကြည့် ဖြစ်နိုင်စရာအကြောင်း ရှိသေးတယ်။ အခုတော့ မင်းဟာက မဖြစ်နိုင်ပါဘူးကွာ၊ မင်းစကားကို ပြင်ပြောခမ်း" လို့ ဝိုင်းပြောကြတယ်။

ဒီတင် ခလောက်နို့သားက "ဒီလိုရှိတယ်လေကွာ၊ မင်းတို့က ပြောကြတယ်၊ မင်းတို့ရဲ့ ရေတွင်းနဲ့ တောင်ထိပ်ဟာ ငရဲပြည်နဲ့ နတ်ပြည်ကိုရောက်ဖို့ လက်နှစ်လုံးသာ လိုတယ်ဆိုတော့ ငါက ယုံလိုက်တယ်။ ငါပြောတာကိုလည်း မင်းတို့ပြောကြသလိုပဲ ထပ်ပြောရရင် ငါပြောတာနဲ့ ကွာလှ လက်နှစ်လုံးပဲ နေမှာပေါ့ကွာ၊ မင်းတို့မယုံသေးဘူးလား" လို့ ပြန်မေးလိုက်တယ်။

ဒီတော့မှ တောင်ငှသားနဲ့ ကောကရိတ်သားဟာ ဘာမှ ပြန်မငြင်းနိုင်ကြတော့ဘဲ ကောင်းကောင်းကြီး သဘောပေါက်ပြီး ရယ်နေလိုက်ကြရတော့တယ်။ ပြီးမှ ခလောက်နို့သားကို ကြံကြံဖန်ဖန် ပြောတတ်ပေတယ်လို့ ချီးမွမ်းပြီး အရှုံးပေးလိုက်ကြတယ်။

Generated by CamScanner from intsig.com

# ဆဒူးဆဟ္ဂ်ီး

၁၉၆၈ ခုနှစ်က ဘားအံမြို့နားက ကမော့ကစင် ရှာသစ်ဘုန်းတော်ကြီးကျောင်းမှာ ရှေးဟောင်းကရင်စာပေနဲ့ ယဉ်ကျေးမှု ဖော်ထုတ်ရေး ဗဟိုကော်မတီ (ဘားအံ) က စာပေနဲ့ ယဉ်ကျေးမှုဆိုင်ရာ နှစ်ပတ်လည်နှီးနှောဖလှယ်ပွဲကြီး ကျင်းပတယ်။ တစ်ပြည်လုံးက ကရင်အမျိုးသား တစ်သောင်းကျော် တက်တဲ့ပွဲပဲ။

အဲဒီ နှီးနှောဖလှယ်ပွဲမှာ ပုဂ္ဂိုလ်တစ်ဦးက ရှေးကရင်အမျိုးသားများရဲ့ ယဉ်ကျေးမှု စာတမ်းတစ်စောင် တင်ပါတယ်။ စာတမ်းအမည်က "ဆဒူးဆဟ္ဂ်ီး" ဖြစ်ပါတယ်။

"ဆဒူးဆဟ္ဂ်ီး" ဆိုတဲ့ ပိုးကရင်ဘာသာစကားကို မြန်မာလို "အရှောင်ပေးခြင်း" လို့ အဓိပ္ပာယ် ပြန်ကြပါတယ်။ တကယ့် အဓိပ္ပာယ် အစစ်ကတော့ "ရှောင်ကြဉ်အပ်တဲ့အရာကို မရှောင်ဘဲ ကျူးလွန်မိရင် တောင်းပန်ရတယ်" လို့ ဖြစ်ပါတယ်။ ဝေါဟာရ တစ်လုံးချင်းကို ပြန်ယူရင် "ဆဒူး" ဆိုတာ "ရှောင်ကြဉ်ခြင်း" ဖြစ်ပြီး၊ "ဆဟ္ဂ်ီး" ကတော့ ကျူးလွန်မိတဲ့အတွက် "တောင်းပန်ခြင်း" ဖြစ်ပါတယ်။

စာတမ်းရှင်က ယဉ်ကျေးခြင်းဆိုတာ ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးတိုင်းကိုယ့်ဓလေ့နဲ့ကိုယ် ရှိနေကြသလို ကရင်အမျိုးသားများမှာလည်း အမျိုးသားယဉ်ကျေးမှုတွေ ရှိပါကယ်။ ဒီယဉ်ကျေးမှုတွေ ပျောက်ကွယ်မသွားအောင် ရှေးကရင်ကြီးများက "အရှောင်သဘော" "ဆဒူးဆဟ္ဂ်ီး" နဲ့ ထိန်းထားကြပါတယ်။

ရှေးကရင်တို့ သိထားတဲ့ ယဉ်ကျေးခြင်းဆိုတာ တစ်ဦးမကြိုက်တာကို တစ်ဦးကမလုပ်ဘဲ စည်းနဲ့ကမ်းနဲ့ နေတာကို ယဉ်ကျေးခြင်းလို့ သိထားကြပါတယ်။ ဒါကြောင့် သူ့စည်းကိုယ့်စည်း ခွဲထားပြီး ရှေးကတည်းက အရှောင်သဘောနဲ့ ထိန်းသိမ်း လာခဲ့ပါတယ်။

Generated by CamScanner from intsig.com

ဒီကနေ့ ကရင်အမျိုးသားတွေအတွက်လည်း အရှောင်သဘော "ဆဒ္ဒးဆဟွိး" ဟာ ရှိသင့်တဲ့ ကျင့်ဝတ်ပါ။ ကရင်အမျိုးသားများ လူမှုဆက်ဆံရေးမှာ အရေးကြီးလှတဲ့ အရှောင်သဘောဆိုတာ အချိန်ကာလနဲ့ အတွေးအခေါ် အတိမ်အနက် ရိုးရာဓလေ့ ယုံကြည်ချက်တွေအရ လိုက်နာ ကျင့်သုံးပုံတွေဟာ တစ်နေရာနဲ့တစ်နေရာ တစ်ဒေသနဲ့တစ်ဒေသ အနည်းအကျဉ်းသာ ကွာခြားပါတယ်။

အရှောင်သဘောရဲ့ ရည်ရွယ်ချက်ဟာ ကျယ်ပြန့် မြင့်မားပါတယ်။ လူမှုရေး၊ စာရိတ္တမြင့်မားရေးကို အခြေခံပြီး တည်ဆောက်ထားတာကြောင့် သာမန်ကာလျှံကာ အပေါ်ယံကလေးကြည့်ပြီး ပယ်လိုက်မယ်ဆိုရင် မသိ မိုက်မဲရာကျပါလိမ့်မယ်လို့ ရှေးလူကြီးများက နောင်လာနောက်သားတွေကို ပြောဆိုဆုံးမခဲ့ပါတယ်။

ဥရောပယဉ်ကျေးမှုမှာ တစ်စုံတစ်ခုသော အမှုအရာ အပြုအမူနဲ့ တစ်ဘက်သားကို နှောင့်ယှက်မိရင် သာမန်အားဖြင့် နှုတ်နှင့် "ဆောရီး" လို့ တောင်းပန်ကြရပါတယ်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုက "ကန်တော့ပါရဲ့ တောင်းပန်ပါတယ်" လို့ မိမိအား ခွင့်လွှတ်အောင် ပြောကြပါတယ်။ ကရင်အမျိုးသားများကလည်း "ကလော်" လို့ တောင်းပန်ကြပါတယ်။

တစ်ဘက်သားကို မတော်တဆကြောင့်ပဲဖြစ်စေ၊ တမင်ဖြစ်စေ နှောင့်ယှက်မိတဲ့အခါ ယဉ်ကျေးခြင်းသဘောအရ တောင်းပန်ရတာဟာ လူမျိုးတိုင်း တစ်သဘောတည်း ဖြစ်တယ်။ ခုလို တောင်းပန်ရတာကို ကရင်အမျိုးသားက နှုတ်ဖြင့် အရှောင်ပေးရတယ်လို့ ခေါ်ပါတယ်။ "ကလော်" ဆိုတဲ့ စကားဟာ ဗမာလို "ကန်တော့ပါရဲ့" နဲ့ အဓိပ္ပာယ် အတူတူဖြစ်ပါတယ်။

ကရင်တို့ရဲ့ အရှောင်သဘောမှာ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးနဲ့ သက်ဆိုင်တယ်။ ကိုယ်ထိလက်ရောက်ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ၊ စိတ်နဲ့ဖြစ်စေ မပြုသင့်မပြုထိုက်၊ မပြောသင့်မပြောထိုက်၊ မကြံသင့်မကြံထိုက်တာတွေကို ပြုမူပြောဆို လုပ်ကိုင်ကြံစည်မိရင် တောင်းပန် ကန်တော့ရတယ်။ ဒါဟာ "ဆဒ္ဒးဆဟွိး" သဘောပဲ ဖြစ်ပါတယ်။

ဖြစ်မှုတွေ ကျူးလွန်မိလို့ "ဆဒ္ဒးဆဟွိး" တောင်းပန် အရှောင်ပေးရပုံများမှာ ရိုးရာမတူလို့၊ အရပ်ဒေသခြားနားလို့၊ အတွေးအခေါ်ကွာခြားလို့ အရှောင်တောင်းပုံချင်းဟာလည်း မတူကြပါဘူး။ အကြမ်းအားဖြင့်တော့ မိမိတို့ ယုံကြည်လက်ခံထားကြတဲ့ ရိုးရာဓလေ့အရ တောင်းခံပုံတွေ မတူဘဲ ရှိနေတတ်ပါတယ်။

Generated by CamScanner from intsig.com

ရိုးရာဓလေ့ ဆိုတာနဲ့ ပတ်သက်ပြီး နည်းနည်းရှင်းဖို့ လိုပါလိမ့်မယ်။ ကရင်အမျိုးသားများဟာ ဘာသာရေးနဲ့ ရိုးရာဓလေ့ ယုံကြည်ချက်တွေကို ရောနှောပြီး မထားကြပါ။ သီးခြား ယုံကြည်ချက်နဲ့ လိုက်နာ ကျင့်သုံးနေကြတာသာ ဖြစ်ပါတယ်။

ဥပမာ ဆိုရင် ကျောင်းဒကာကြီးတစ်ယောက်ဟာ ဗုဒ္ဓဘာသာတရားတော်ကို ယုံကြည်ကိုးကွယ်မှုအဖြစ် အဓိကထားပေမယ့် ရိုးရာယုံကြည်မှုအားဖြင့် တစ်ချို့က ဒုဝေရိုးရာ၊ တချို့က ဝါးဖြစ်နဲ့ရိုးရာ၊ တချို့က ဗားဖော့ရိုးရာ၊ တချို့က ဗာလာရိုးရာ၊ တချို့က ထမောက်ရိုး၊ ၊ စသဖြင့် ရှေးအစဉ်အဆက် ဘိုးဘေးများ လက်ထက်ကတည်းက လက်ခံ ယုံကြည်လာခဲ့ကြတဲ့ ရိုးရာအလိုက် ဘာသာတရားကိုလည်း မပစ်ပယ်ဘဲ လက်ခံကျင့်သုံးခဲ့ကြပါတယ်။ ဒါ့ကြောင့် ရိုးရာ အရှောင်တောင်းပုံမျိုးတွေဟာ သိုးကာသီကာ ကွဲပြားမှု အနည်းအကျဉ်း ရှိနေကြပါတယ်။

မကျူးလွန်သင့်တာတွေ ကျူးလွန်မိလို့ အရှောင်ပေးကြရပုံကို ကရင်အမျိုးသားများရဲ့ ရှေးယဉ်ကျေးမှုထဲမှာ ၄ မျိုး ၄ စား ခွဲထားပါတယ်။

၁။ ပုဂ္ဂလိက တစ်ဦးချင်းနဲ့ ဆိုင်တဲ့အရေး။
၂။ အိမ်ထောင်စု၊ အုပ်စုနဲ့ ဆိုင်တဲ့အရေး။
၃။ ရပ်နဲ့ရွာနဲ့ ဆိုင်တဲ့အရေး။
၄။ မျိုးရိုးနဲ့ ဆိုင်တဲ့အရေး ရယ်လို့ လေးမျိုးလေးစား ခွဲပါတယ်။

(၁) ပုဂ္ဂလိက တစ်ဦးချင်း တစ်ယောက်ချင်းနဲ့ ဆိုင်တဲ့ အရေးဆိုတာ ဘာသာရေးယုံကြည်မှုအရ ကိုယ်ပိုင်ကျင့်သုံးမှု မိမိ၏ ပင်ကိုအထုံဝါသနာကြောင့် သူတစ်ပါးနဲ့မတူ မိမိတစ်ဦးတည်းရဲ့ ဆုံးဖြတ်ချက်နဲ့ ကျင့်သုံးမှုလို့ ရှိပါတယ်။ မိမိကိုယ်ပိုင် ရှောင်ကြဉ်ထားတာကို တစ်စုံတစ်ယောက်ကလည်း ဒီပုဂ္ဂိုလ်ရဲ့ ရှောင်ကြဉ်ထားမှုကို လေးစားရမယ်။ အနှောင့်အယှက်ဖြစ်အောင် မလုပ်ရဘူး။

ပုဂ္ဂလိက ရှောင်ကြဉ်မှုကို အနှောင့်အယှက် မပြုသင့်ဘဲ တစ်ဦးတစ်ယောက်က ဒီ ရှောင်ကြဉ်ရမယ့် အရှောင်သဘောကို ကျူးလွန်မိရင် တောင်းပန်ရတယ်။ အရှောင်ပေးရတယ်။

(၂) အိမ်ထောင်စုအရေးဆိုတာ အိမ်ထောင်စုရဲ့ ဓလေ့ထုံးစံကို ပြစ်မှားခြင်း၊ ပမာမခန့် ပြုခြင်း စတဲ့ သဘောသက်ရောက်တဲ့ နှောင့်ယှက်မှုကို ပြုမိရင်

Generated by CamScanner from intsig.com

ကန်တော့ပြီး အရှောင်ပေးရတယ်။ ဒါကို လျှော်ကြေး အရှောင်ပေးရတယ်လို့လည်း ခေါ်ကြပါတယ်။

(၃) ရပ်နဲ့ရွာနဲ့ ဆိုင်တဲ့အရေးဆိုတာက ရပ်ရွာက စောင့်ထိန်းထားတဲ့ လူမှုရေးနဲ့ စာရိတ္တကို ပျက်ပြားအောင် ပြုမိရင် ရွာကို အရှောင်ပေးရပါတယ်။ ပေးရတဲ့ အရှောင်ကတော့ အပြစ်ဒဏ်ခံရတဲ့ သဘောမျိုးအထိ သက်ရောက်နိုင်ပြီး ကျူးလွန်တဲ့သူကို ရွာက ကြဉ်ထားတဲ့အထိတောင် ကျူးလွန်မှုအတွက် ခံရတတ်ပါတယ်။

(၄) မျိုးရိုးအလိုက် ဆိုင်တဲ့အရေးဆိုတာက တစ်မျိုးသားလုံး လိုက်နာလို့ ကောင်းတဲ့ မိမိတို့အမျိုး ဗျက်စီးပျောက်ကွယ် မသွားစေအောင် ထိန်းသိမ်း စောင့်ရှောက်ရတဲ့ ကိစ္စမျိုး။ လူမျိုးခြားနဲ့ အိမ်ထောင်ပြုတဲ့ ကိစ္စမျိုး။ ဒီကိစ္စတွေကို တိတိကျကျ သတ်မှတ်မထားပေမယ့် အများအားဖြင့် လူမျိုးခြားနဲ့ လက်ထပ်တဲ့ အမျိုးသမီးကို ရေးကဆိုရင် ရွာမှာမထားဘဲ နှင်ပစ်လေ့ ရှိပါတယ်။ ဒါမှမဟုတ်ရင် လည်း အဆက်အဆံမလုပ်ဘဲ ကြဉ်ထားလေ့ ရှိပါတယ်။ ဒါဟာ အရှောင်ဒဏ် ခံရတဲ့ သဘောပဲ။

ဆဒူးဆဟွိုး အရှောင်သဘောရဲ့ မူလရည်ရွယ်ချက်မှာ ကရင်အမျိုးသား တွေဟာ မိမိတို့ ဓလေ့ဘာသာအရ ယဉ်ကျေးခြင်းနဲ့ ပြည့်ဝအောင် ပနက်ချထားတာ ဖြစ်ပါတယ်။ ဒီပနက်ပုံစံအတိုင်း လိုက်နာကြအောင်၊ မကျူးလွန်အောင် စောင့်ရှောက် ထိန်းသိမ်းခြင်း မရှိသူကို မှတ်လောက် သားလောက်အောင် လုပ်တဲ့သဘော ဖြစ်ပါတယ်။

အရှောင်တောင်းလို့ အရှောင်ပေးရတာကတော့ အများအားဖြင့် ပန်း သုံးပွင့် ပယောင်းသုံးတိုင်လောက်နဲ့ ကြေအေးဖို့ တောင်းပန်ရတာသာ ဖြစ်ပါတယ်။ တချို့ကျတော့လည်း ပယောင်းသုံးတိုင် ပန်းသုံးပွင့်အပြင် တရော်ကင်ပွန်းရည်တို့ နနွင်းရည်တို့နဲ့ တောင်းပန်ရတယ်။ တချို့ကျတော့လည်း ပိုက်ဆံ ၅ ပြားက ၅ ပဲ၊ အများဆုံး ၅ မတ်အထိ တောင်းခံကြပါတယ်။ အရှောင်ကို ဒါ့ထက်ပိုပြီး တောင်းလေ့ မရှိခြင်းမှာ သက်ဆိုင်ရာ လူမှုရေးအတွက် ရှောင်သင့်တာကို ကျူးလွန် မိရုံသာဖြစ်လို့ ကြီးလေးတဲ့ ရာဇဝတ်မှုမျိုး မဟုတ်လို့ဖြစ်တယ်။ တကယ်လို့ ကြီးလေးတဲ့ ရာဇဝတ်မှုကို ကျူးလွန်ပါက အပြစ်နဲ့ သင့်တော်တဲ့ တရားဥပဒေ အရ တရားစွဲ ခံရပါမယ်။

Generated by CamScanner from intsig.com

အရှောင် တိုးတောင်းတဲ့လူကရော ပေးတဲ့လူကပါ ရှေး မိဘ ဘိုးဘွား အစဉ်အဆက်က လိုက်နာရတဲ့ ဓလေ့ထုံးစံဖြစ်လို့ ဆိုတာက တစ်ကြောင်း၊ အိမ်ထောင်စုအလိုက်၊ ရပ်ရွာအလိုက် လိုက်နာကြရတဲ့ ထုံးစံတစ်ခုလည်းဖြစ်လို့ တစ်ကြောင်းကြောင့် လူမျိုးခြားပင် ဖြစ်စေကာမူ ကရင်အမျိုးသားများ၏ ရွာမှာ အရှောင်သဘော သက်ရောက်တဲ့ အမှုကို ပြုမိပါက ပြုလုပ်မိတဲ့လူဟာ တောင်းခံတဲ့ အရှောင်ကို ထုံးစံအတိုင်း ပေးကြရပါတယ်။ အရှောင်ပေးရတာဟာ အသေးအဖွဲလို ဟာကလေးကို ကျူးလွန်မိတဲ့အတွက် ပေးဆောင်ရခြင်း ဖြစ်ပေမယ့် ကရင်အမျိုးသားများကတော့ ဒါကို အလေးအနက်ထားပြီး မကျူးလွန်မိအောင် ဂရုတစိုက် ရှောင်ကြပါတယ်။

အရှောင်တောင်းတယ် ဆိုရာမှာ ရိုးရာယုံကြည်မှု ကွဲပြားသလို တောင်းပုံမှာလည်း ခြားနားပါတယ်။

ဥပမာ ဒုဝေရိုးရာလက်ခံကျင့်သုံးတဲ့ အိမ်ပေါ်ကို ဒုဝေရိုးရာက ကြပ်တည်းစွာ ပညတ်ထားတဲ့ အရက်သေစာ မတင်ရ။ အိမ်ပေါ်မှာ ကြက်တို့ ဝက်တို့ မသတ်ရလို့ ရှိတာကို မရှောင်ကြဉ်ဘဲ အရက်ပုလင်း အိမ်ပေါ် ယူတင်တာတို့၊ အိမ်ပေါ်မှာ ကြက်သတ်မိတာတို့ လုပ်မိရင် အိမ်ရှင်က အရှောင်တောင်းပါတယ်။ တောင်းတဲ့ အရှောင်ဟာလည်း တစ်ဘက်သား နစ်နာအောင် များများစားစား မဟုတ်ပါဘူး။ ဖယောင်းတိုင်နဲ့ နနွင်းရည်နဲ့ မိမိမှားမိတဲ့အတွက် ဝန်ချတောင်းပန်နိုင်းခြင်းသာ ဖြစ်ပါတယ်။

သက္ကရာဇ် ၁၁၀၀ ကျော်လောက်က ဖွဲကပင်တောင်ခြေက ကရင်တို့ဒေသမှာ (ဒုဝေဂိုဏ်း) ဓုဝံသာသနာကို စတင်တည်ထောင်တဲ့ ကိုရင်ကြီး ရှင်ဓုဝံရဲ့ ရည်ရွယ်ချက်ကိုကြည့်ရင် ဒုဝေဂိုဏ်းဟာ သီးခြားကရင်ရိုးရာ ဓလေ့တစ်ခုလို့ မသတ်မှတ်နိုင်ပါဘူး။ ဓုဝံဆရာရဲ့ အဓိက ဦးတည်ချက်မှာ ဂိုဏ်းဝင်ဖြစ်လာဖို့ အတွက် -

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ

လို့ ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုရပါကယ်။

Generated by CamScanner from intsig.com

ဒီလုပ်ရပ်ကို ကြည့်ရင် ဒုဝေရိုးရာရယ်လို့ သီးခြား ရိုးရာတစ်ခု ဖြစ်မနေဘဲ အသေးအသားနဲ့ ယဇ်နတ်ပူဇော်တဲ့ အလေ့ပျောက်ပြီး လူတွေကို ဗုဒ္ဓဘာသာအဖြစ် သွတ်သွင်းတဲ့ လုပ်ရပ်လို့ သတ်မှတ်သင့်ပါတယ်။ "ဒုဝံ" ဆိုတဲ့ ဝေါဟာရကို ကရင်အမျိုးသားများက မပီသလို့ "ဒုဝေ" ဖြစ်နေတာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေက အကုသိုလ်ပွားစေတတ်တယ်လို့ ယူဆကြတဲ့ ကြက်၊ ဝက် မွေးမြူ သတ်ဖြတ်တာတွေ၊ အရက်သေစာ ချက်ရောင်းချတာတွေကို မလုပ်ရအောင် ရှင်ဒုဝံက သူ့လူတွေကို အထူးပညတ်ထားပါတယ်။ ငါးပါးသီလ မြဲကြဖို့လည်း ညွှန်းဆိုထားပါတယ်။ ဒုဝံဆရာရဲ့ သာသနာရေးဂိုဏ်းဟာ နှစ်တွေကြာလာတော့ ရိုးရာရယ်လို့ ခွဲလာကြတယ်။ နောက်ပေါ် ဂိုဏ်းဆရာကြီးတွေကလည်း လာဘ်လာဘမျှော်ကိုးလာပြီး ဗေဒင်ဟောတာတို့ ယတြာချေတာတို့ပါ တွဲကာ စိတ်ကူးရာရာ လျှောက်လုပ်နေကြတော့ အခုတွေ့မြင်နေကြရတဲ့အတိုင်း ဒုဝေဂိုဏ်းချုပ်နဲ့ ဒုဝေရိုးရာရယ်လို့ အခြေစိုက်လာတာပါ။

ဒုဝေ (ရိုးရာ) ဂိုဏ်းဝင်တွေဟာ အစဉ်အဆက်က ချမှတ်ထားတဲ့ စည်းကမ်းချက်အတိုင်း လိုက်နာနေကြတာကို တစ်ခုံတစ်ဦးက ဒိပုဂ္ဂိုလ်တွေရဲ့ စည်းကမ်းကို မသိလို့ဖြစ်စေ၊ သိပါလျက် သတိမေ့လို့ဖြစ်စေ၊ တမင်ပဲဖြစ်ဖြစ် ကျူးလွန်မိရင် ကျူးလွန်တဲ့လူကို အရှောင်တောင်းကြပါတယ်။ တခြားသော ဝါးဖြန့်ရိုးရာ၊ ပါလာရိုးရာ၊ ထမောက်ရိုးရာ စတဲ့ တုတ်နဲ့ဆိုင်တဲ့ ရိုးရာသမားများကလည်း သူတို့ရဲ့ ရိုးရာအလိုက် အရှောင်တောင်းကြတာပဲ။

ဒီလို တောင်းကြတဲ့ အရှောင်သဘော "ဆဒ္ဒးဆဟ္မိး" မှာ အတူတူလို ဖြစ်နေကြတာကတော့ –

မိမိနေတဲ့အိမ်ကို လူတစ်ယောက်က လှည်းမောင်းလာရင်း လှည်းဝင်ရိုးနဲ့ အိမ်တိုင်ကို၊ ဒါမှမဟုတ် ခြံစည်းရိုးကို၊ ဒါမှမဟုတ် စပါးကျီကို၊ ဒါမှမဟုတ် နတ်စားဖို့ သီးခြားဆောက်ထားတဲ့ အိမ်ငယ်ကလေးကို ဝင်တိုက်မိရင် လှည်းမောင်းလာသူက အိမ်ရှင်ကို အရှောင်ပေးရပါတယ်။

တစ်စုံတစ်ယောက်က အမှတ်မဲ့ တုတ်နဲ့၊ ဒါမှမဟုတ် ခဲနဲ့ပစ်လိုက်လို့ အိမ်ရဲ့အကာအရံ၊ ဒါမှမဟုတ် အိမ်ထောင်စုရဲ့ အဆောက်အအုံ တစ်ခုခုကို ထိခိုက်ရင် ဒီလူက အိမ်ရှင်ကို အရှောင်ပေးရတယ်။

Generated by CamScanner from intsig.com

တစ်စုံတစ်ယောက်က အိမ်ပေါ်ကနေပြီး အိမ်ရှင် မကြိုက်တဲ့ အပေါ့စွန့်ချတာတို့၊ ကျင်ကြီးစွန့်ချတာတို့ လုပ်မိရင်လည်း အိမ်ရှင်ကို အရှောင်ပေးရတယ်။

တစ်စုံတစ်ယောက်က လှေကားရှိပါလျက် လှေကားက မဆင်းဘဲ အိမ်ပေါ် တစ်နေရာရာက ခုန်ဆင်းရင် အရှောင်ပေးရတယ်။

တစ်စုံတစ်ယောက်က အိမ်ရှင်ရှိပါရက်ကနဲ့ အိမ်ရှင်ကို မပန်ကြားဘဲ အိပ်ခန်းထဲကို ဝင်မိရင် အိမ်ရှင်ကို အရှောင်ပေးရလိမ့်မယ်။ အကြောင်းမှာ ဒီလိုဟာ အိမ်ရှင်ကို ပမာမခန့်ပြုတာရယ်၊ စည်းကမ်းမဲ့တာရယ်၊ လူကောင်းသူကောင်းရဲ့ အမူအရာမဟုတ်ဘဲ လူဆိုးသူခိုးတို့ရဲ့ အမူအရာပြစ်တာကြောင့် ဒီလို့ဆိုက အရှောင်တောင်းရတာ ဖြစ်တယ်။

တစ်စုံတစ်ယောက်က သူတစ်ပါးအိမ်ကို ရောက်တဲ့အခါ လက်အငြိမ်မနေနိုင်တဲ့အတွက် အမှတ်တမဲ့ပဲဖြစ်စေ ပါလာတဲ့ဓားနဲ့ အိမ်တိုင်တို့၊ အိမ်ခါးပန်းတို့ကို ခုတ်ထစ်မိရင် အရှောင်ပေးရတယ်။

အခုလို အရှောင်တောင်းလို့ အရှောင်ပေးရတာကတော့ အများဆုံး အသပြာငွေ ၅ ပဲလောက် ဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကို လှည်းနဲ့တိုက်မိလို့ ပေးရတဲ့အရှောင်ကတော့ အပျက်အစီးများရင် များသလောက် အရှောင်နဲ့လျော်ကြေးပါ တန်ရာတန်ကြေး ပေါင်းပြီး ပေးရပါတယ်။

အရှောင်ပေးရတဲ့အခါမှာ ဒုဝေရိုးရာနဲ့ တခြားရိုးရာရှိတဲ့ လူတွေကို ပေးရတာက များများစားစား မဟုတ်ပေမယ့် ထမောက်ရိုးရာသမားများကိုတော့ ငွေ ၅ မတ်အထိ ပေးရတတ်ပါတယ်။

အပြန်အလှန် အရှောင်ပေးရတဲ့ သဘောများလည်း ရှိပါသေးတယ်။ တစ်စုံတစ်ယောက်က အိမ်တစ်အိမ်ကို သွားလည်တဲ့အခါ လှေကားအတက်မှာ လှေကားထစ် ကျိုးကျသွားပါက (ဒီလို့ကြောင့်ပဲ ကျိုးစေဦး) အိမ်ရှင်က လှေကားပျက်စီးသွားလို့ အရှောင်တောင်းရမယ့်အစား လှေကားကတက်လာတဲ့ ဧည့်သည်ကို ပြန်ပြီး အရှောင်ပေးရပါတယ်။ ပေးရတဲ့ အရှောင်ကတော့ ကွမ်းတစ်ယာနဲ့ ရေတစ်မှုတ်ပဲ။

သဘောကတော့ ကရင်အမျိုးသားများဟာ ကိုယ့်အိမ်ကို အလည်အပတ်ရောက်လာတဲ့ ဧည့်သည်များအား ဘယ်လိုမှ အနှောင့်အယှက် မဖြစ်စေရ။ ချစ်ခင် မြတ်နိုးရမယ်၊ ပြုစုရမယ်၊ သည်းခံရမယ်၊ လာရောက်တဲ့ဧည့်သည်ဟာ

Generated by CamScanner from intsig.com

မင်္ဂလာနဲ့ပြည့်စုံပြီး အကျိုးဆောင်မည့် ညှိကောင်း စောင်ကောင်း ဖြစ်နိုင်တယ်။ ဒီလို အိမ်ပေါ်အတက် လှေကားကျိုးကျသွားတယ်ဆိုရင် မင်္ဂလာနဲ့ပြည့်စုံတဲ့ ညွှန်ကို စော်ကားရာကျတယ်။ မိမိအိမ်ကို ဂရုတစိုက် မပြုပြင်လို့ မဖြစ်သင့်တာတွေ ဖြစ်ရတယ်။ ဒါ့ကြောင့် အိမ်ရှင်က မိမိချွတ်ယွင်းချက်ကို ဝန်ခံတဲ့အနေနဲ့ နောင်အခါ ညှိသည်ကို အနှောင့်အယှက်မဖြစ်အောင် ပြုမူဆောင်ရွက်ပါမယ်၊ ညှိသည် ချမ်းချမ်းသာသာ တက်လာနိုင်အောင် အိမ်ရဲ့အစိတ်အပိုင်းဖြစ်တဲ့ လှေကားကို ကောင်းကောင်းမွန်မွန် ပြင်ဆင်ပြီး ဂရုတစိုက် ထားပါ့မယ် ဆိုတဲ့ သဘောနဲ့ ညှိသည်ကို အရှောင်ပေးတာ ဖြစ်ပါတယ်။

ညှိသည်က လှေကားအတက်မှာ မဟုတ်ဘဲ လှေကားအဆင်းမှာ လှေကား ကျိုးကျသွားပါက ညှိသည်က အိမ်ရှင်ကို အရှောင်ပေးရပါတယ်။ ဒါလည်း များများစားစား မဟုတ်ဘူး၊ ကွမ်းတစ်ယာ ရေတစ်မှုတ်ပဲ။

သဘောက ညှိသည်ဟာ အိမ်ရှင်ကို ကျောခိုင်း ဆင်းသွားပြီ ဖြစ်လို့ ကျန်ရစ်ခဲ့တဲ့ အိမ်ရှင်ရဲ့ ညှိသည် မဟုတ်တော့ဘူး။ ဒါ့ကြောင့် ညှိဝတ်ပြုဖို့လည်း မလိုတော့ဘူး။ သူဟာ အိမ်ရဲ့ အစိတ်အပိုင်းတစ်ခုကို ပျက်စီးအောင်ပြုသကဲ့သို့ ဖြစ်ပေမယ့် မူလက ညှိသည်ဖြစ်ခဲ့တာကို ငဲ့ညှာတဲ့သဘောနဲ့ ဖယောင်းတိုင် အခရိုတဲ့ အရှောင်မျိုးကို မတောင်းတော့ဘဲ ကွမ်းတစ်ယာ ရေတစ်မှုတ် အရှောင်ကိုသာ တောင်းရတာ ဖြစ်တယ်။

ရွာအလိုက် အရှောင်ပေးရတာမျိုးက မိန်းကလေးတစ်ဦးဟာ တိတ်တဆိတ် အမှားအယွင်းဖြစ်ပြီး ကိုယ်လေးလက်ဝန်ရှိလို့ တခြားလူကို အသိမပေးဝံ့တဲ့အချိန်မှာ အိမ်တစ်အိမ်ကို တက်မိရင် နောင် သူ့ပုံးကွယ်ထားတဲ့ကိစ္စ ပေါ်လာတဲ့အခါ တက်မိတဲ့အိမ်ရှင်ကို အရှောင်ပေးရပါတယ်။

မိန်းကလေးဟာ လူသိသူသိမခံဝံ့တဲ့ ကိုယ်ဝန်နဲ့ အိမ်တစ်အိမ်ကို တက်မိပြီးနောက် ခိုးရာလိုက်ပြေးလို့ဖြစ်ဖြစ်၊ လက်ထပ်ပြီး တစ်ရပ်တစ်ကျေးကို ရောက်နေတာပဲဖြစ်ဖြစ် လင်ကောင်ပေါ်လာတဲ့အခါ ပြန်လာပြီး ကိုယ်ဝန်ရှိစဉ်က တက်မိတဲ့အိမ်ကို အရှောင်ပေးရပါတယ်။

မိဘဆွေမျိုးတွေမသိဘဲ အမှားအယွင်းဖြစ်လို့ ကိုယ်လေးလက်ဝန် ရှိလာမယ်ဆိုရင် ရှေးက ဒီမိန်းကလေးကို အကျင့်ပျက်မ၊ လော်လည်ဖောက်ပြားသူလို့ ယူဆပြီး တက်မိတဲ့အိမ်ကို အရှောင်ပေးရတဲ့အပြင် ရွာနဲ့ဆိုင်တဲ့အရေး ဖြစ်တဲ့

Generated by CamScanner from intsig.com

အတွက် ဒီမိန်းကလေးကို ရွာပြင်မှာ ရက်အပိုင်းအခြားနဲ့ နေစေဆိုတဲ့ ရွာရဲ့ အရှောင် တောင်းတာမျိုးလည်း ရှိပါတယ်။

မိန်းကလေးဟာ လူမသိစေလိုတဲ့ ကိုယ်ဝန်နဲ့ သူ့ဘယ်အိမ်ကို တက်မိမှန်း မသိဘူးလို့ တက်တဲ့အိမ်ကို မမှတ်မိရင် ရွာမိ ရွာဖပြစ်တဲ့ လူကြီးတွေကို သွားရောက်ကန်တော့ပြီး ဝန်ချတောင်းပန်ရတဲ့ အရှောင်ပေးရတယ်။

ဒီနေရာမှာ မိန်းကလေးတစ်ဦးတည်းကိုသာ ကွက်ပြီး အရှောင်တောင်းခြင်း မဟုတ်ဘူး၊ လင်မယားဖြစ်လာတဲ့ နှစ်ယောက်စလုံးကို အရှောင်တောင်းတာဖြစ်တယ်။

လူမျိုးအလိုက် အရှောင်တောင်းတယ်ဆိုတာက ကရင်အမျိုးသမီးတို့ဟာ ဘာသာခြား လူမျိုးခြားနဲ့ အိမ်ထောင်မပြုကြဖို့ အစဉ်အဆက်က တားမြစ်ထားပါတယ်။ လူမျိုးခြားနဲ့ အိမ်ထောင်ပြုပါက အဲဒီအိမ်ထောင်ကို ကရင်အုပ်စုဝင်လို့ အသိအမှတ် မပြုကြဘဲ ဝိုင်းပယ်တဲ့ အရှောင် ဒဏ်ခတ်ကြတယ်။ ဒီအမျိုးသမီးကို တစ်ရွာလုံးက အပေါင်းအသင်းမလုပ်ဘဲ ကြဉ်ထားမယ်၊ ပထားမယ်လို့ ဆိုလိုပါတယ်။

အစုဖော်ပြတဲ့ အရှောင်သဘောတွေကို ခြုံကြည့်ရင် ယဉ်ကျေးတဲ့ လူ့ကျင့်ဝတ်ကို ရိုးရိုးသားသား ကျင့်ကြအောင် လူမှုဆက်ဆံရေးမှာ သင့်တော်ကောင်းမွန်ပြီး စာရိတ္တကြံ့ခိုင်ရေးအတွက်လည်း လိုက်နာဖွယ်ရာ ဖြစ်နေတာတွေကို မြင်နိုင်ပါလိမ့်မယ်။

"ဆဒူးဆဟွီး" ကို လိုက်နာကြတဲ့အတွက် တစ်ဦးမနှစ်သက်တာကို တစ်ဦးက မလုပ်ဘဲနေခြင်းဖြစ်တဲ့ လူ့အပေါင်းအသင်း ဆက်ဆံရေး ကျင့်ဝတ်ဟာ အလိုလို အကျုံးဝင်သွားပါတယ်။

အရှောင်သဘောကို လေးစားပြီး ရှောင်ကြဉ်သင့်တာကို ရှောင်ကြဉ်ကြလို့ စာရိတ္တကအစ မိမိကိုယ်ကို ထိန်းသိမ်းနိုင်ပြီး ယဉ်ကျေးဖွယ်ရာနဲ့ ပြည့်စုံတဲ့ အကျိုးကျေးဇူးတွေ ပေါ်ထွန်းလာနိုင်တာကြောင့် ကရင်တို့ရဲ့ ရှေးရိုးရာ ယဉ်ကျေးမှု အစစ်ကြီးဖြစ်တဲ့ "ဆဒူးဆဟွီး" ရှောင်သဘောကို လက်ခံကျင့်သုံးပြီး အမျိုးသားဂုဏ်ကို စောင့်ရှောက်ကြပါ" လို့ ဆွေးနွေးသွားတယ်။

ခုလို စာတမ်းဖတ်ပြီး ဆွေးနွေးလာတော့ အခမ်းအနားမှူးက "အရှောင်သဘောအကြောင်းကို ဆွေးနွေးဖို့ ပုဂ္ဂိုလ်များရှိရင် စင်ပေါ်ကို ကြွပါ" လို့ ဖိတ်ခေါ်လိုက်တယ်။

Generated by CamScanner from intsig.com

ဒီတင် ခလောက်နို့သား အဘိုးအို ဦးကြာဖော်ယာ ရင်ကိုကော့ပြီး စင်ပေါ်တက်သွားတယ်။ အသံချဲ့ခွက်ရှေ့မှာ ရပ်မိတော့ သူက "အရှောင်သဘော ဆဒ္ဒးဆဟ္ဗိုး စာတမ်းဟာ မပြည့်စုံသေးပါဘူး။ စာတမ်းရှင်က သူတစ်ပါးအိမ်ကို ရောက်တဲ့အခါ လက်အငြိမ်မနေနိုင်ဘဲ စားနဲ့အိမ်ကိုပြစ်ပြစ်၊ အိမ်ခါးပန်းကိုပြစ် ပြစ် စားနဲ့ခုတ်ရင် အရှောင်ပေးရတယ်လို့ ဆိုပါတယ်။ ကျွန်တော်က အရှောင် တစ်ခု ထပ်ပြီး ထည့်စေချင်ပါသေးတယ်။ အိမ်ကိုလာလည်တဲ့ ဧည့်သည်ဟာ အိမ်ပေါ်မှာ တစ်ဒေါက်ဒေါက်နဲ့ ဆေးတံမခေါက်ရပါဘူး။ ဒီလို ဆေးတံခေါက်ပြီး ပြာတွေ ချွေထုတ်တာဟာ အိမ်ရှင်အဖို့ တံမြက်စည်းလှည်းရတဲ့ဒုက္ခ အင်မတန် ကြီးပါတယ်။ အရှောင်ပေးသင့်ပါတယ်။ အဲဒါတစ်ခု ထပ်ထည့်ပါ" လို့ ပြောပြီး ဆင်းသွားပါတယ်။

ပရိသတ်က "ခလောက်နို့သားကွ" လို့ ဝိုင်းအော်ပြီး ဩဘာလက်ခုပ် ပေးလိုက်ကြပါတယ်။

ခလောက်နို့သားရဲ့ သတ္တိဟာ ခုလိုအရေးကြီးတဲ့လူတွေနဲ့ သောင်းကျော် ပရိသတ်ရှေ့မှာလည်း ကိုယ့်ထင်မြင်ချက်ကို ဖွင့်ပြီး ပြောရဲပါတယ်။

Generated by CamScanner from intsig.com